


# မကြားရာသည် ရှေ့နေရှေ့ရပ်

ဦးကျော်ဇေယျ

တအုပ်စာတမ်း တနယ်ငင်း ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၄၀၁၂၄၃၁၁၁၀
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၄၀၁၂၅၆၁၁၁၀
ပုံနှိပ်ခြင်း - ပထမအကြိမ်
အုပ်ရေ - ၅၀၀
ထုတ်ဝေသည့်ကာလ - ၂၀၁၀ ပြည့်နှစ်၊ ဇီဇင်ဘာလ
မျက်နှာဖုံးဒီဇိုင်း - ဇော်မောင်
ရောင်းဈေး - ၂၅၀၀ ကျပ်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
စာပေလောကပုံနှိပ်တိုက်၊ ဒေါ်ခင်လှ (၀၁၅၇၈)
အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ထုတ်ဝေသူ - ဦးကျော်ဝေယျ
စကားပြောနေသူများစာပေ (၀၃၀၄)
အမှတ် (၁၂၄)၊ အခန်း (၁၀)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့

ကျော်ဝေယျ ဦး ၃၂၈
မကြားရာသည် ရှေနေရှေ့ရှပ်၊ ဦးကျော်ဝေယျ - ရန်ကုန်
စကားပြောနေသူများစာပေ၊ ၂၀၁၀
၁၃၉ စာ ၁၄ × ၂၂ စင်တီမီတာ
(၁) မကြားရာသည်ရှေနေရှေ့ရှပ်

ဦးကျော်ဝေယံ၏ထုတ်ဝေပြီးသောဥပဒေစာအုပ်များစာရင်း


၁။ ပြည်သူကြားကရှေ့နေ ၁၉၈၁
၂၁၇/၈၁

၂။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၃(ပထမအကြိမ်)
အသက်မွေးမှုပညာ (မြစ်မှုပိုင်း)
၀၄၉၅/၈၃

၃။ ရှေ့နေစကား ရှေ့နေနား ၁၉၈၄
၁၅၇၀/၈၄

၄။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၄
အသက်မွေးမှုပညာ (တရားမပိုင်း)
၁၉၂၈/၈၄

၅။ အမွေဥပဒေများ ၁၉၈၅
၀၆၆/၀၅

၆။ ရောင်းသူဝယ်သူများနှင့်သက်ဆိုင်သော
ဥပဒေ ၁၉၈၅(ပထမအကြိမ်)
၃၁၈/၀၅

၇။ ရှေ့နေရှေ့ရပ်အလုပ်သင်နှင့် ၁၉၈၆ (ဒုတိယအကြိမ်)
အသက်မွေးမှုပညာ (မြစ်မှုပိုင်း)
၇၀၀/၈၆

၈။ ဥပဒေပြဿနာဥာဏ်စမ်းပုစ္ဆာများ ၁၉၈၆
၅၇၄၅/၈၆

၉။ မြန်မာပြည်မှာရှေ့နေလိုက်ကြသည်နှင့် ၁၉၈၇
အခြားကဏ္ဍများ
၁၇၂၂/၈၇

၁၀။ လိုတိုရှင်း ရှေ့နေပညာ ၁၉၈၇
၁၉၃/၈၇

၁၁။ အမွေဆက်ခံခြင်းအက်ဥပဒေ ၁၉၈၈ (ပထမအကြိမ်)
**The Succession Act**
၃၉/၈၈(၁)

၁၂။ မြန်လှန်စစ်မေးခြင်းပညာ ၁၉၉၀ (ပထမအကြိမ်)
၃၅၃/၉၉(၈)
**The Art of Cross-Examination**

| | | |
|---|---|---|
| ၁၃။ | ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ<br>၂၂/၉၀(၄) | ၁၉၉၁<br>(ပထမအကြိမ်) |
| ၁၄။ | ရောင်းသူဝယ်သူများနှင့်သက်ဆိုင်သော<br>ဥပဒေ | ၁၉၉၂<br>(ဒုတိယအကြိမ်) |
| ၁၅။ | ပေါင်နှံချေးယူငှားရမ်းသူများနှင့်<br>သက်ဆိုင်သောဥပဒေ<br>၄၈/၉၂(၁၁) | ၁၉၉၃ |
| ၁၆။ | ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ<br>၉/၉၃(၁) | ၁၉၉၃<br>(ဒုတိယအကြိမ်) |
| ၁၇။ | အိမ်မြေတိုက်တာရှိသူများနှင့်<br>သက်ဆိုင်သောပြဋ္ဌာန်းချက်များ<br>၃၅၀/၉၃(၁၂) | ၁၉၉၃(ပထမအကြိမ်) |
| ၁၈။ | အခွန်ဆောင်ကြရမည့်သူများနှင့်<br>သက်ဆိုင်သော ပြဋ္ဌာန်းချက်များ<br>၅၂၇/၉၃(၁၂ | ၁၉၉၄ |
| ၁၉။ | တချစ်အမျိုးမျိုးချစ်ဆိုနေကြသူများနှင့်<br>သက်ဆိုင်သော ပြဋ္ဌာန်းချက်များ<br>၃၁၃/၉၄(၆) | ၁၉၉၄ |
| ၂၀။ | ကုန်သည်ပွဲစားလုပ်ကိုင်ကြမည့်သူများနှင့်<br>သက်ဆိုင်သော ပြဋ္ဌာန်းချက်များ<br>၁၄၇/၉၅(၇) | ၁၉၉၅ |
| ၂၁။ | ကိုယ်စားလှယ်လွှဲသူ၊ ကိုယ်စားလှယ်<br>အလွှဲခံရသူများနှင့် သက်ဆိုင်သော<br>ပြဋ္ဌာန်းချက်များ<br>၄၀၇/၉၅(၇) | ၁၉၉၅<br>(ပထမအကြိမ်) |
| ၂၂။ | အမွေဆက်ခံကြမည့်သူများနှင့်<br>သက်ဆိုင်သော ပြဋ္ဌာန်းချက်များ<br>၆၂၁/၉၅(၁၀) | ၁၉၉၅(ပထမအကြိမ်) |
| ၂၃။ | စည်ပင်သာယာအများဆိုင်ရာကိစ္စများ<br>၆၅၁/၉၅ (၁၀) | ၁၉၉၆ |

၂၄။ အမှုအခင်းဖြစ်လျှင် မိသားစုဝင် ၁၉၉၆
အတိုင်ပင်ခံရှေ့နေ
၃၅/၉၆(၁)

၂၅။ ဥပဒေဝေါဟာရပေါင်းချုပ် ၁၉၉၆
၁၆၅/၉၁(၅)

၂၆။ ကုန်သွယ်မှုစာချုပ်အမျိုးမျိုး၊ ၁၉၉၇
ချုပ်ဆိုကြသူများနှင့် သက်ဆိုင်သော (ပထမအကြိမ်)
ပြဋ္ဌာန်းချက်များ
၈၄၂/၉၆(၁၁)

၂၇။ အမျိုးသားရေးတွင် တာဝန်ကျေခဲ့သော ၁၉၉၇
တရားရုံးဆိုင်ရာ ဆုံးဖြတ်ချက်များ
၅၃၇/၉၇(၇)

၂၈။ စာချုပ်ချုပ်မည်ဆိုလျှင် ၁၉၉၈
ဆောင်ရန်နှင့်ရှောင်ရန်များ
၇/၉၈(၁)

၂၉။ စာချုပ်စာတမ်းရေးစွဲမှတ်ပုံတင်ခြင်း၊ ၁၉၉၈
ဆိုင်ရာကိစ္စများ
၃၇၂/၉၈(၈)

၃၀။ အမွေဆက်ခံကြမည့်သူများနှင့် ၁၉၉၉(ဒုတိယအကြိမ်)
သက်ဆိုင်သော ပြဋ္ဌာန်းချက်များ
၇၄၀/၉၈(၁၂)

၃၁။ အိမ်မြေတိုက်တာရှိသူများနှင့် ၁၉၉၉(ဒုတိယအကြိမ်)
သက်ဆိုင်သော ပြဋ္ဌာန်းချက်များ
၇၃/၉၉(၁)

၃၂။ ဥပဒေဗဟုသုတပြဿနာအဖြေများ
၈၈/၉၉(၂)

၃၃။ အမွေဆက်ခံခြင်းအက်ဥပဒေ ၁၉၉၉(ဒုတိယအကြိမ်)
**The Succession Act**
၇၆/၉၉ (၁)

၃၄။ စာချုပ်ချုပ်မည်ဆိုလျှင် ၁၉၉၉
ဆောင်ရန်နှင့်ရှောင်ရန်များ(ဒုတိယတွဲ)
၁၃၉/၉၉(၂)

| | | |
|---|---|---|
| ၃၅။ | တချဉ်နှင့်ကျွန်ဝ်ဏ်အမှုသည်များ<br>၁၀၄/၉၉(၂) | ၁၉၉၉ |
| ၃၆။ | အမှုအခင်းရှေ့နေနှင့် တရားခွင်ဟာသများ<br>၉၅၄/၉၉(၁၀) | ၁၉၉၉ |
| ၃၇။ | ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များ<br>**The Interpretation of Law**<br>၇၈၉/၉၉(၁၀) | ၂၀၀၀ |
| ၃၈။ | မြန်မာအမျိုးသမီးများဆိုင်ရာ<br>ဥပဒေအခွင့်အရေးဆွေးနွေးချက်များ<br>၇၆၈/၂၀၀၀(၉) | ၂၀၀၀ |
| ၃၉။ | **Family Tree**<br>ဆွေမျိုးဉာတကာမှတ်တမ်းလွှာ<br>ဆွေစဉ်မျိုးဆက်ပြဇယား<br>၇၃၂/၂၀၀၀(၉) | ၂၀၀၀ |
| ၄၀။ | ဥပဒေသမား လက်စွဲကား<br>၈၈၇/၂၀၀၀(၁၀) | ၂၀၀၁ |
| ၄၁။ | စီးပွားရေးလုပ်ငန်းရှင်လက်စွဲ - ၁<br>၅၈၆/၂၀၀၀(၇)<br>၃၈၀/၂၀၀၁(၅) | ၂၀၀၁ |
| ၄၂။ | အိမ်ရှင်အိမ်ငှားအကြောင်း၊<br>သိကောင်းစရာဆွေးနွေးချက်များ<br>၃၈၀/၂၀၀၁(၅) | |
| ၄၃။ | ရောင်းသူဝယ်သူများနှင့်<br>သက်ဆိုင်သောဥပဒေ<br>၇၇၇/၂၀၀၁(၈) | ၂၀၀၁(တတိယအကြိမ်) |
| ၄၄။ | ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာဥပဒေ<br>၁၁၆၁/၂၀၀၁(၁၁) | ၂၀၀၂<br>(တတိယအကြိမ်) |
| ၄၅။ | မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ<br>**The Myanmar Companies Acts**<br>(မူရင်းအင်္ဂလိပ်ဘာသာနှင့်အတူ မြန်မာဘာသာပြန်)<br>၇၉/၂၀၀၂(၁) | ၂၀၀၂ |
| ၄၆။ | စီးပွားရေးလုပ်ငန်းရှင်လက်စွဲ (၂)<br>၄၅/၂၀၀၂(၁) | ၂၀၀၂ |

၄၇။ ဥပဒေရေးရာဝေါဟာရအဘိဓာန်
၅၁၃/၂၀၀၂(၆)
၄၈။ မြို့တော်ဥပဒေ ၂၀၀၂
၄၈၇/၂၀၀၂(၉)
၄၉။ ကုန်သွယ်မှုစာချုပ်အမျိုးမျိုး ၂၀၀၂(ဒုတိယအကြိမ်)
ချုပ်ဆိုကြသူများနှင့်သက်ဆိုင်သော
ပြဋ္ဌာန်းချက်များ
၇၆၂/၂၀၀၂(၈)
၅၀။ အင်္ဂလိပ်ဘာသာဖြင့် စာချုပ်ရေးနည်းနမူနာများ
၉၃၁/၂၀၀၂(၁၀)
၅၁။ **The Myanmar Copyright Act** ၂၀၀၃
မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ
(မူရင်းအင်္ဂလိပ်ဘာသာနှင့်အတူ မြန်မာဘာသာပြန်)
၂၀၄/၂၀၀၃(၃)
၅၂။ လက်ဝယ်ရှိခြင်း ၂၀၀၃
၃၅၃/၂၀၀၃(၄)
၅၃။ စက်ရုံအလုပ်ရုံများ၊ ဆိုင်များ၊ အလုပ် ၂၀၀၃
ဌာနများနှင့် အလုပ်သမားဥပဒေများ
အကြောင်းသိကောင်းစရာ
၃၂၉/၂၀၀၃(၄)
၅၄။ ကိုယ်စားလှယ်လွှဲသူ၊ ကိုယ်စားလှယ် ၂၀၀၃
လွှဲအပ်ခြင်းခံရသူများနှင့်သက်ဆိုင်သော (ဒုတိယအကြိမ်)
ပြဋ္ဌာန်းချက်များ
၃၄၂/၂၀၀၃(၄)
၅၅။ ပြန်လှန်စစ်မေးခြင်းပညာ ၂၀၀၃(ဒုတိယအကြိမ်)
၇၁၂/၂၀၀၃(၈)
၅၆။ အတိုင်ပင်ခံရှေ့နေ-၂ ၂၀၀၀၃
၇၂၅/၂၀၀၃(၈)
၅၇။ သမားစဉ်စစ်မေးနည်းပရိယာယ်ရက်ရှယ်နည်း
တရားခွင်ပညာ ၂၀၀၃
၈၈၁/၂၀၀၃(၈)

၄၈။ ဝယ်ရောင်းကားနှင့်တည်ဆဲဥပဒေ
၁၀၀၁/၂၀၀၃ (၁၀) ၂၀၀၃
၄၉။ အမှုသည်များလက်စွဲ ၂၀၀၄
၁၀၄၄/၂၀၀၃(၁၀)
၆၀။ မြစ်မှုဆိုင်ရာဥပဒေ ၂၀၀၄
(ရာဇသတ်ကြီးအဘိဓါန်)
၂၄၄/၂၀၀၄(၃)
၆၁။ အစုစပ်လုပ်ငန်းအက်ဥပဒေ ၂၀၀၄
The Partnership ACT
၄၁၄/၂၀၀၄(၅)
၆၂။ ရုံးခွန်တော်အက်ဥပဒေ Court Fees Act ၂၀၀၄
နှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ
Myanmar Stamp ACT
၄၄၇/၂၀၀၄(၅)
၆၃။ ကာလစည်းကမ်းသတ်ဥပဒေ ၂၀၀၄
Limitation ACT
၈၀၂/၂၀၀၄(၈)
၆၄။ တရားမကျင့်ထုံးဥပဒေပါ နောက်ဆက်တွဲ ၂၀၀၄
ပုံစံများနှင့် မြစ်မှုကျင့်ထုံးနောက်ဆက်တွဲပုံစံများ
၈၂၅/၂၀၀၄(၈)
၆၅။ မြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ၂၀၀၄
အဘိဓာန်
၂၄၄/၂၀၀၄(၃)
၆၆။ အထူးအယူခံရုံး(ဗုံညီခုံရုံး)စီရင်ထုံးများ ၂၀၀၅
(၁၉၉၀ မှ ၁၉၉၅)
၁၀၉၃/၂၀၄(၁၁)
၆၇။ ပွဲရုံလုပ်ငန်းနှင့် ကုန်စည်ရောင်းချရေးဥပဒေ ၂၀၀၅
၄၀၀၃၉၈၀၅၀၄
၆၈။ အထူးအယူခံရုံး (ဗုံညီခုံရုံး) စီရင်ထုံးများ ၂၀၀၅
(၁၉၉၆ မှ ၁၉၉၉)
၄၀၀၄၈၅၀၅၀၆

| | | |
|---|---|---|
| ၆၉။ | ဥပဒေ (၁၀၀) ပုဒ်မ (၁၀၀)<br>ရှောင်ဖို့သိဖို့ဆောင်<br>၁၀၁၈/၂၀၀၄(၁၁) | ၂၀၀၅ |
| ၇၀။ | အမျိုးသမီးများဆိုင်ရာ ဥပဒေ<br>အခွင့်အရေးဆွေးနွေးချက်များ<br>၁၀၀၆/၂၀၀၄(၁၀) | ၂၀၀၅ |
| ၇၁။ | ရှေ့နေရှေ့ရပ် အလုပ်သင်နှင့်<br>အသက်မွေးမှုတရားခွင်ပညာ<br>၄၀၀၇၉၁၀၅၀၈ | ၂၀၀၅ |
| ၇၂။ | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဋီကာ<br>၄၀၀၆၂၀၅၀၈ | ၂၀၀၅ |
| ၇၃။ | အိမ်ရှင်အိမ်ငှားအကြောင်းသိကောင်းစရာ<br>၄၀၁၁၇၁၅၁၀ | ၂၀၀၆ |
| ၇၄။ | စာပေရေးသားဖြန့်ချိခြင်းဖြင့်<br>အသရေဖျက်ခြင်းဆိုင်ရာ ဥပဒေ<br>၄၀၀၀၇၉၀၆၀၁ | ၂၀၀၆ |
| ၇၅။ | မြန်မာနိုင်ငံတရားစီရင်ထုံးများ<br>ဒိုင်ဂျက်(တရားမ)<br>၄၀၀၉၉၈၀၆၀၈ | ၂၀၀၆ |
| ၇၆။ | တနယ်ဝင်းသတင်းကွန်ယက်နှင့်<br>တနယ်ဝင်းအမှုအခင်းကွန်ယက်အကြောင်း<br>သိကောင်းစရာ | ၂၀၀၆ |
| ၇၇။ | ဩရသသားသမီးအခွင့်အရေး ဥပဒေ<br>၄၀၁၂၇၀၀၆၁၀ | ၂၀၀၆ |
| ၇၈။ | တရားရုံးသုံး ဝေါဟာရများ<br>၄၀၁၂၉၇၀၆၁၀ | ၂၀၀၆ |
| ၇၉။ | အမွေပမီးမြေအခွင့်အရေး ဥပဒေ<br>၄၀၁၄၆၈၀၆၁၁ | ၂၀၀၇ |
| ၈၀။ | ဘီနာမီခေါ် အမည်ငှား အမည်ခံပိုင်ရှင်စနစ်<br>၄၀၀၀၁၅၀၁၀၇ | ၂၀၀၇ |
| ၈၁။ | မြန်မာနိုင်ငံပြဋ္ဌာန်းဥပဒေများအညွှန်း<br>၄၀၀၀၆၄၀၁၀၇ | ၂၀၀၇ |

၉၄။ လင်မယားပြန်လည်ပေါင်းသင်းရေး လင်မယား ၂၀၀၈
ကွာရှင်းရေးနှင့် ပစ္စည်းခန်းအခွင့်အရေး
၄၀၁၁၀၅၁၀၀၈

၉၅။ ပယ်ဖျက်သော ကွဲလွဲသော အပြင်ချင်းမတူသော ၂၀၁၀
စီရင်ထုံးများမှတ်စု
၄၀၁၃၉၆၁၂၁၉

၉၆။ ပြစ်မှုတရားမကျင့်ထုံးဆိုင်ရာ လျှောက်ထားလွှာ ၂၀၁၀
များမှတ်စု
၄၀၁၃၄၇၁၂၀၉

၉၇။ အမွေဘယ်လိုခွဲသလဲ ၁၀၁၀
၄၀၀၃၀၇၀၃၁၀

၉၈။ ဥပဒေသိကလူရေးလှ ၂၀၁၀
၄၀၀၇၂၁၀၇၁၀

ယာဉ်စာအုပ်

၉၉။ မကြားရာသည် ရှေ့နေရှေ့ရပ် ၂၀၁၀

# ရွှေငနေအဖြေ

ရွှေနေတစ်ယောက်ကို လူသားစားတဲ့ လူရိုင်းတစ်စုက ဖမ်းဆီးလိုက်ကြတယ်။

အပြာရောင်သုတ်ထားတဲ့ ကားစင်တစ်ခုနဲ့ အမည်းရောင်သုတ်ထားတဲ့ ကားစင်တစ်ခုကို စိုက်ထူလိုက်ကြတယ်။

လူရိုင်းခေါင်းဆောင်ကြီးက ရွှေနေကိုပြောတယ်။ မင်းကို မေးခွန်းတစ်ခုမေးမယ်။ မေးတဲ့မေးခွန်းကိုဖြေလို့ မှားခဲ့ရင် အမည်းရောင် ကားစင်မှာသတ်မယ်။ တကယ်လို့ ဖြေတဲ့နေရာမှာ အဖြေမှန်ခဲ့လို့ရှိရင် အပြာရောင်ကားစင်မှာ သတ်မယ်။ ရှင်းရဲ့လားလို့ မေးတယ်။

ရွှေနေက ရှင်းပါတယ်ခင်ဗျားလို့ ပြန်ပြောတယ်။ ဒီတော့ လူရိုင်းခေါင်းဆောင်ကြီးက ဖြေရမယ့်မေးခွန်းကို ပြောတယ် (မင်းကို ငါတို့ ဘယ်ကားစင်မှာ သတ်မှာလဲ) ကဲ . . ဖြေပေတော့လို့ ဆိုတယ်။

ရွှေနေက ချက်ချင်းဆိုသလိုပဲ ယုတ္တိနည်းကျကျ အဖြေပေးလိုက်တယ်။ ရွှေနေရဲ့ အဖြေကြောင့် သတ်ဖို့ခက်သွားတယ်။ လူရိုင်းခေါင်းဆောင်လည်း အရှုံးပေးလိုက်ရတယ်။ ဒါကြောင့် ရွှေနေကို သတ်လို့မရ ဖြစ်သွားတဲ့အတွက် လွှတ်ပေးလိုက်ရတယ်။

ဒီရွှေနေ ဘယ်လိုများ အဖြေပေးလိုက်ပါသလဲ။

# အကြံပေးပါ

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာရှိသတဲ့။ တရားစီရင်ရာမှာ အဲဒီရွာရဲ့ ထုံးစံအရ စီရင်လေ့ရှိတယ်။ စီရင်ပုံ စီရင်နည်းကတော့ ဖလားတခုထဲမှာ မဲလိပ်နှစ်လိပ် ထည့်ထားလိုက်တယ်။ တစ်လိပ်မှာ လွတ်စေလို့ ရေးထားတယ်။ တစ်လိပ်မှာတော့ သတ်စေလို့ ရေးထားတယ်။

အစွပ်အစွဲခံရတဲ့သူကို မဲလိပ်နှစ်လိပ်အနက် တစ်လိပ်ကို နှိုက်ယူခိုင်းလေ့ရှိတယ်။ သူနှိုက်ယူလိုက်တဲ့ မဲလိပ်ဟာ လွတ်စေလို့ ရေးထားတဲ့ မဲလိပ်ဖြစ်နေခဲ့လို့ရှိရင် အပြစ်မပေးဘဲ လွှတ်လေ့ရှိသတဲ့။ တကယ်လို့ သူနှိုက်လိုက်တဲ့ မဲလိပ်ဟာ သတ်စေလို့ရေးထားတဲ့ မဲလိပ်ဖြစ်နေခဲ့လို့ရှိရင်တော့ အသတ်ခံရဖို့ပဲ ရှိတယ်ဆိုပဲ။

အမှုတစ်မှုမှာ စွပ်စွဲသူက တရားခံကို လုံးဝမလွတ်အောင် မလွတ်နိုင်တဲ့နည်းကို လုပ်သတဲ့၊ ဘယ်လို လုပ်သလဲဆိုတော့ မဲလိပ်နှစ်လိပ်စလုံးမှာ သတ်စေလို့ရေးပြီး ထည့်ထားလိုက်သတဲ့။ လွတ်စေဆိုတဲ့ မဲလိပ်မပါဘဲ မဲလိပ်နှစ်လိပ်စလုံး သတ်စေလို့ ရေးထားတယ်၊ ဘယ်လိုနှိုက်နှိုက် အပြစ်ရဖို့ပဲရှိတယ်၊

ဒါကို တရားခံကသိတယ်၊ ဒါပေမယ့် သူမှာ ဘာမှပြောပိုင်ခွင့်မရှိဘူး။ မဲလိပ်နှစ်လိပ်ထဲက တစ်လိပ်ကိုသာ နှိုက်ယူရမယ့် တာဝန်ပဲ ရှိတယ်၊ စည်းကမ်းချက်အရ မဲလိပ်နှစ်လိပ်အနက် ကြိုက်ရာ တစ်လိပ် နှိုက်ရမယ်။ အခြားသူကိုလည်း နှိုက်ခိုင်းပိုင်ခွင့်မရှိစေရဘူး။ နှိုက်လိုက်တဲ့ မဲလိပ်မှာပါတဲ့အတိုင်း ခံစားရမယ်။

သင်သာ ရှေ့နေဖြစ်ခဲ့ရင် တရားခံကိုလွတ်အောင် ဘယ်လို အကြံညာဏ်ပေးမလဲ။

[အဖြေများ အထဲမှာပါတယ်]

# "ဗေဒ့ဝနညာဏ်ရည်အမြင်ရှိ ဆု"

စာဖတ်သူက ဦးဌာတက်လမ်းကိုဖတ်ပါ၊

ဇာတ်လမ်းတွင် ရှုပ်ခွဲသူတရားလိုနှင့် ရှုပ်ခွဲခံရသူတရားခံဟူ၍ ပေါ်ပေါက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်၊

စာဖတ်သူက တရားလိုဘက်က ရပ်တည်လျှင်လည်း ရပ်တည်နိုင်ပါသည်၊ တရားခံဘက်က ရပ်တည်လျှင်လည်း ရပ်တည်နိုင်ပါသည်။ ယင်းဘက်နှစ်ဘက်အပြင် မိမိကြိုက်နှစ်သက်ရာဘက်က ရပ်တည်နိုင်ပါသည်။

ထိုသို့ မိမိကြိုက်နှစ်သက်ရာဘက်က ရပ်တည်ပြီးနောက် [တရားခံတွင် အပြစ်ရှိသည် အပြစ်ပေးသင့်သည်ဆိုပါက မည်သည့်အတွက် အပြစ်ရှိကြောင်း၊ မည်သည့်အတွက် အပြစ်ပေးသင့်ကြောင်း (သို့မဟုတ်) တရားခံတွင် အပြစ်မရှိဟု ဆိုပါက မည်သည့်အတွက်ကြောင့် အပြစ်မရှိကြောင်း၊ မည်သည့်အတွက် အပြစ်မပေးထိုက်ကြောင်း ဆင်ခြေဆင်လက် ကောင်းကောင်း(သို့မဟုတ်) ဥပဒေအကိုးအကားများ ထည့်သွင်း ရေးသားလိုက ရေးသားနိုင်ပါသည်] ဖြင့် အကောင်းဆုံး ရေးသားပေးပို့နိုင်သူအား ဦးကျော်လေးမြရေးသော ဥပဒေစာအုပ်များ ချီးမြှင့်မည်ဖြစ်ပါသည်၊

အကောင်းဆုံးရေးသားနိုင်သူ၏ စာမူကို နောင်ထွက်ရှိမည့်စာအုပ်များတွင် ဖော်ပြလောက်သည့် အခြေအနေရှိပါက အလျဉ်းသင့်လျှင်သင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်၊ အကယ်၍ အကောင်းဆုံး မဟုတ်လောက်လျှင်လည်း နှစ်သိမ့်ဆုများ ပေးသွားမည်ဖြစ်သည်၊

မည်သူမဆို ဝင်ရောက်ရေးသားပေးပို့နိုင်ပါသည်။ ကြိုက်နှစ်သက်ရာပုံစံ၊ ကြိုက်နှစ်သက်ရာ အရေအသားတို့ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ချက်များကို ကန့်သတ်နေ့ရက်မရှိ ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ကြရန်ဖြစ်ပါသည်၊

# ဇာတ်လမ်း

အိမ်တစ်အိမ်တွင် လူသုံးယောက်နေထိုင်လျက်ရှိပြီး တစ်ဦးလျှင် တစ်ခန်းကျစီဖြင့် အခန်းသုံးခန်းဖွဲ့ထားသည်။

အခန်းတစ်ခန်းတွင် ဒေါ်သိန်းမေနေပြီး အခြား တစ်ခန်းတွင် မောင်သိန်းအောင် နေထိုင်ကာ ကျန်အခန်းတွင် မောင်ဝင်းနိုင်နေသည်။

ဒေါ်သိန်းမေနှင့် မောင်သိန်းအောင်မှာ သားအမိအရင်း ဖြစ်သည်။ မောင်ဝင်းနိုင်မှာ မောင်သိန်းအောင်၏ သူငယ်ချင်းဖြစ်သည်။

ဒေါ်သိန်းမေ၏အသက်မှာ (၅၀)နီးပါးရှိလုပြီဖြစ်ပြီး မောင်သိန်းအောင်၏ အသက်မှာ အသက်(၂၀)ခန့်ဖြစ်၍ မောင်ဝင်းနိုင်နှင့်ဆိုပါက မတိမ်းမယိမ်းရှိသည်။

ဒေါ်သိန်းမေသည် မုဆိုးမတစ်ဦးဖြစ်သည်။ ပစ္စည်းဥစ္စာ အသင့်အတင့်ရှိသူလည်းဖြစ်သည်။ ရှိသည့်ပစ္စည်းဥစ္စာတို့ကို မပျောက်မပျက်အောင် ထိန်းသိမ်းထားပြီး သား မောင်သိန်းအောင်၏ အထောက်အပံ့ဖြင့် မှီခိုနေထိုင်သူဖြစ်သည်။ မောင်သိန်းအောင်မှာ ဈေးတွင် ကုန်ခြောက်ဆိုင်ဖွင့်ထားသူဖြစ်သည်။

မောင်ဝင်းနိုင်မှာ နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသားဖြစ်သည်။ တစ်ရပ်တစ်ပါးမှ တက္ကသိုလ်ပညာ လာရောက်သင်ကြားနေသူဖြစ်ပြီး သူငယ်ချင်း မောင်သိန်းအောင်၏ ကောင်းမှုဖြင့် ထိုအိမ်တွင် အရိပ်ခိုခွင့်ရနေသူဖြစ်၏။

ညတစ်ညတွင် မောင်သိန်းအောင် အပြင်မှအပြန် တစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် သူငယ်ချင်း မောင်ဝင်းနိုင်အခန်းထဲသို့ "ဝင်းနိုင်၊ ဝင်းနိုင်" ဟု လှမ်းခေါ်ရင်း ဝင်လိုက်ရာ အသံတစ်ခုကို ကြားရသည်။

"ဟဲ့ . . . ဝင်းနိုင် လွှတ် . . . လွှတ်"

ဟူသောအသံပင်ဖြစ်၏။ အသံလာရာနေရာမှာ ဝင်းနိုင်၏ ပိတ်ခြင်ထောင်အတွင်းမှ ဖြစ်သည်။

အသံမှာ ဒေါ်သိန်းမေ၏ အသံဖြစ်သည်။

ခြင်ထောင်တွင်းမှ မောင်ဝင်းနိုင် ထွက်လာသည်။ ချွေးသီး ချွေးပေါက်များ ကျလျက်ရှိသည်။ ကြောက်ရွံ့နေပုံလည်းရသည်။ ခြေတုံလက်တုံဖြစ်နေသည်။

“ငါ မှားပါတယ် သူငယ်ချင်းမှုပ်” ဟု ဝင်းနိုင်ပါးစပ်က ထွက်လာသည်။

“အမေ ဘယ်လိုဖြစ်တာလဲ” ဟု သိန်းအောင်က သူ့အမေ ဒေါ်သိန်းမေကို မေးသည်။ ဒေါ်သိန်းမေ ခြင်ထောင်ထဲကထွက်လာပြီး “ဒီခွေး အပုတ်တမာ ငါ့ကို မတရားကျင့်တယ်” ဟု ဝမ်းနည်းပက်လက်ပြောသည်။

မောင်သိန်းအောင် ရဲစခန်းသို့သွား၍ တိုင်ကြားသည်။ ဒေါ်သိန်းမေကို ဆရာဝန်ဖြင့် ဆေးစစ်ဆေးမှုပြုသည်။ လက်တစ်လော ကာမ စပ်ယှက်ထားသည့် လက္ခဏာ ရှိ မရှိ ထင်ရှားချက်မပေးနိုင်။

အမှုတွင် မောင်သိန်းအောင်က တရားလိုဖြစ်သည်။ ဒေါ်သိန်းမေက တရားလိုသက်သေဖြစ်သည်။ မောင်ဝင်းနိုင်က တရားခံဖြစ်သည်။ အမှုမှာ မုဒိန်းမှု။

အမှုစစ်ဆေးသောအခါ အခြားမျက်မြင်သက်သေမရှိ၊ ဒေါ်သိန်းမေ၏ ထွက်ဆို အစစ်ခံချက်သာရှိသည်။ ဒေါ်သိန်းမေက မိုးရွှေကျမ်းကတိသစ္စာပြု ထွက်ဆိုရာတွင် အခင်းဖြစ်ပွားစဉ်ညက မောင်ဝင်းနိုင်က ၎င်း၏ခြင်ထောင်တွင် ဂျပိုးများတက်နေ၍ ဝိုင်းကူသတ်ပေးမည် ပြောကြောင်းနှင့် ၎င်းပြောသည်ကို ယုံကြည်မိကြောင်း။ ခြင်ထောင်အတွင်းသို့ ရောက်သောအခါ သားမယားအဖြစ် ပြုကျင့်ကြောင်း။ ထိုသို့ပြုစဉ်မောင်သိန်းအောင် ရောက်ရှိလာကြောင်းစသည်ဖြင့် အစစ်ခံသည်။

လောလောဆယ် ဒေါ်သိန်းမေ၏ စွပ်စွဲချက်၊ မောင်သိန်းအောင်၏ ထွက်ချက် စသည်တို့က မောင်ဝင်းနိုင်အား မုဒိန်းမှု တရားခံဖြစ်သည်ဟု ညွှန်ပြ ပေါ်ပေါက်လျက်ရှိသည်။ ဆရာဝန် ဆေးစာကိုလည်း လက်ခံရရှိထားပြီးဖြစ် သည်။ မောင်ဝင်းနိုင်အားလည်း စစ်ဆေးခဲ့သည်။ သို့သော် ဤကြားလပ်တွင် မောင်ဝင်းနိုင်

၏ ထွက်ဆိုအစစ်ခံချက်ကို ပြုပ်ကွက်အဖြစ် ထားထားလိုက်ပါသည်။ စာဖတ်သူသည် ယင်းပြုပ်ကွက်ကို ကြိုက်သလို ဖော်ထုတ်တင်ပြနိုင်ပါသည်။

မောင်ဝင်းနိုင်သည် ဒေါ်သိန်းမေ၏ အလိုဆန္ဒမပါဘဲ အဓမ္မပြုကျင့်သည် ဖြစ်သဖြင့် မုဒိန်းမှုတရားခံအဖြစ် ၎င်းအား အပြစ်ဒဏ်ပေးသင့်သည်။

(သို့မဟုတ်)

မောင်ဝင်းနိုင်သည် မုဒိန်းမှုတရားခံ မဖြစ်နိုင်သဖြင့် ၎င်းအားအပြစ်ပေးခြင်းငှာ မသင့်ဟူသော ပြဿနာပေါ်ပေါက်လျက်ရှိသည်။

(ဖော်ပြပါဇာတ်လမ်းသည် စိတ်ကူးဇာတ်လမ်းမျှသာ ဖြစ်ပါသည်။ မည်သည့်အမှုတခင်း၊ မည်သည့်လူပုဂ္ဂိုလ်ကိုမှ ရည်ရွယ်ခြင်း မဟုတ်ပါ၊ စစ်ဆေးနေသော အမှုဖြစ်ရပ်တစ်ခုနှင့် မတော်တဆ တိုက်ဆိုင်မှုရှိလျှင်လည်း ယင်းအမှုနှင့်မည်သို့မျှ မသက်ဆိုင်ကြောင်း တင်ပြအပ်ပါသည်၊ ယင်းအမှု အဆုံးအဖြတ်ပြုသည့် အချက်အလက်များနှင့်လည်း မည်သို့မျှ သက်ဆိုင်မည်မဟုတ်ကြောင်း တင်ပြပါသည်။

စိတ်ကူး ဇာတ်လမ်း တစ်ပုဒ်သာဖြစ်ပြီး ဆုံးဖြတ်ခြင်းမှာလည်း လေ့လာမှု တစ်ရပ်အတွက် ဉာဏ်ရည်သွေးသော ပြိုင်ပွဲကလေးတစ်ခုမျှသာ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။)

ဦးကျော်လေးသ

ဦးကျော်ဇေယျ

မကြားရသည် ရှေ့နေရှေ့ရပ်

# မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | နိုးနှမ်းသည့်အနမ်းများနှင့် ရင်ခုန်ကြသူများ | ၃ |
| အခန်း (၂) | အခြားလူများ၏မိုက်မဲမှုဖြင့် သင်ခန်းစာယူပါ | ၁၈ |
| အခန်း (၃) | မှန်ကန်မှုတစ်ဝက်ပါသော မုသားသည် အဆိုးရွားဆုံးမုသား | ၂၈ |
| အခန်း (၄) | မယုံကြည်ခြင်းသည် လုံခြုံခြင်း၏မိခင် | ၃၈ |
| အခန်း (၅) | ရှင်းလင်းသောဖော်ပြချက်သည် အငြင်းပွားမှုဖြစ်သည် | ၄၉ |
| အခန်း (၆) | ငိုသော စကားလုံးများနှင့် စကားပြောသော မျက်ရည်များ | ၆၂ |
| အခန်း (၇) | ပုလဲများကို ရှာဖွေလိုက နက်နက်ငုပ်ပါ | ၇၅ |
| အခန်း (၈) | မှန်ကန်သောစကားသည် မလှပ၊ လှပသောစကားသည် မမှန်ကန် | ၉၀ |
| အခန်း(၉) | ရယ်ပြုံးနိုင်သော စွမ်းအားရှိသူတို့အတွက် ဟာသများ | ၁၁၆ |

## အခန်း (၁)

## ခိုးနှပ်းသည့်အနှပ်းများနှင့် ရင်ခုန်ကြသူများ

မကြားရာသည် ရှေ့နေရှေ့ရပ် ဆိုတဲ့ ဆိုရိုးစကားရှိတယ်။ မှန်တယ်။ ရှေ့နေဟာ မကြားအပ်တာတွေ ကြားရတယ်။ အထူးသဖြင့် မုဒိမ်းမှုစစ်တဲ့ အခါမျိုးတွေမှာ မကြားအပ်တာမျိုးတွေ ပိုပြီးကြားရ တတ်တယ်။

အမျိုးသမီး မိန်းကလေး တော်တော်များများ ရှေ့နေလိုက်ကြတဲ့ ခေတ်ပဲ။ အမျိုးသမီး ရှေ့နေတွေလည်း ဒီလို အမှုအခင်းမျိုးတွေမှာ မေးရ၊ စမ်းရ၊ စစ်ဆေးရတာပဲ။ မကြားချင် မပြောချင် မမေးချင်လို့ မရဘူး။ တာဝန်အရ အလုပ်လို သဘောထားပြီး စစ်ကြ၊ ဆေးကြ၊ မေးကြ၊ မြန်းကြရတယ်။

ဆရာဝန်တွေလိုပဲပေါ့။ မမြင်ရာသည် ဆေးဆရာဆိုတဲ့ စကား တောင် အစပ်အဟပ်ရှိသေးရဲ့ မဟုတ်လား။ ယောကျ်ားဆရာဝန်၊ မိန်းမဆရာဝန်တွေလည်း ဒီလိုပဲပေါ့။ မြင်ရ၊ တွေ့ရ၊ ကိုင်ရ၊ တွယ်ရ၊ ခွဲရ၊ စိတ်ရတာပဲ။ အလုပ်သဘောပေါ့။

ခုခေတ်မှာ မိန်းကလေး အလုပ်သင်ရှေ့နေတွေကို ရှေ့နေကြီး တွေက အလုပ်သင်ကာလမှာ ဒီလိုအမှုမျိုး စစ်ပုံ၊ ဆေးပုံနှင့် ပတ်သက် ပြီး သင်ကြားပေးရမှာ အားတုံ့အားနာ ရှိနေတတ်ကြတယ်။ အမှန် စင်စစ် ဒီလိုအမှုမျိုး စစ်ဆေးတဲ့အခါမှာ နားထောင်ဖို့ တိုက်တွန်း

သင့်တယ်။ ပြီးတော့ အခေါ်အဝေါ် ဝေါဟာရသုံးနှုန်းတဲ့နေရာမှာ အင်္ဂလိပ် ဥပဒေဝေါဟာရတွေ ရှိတယ်။ မြန်မာစကားလုံးနဲ့ပြောရမှာ နားထဲမရှိရင် အင်္ဂလိပ်ဥပဒေ ဝေါဟာရနဲ့ သုံးနှုန်း ပြောကြားသင့်တယ်။ ဒါပေမယ့် တရားရုံးမှာ စစ်မေးတော့လည်း မြန်မာစကားနဲ့ပဲ မေးရတာပဲ မဟုတ်လား။ ဒီလိုကိစ္စမျိုးနဲ့ စပ်ဟပ်တဲ့ အယဉ်ဆုံးစကားတွေ သုံးပြီး မေးရတာပဲပေါ့။

နားထဲမှာတော့ ကြားနေကြမဟုတ်လို့ ရိုင်းသလိုလိုပါပဲ။ ဟုတ်တယ်၊ အမှုအခင်းဖြစ်ပုံကလည်း ယဉ်ယဉ် ကျေးကျေး သိမ်သိမ်မွေ့မွေ့ ဖြစ်လာတဲ့ ကိစ္စမျိုးမှမဟုတ်ပဲ၊ သည်းခံပြီး ပြောကြရတာပဲ။ နားထောင်တဲ့ ပုဂ္ဂိုလ်တွေကလည်း သည်းခံပြီး နားထောင်ကြရတယ်။ နားနဲ့မနာ၊ ပဝါနဲ့နာ ဆိုသလိုပေါ့။ အမေးခံရတဲ့ ပုဂ္ဂိုလ်တွေအဖို့လည်း ဒီလိုပဲ။ ဒီလိုကိစ္စမျိုးမှာ ကာယကံရှင်ကို မေးပြီ၊ မြန်းပြီဟော့ဆိုရင် အမေးခံရတဲ့ မိန်းကလေးအဖို့ အတွေ့အကြုံမရှိရင် မျက်ရည်ပေါက်ပေါက် ကျလောက်စရာပဲ။

ဒါ့ကြောင့် တချို့တရားခုံတွေက မိန်းကလေးရဲ့ သိက္ခာနဲ့အရှက်ကိုငဲ့ပြီး မရှက်ဖို့ မကြောက်ဖို့နဲ့ အမှန်အတိုင်း ရဲရဲဝံ့ဝံ့ပြောဖို့ မှာကြားပြီးမှ အမှုကိုစစ်တယ်၊ မေးရ မြန်းရမယ့်အကြောင်းက မိုမ လိင်ကိစ္စအကြောင်းတွေ ဖြစ်တယ်၊ ဗိုပ လိင်ကိစ္စနဲ့ စပ်လျဉ်းတဲ့ အရာတွေကို ပြစ်မှု မြောက်မမြောက် နိုက်နိုက်ချွတ်ချွတ်မေးကြရတယ်။ တရားလိုဘက်က လိုက်ပါတဲ့ ရှေ့နေအနေနဲ့ ပြစ်မှုအင်္ဂါရပ် အောင်ဝင်အောင် မေးစမ်းကြရတယ်။ မိန်းမကိုယ်ထဲ ယောက်ျားတန်ဆာ ဝင် မဝင်၊ ဝင်အောင် ဘယ်ပုံဘယ်နည်း ကျင့်ကြံတယ်ဆိုတာကအစ မေးရတာပဲ။ အပြုအမူ အကျင့်စရိုက်အားလုံးကို မေးရတာပဲ။ ဘယ်တတ်နိုင်မလဲ။ အလုပ်သဘောမဟုတ်လား။

တရားခံရှေ့နေ။ တရားခံပြုကျင့်တယ် ဆိုတဲ့အချိန်က ရှန်းကန်သေးလား။

တရားလို။ ကျွန်မလက်နှစ်ဖက်ကိုချုပ်ထားလို့ ရှန်းမရဘူး။

တရားခံရှေ့နေ။ ဒါဖြင့် ခြေနဲ့ကော ကန်ကျောက်သေးသလား။

တရားလို။ ခြေနှစ်ဖက်စလုံးကို လက်နဲ့ချုပ်ထားလို့ ရှန်းမရပါဘူး။

တရားခံရှေ့နေ။ ဒါဖြင့် ပြုကျင့်တယ်လို့ပြောတဲ့အချိန်က တရားခံက ငါ့ညီမလက်နှစ်ဖက်စလုံးကို သူ့လက်နဲ့ ချုပ်ထားသလို ငါ့ညီမ ခြေထောက်နှစ်ဖက်စလုံးကို သူ့လက်နဲ့ ချုပ်ထားတယ်ဆိုတဲ့သဘောလား။

တရားလို။ မှန်ပါတယ်။

တရားခံရှေ့နေ။ ငါ့ညီမရဲ့ လက်နှစ်ဖက်စလုံးကို သူ့လက်တစ်ဖက်နဲ့ ချုပ်ထားပြီး ငါ့ညီမရဲ့ ခြေထောက်နှစ်ဖက်စလုံးကိုလဲ သူ့အခြားလက်တစ်ဖက်နဲ့ ချုပ်ထားတယ်ဆိုရင် တရားခံဟာ ငုတ်တုတ်ထိုင်ရုံကလွဲပြီး အခြားကာယကံပြောက် မတရား ပြုကျင့်နိုင်စရာ အကြောင်း မရှိဘူးဆိုတာ သတိထားမိပါသလား။

ဒါကတော့ မုဒိမ်းမှုတစ်မှုမှာ တရားခံရှေ့နေက တရားလို အမျိုးသမီးကို မေးခွန်းတုတ် စစ်မေးခဲ့တဲ့ နမူနာလေးပါ။

## သူမှားယိုတဲ့ဈေး

'အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း' ဆိုတဲ့ စကားလိုပဲ။ အသွားမတော်လို့ ပုဒိမ်းမှုတရားခံဖြစ်ခဲ့ရတာရှိတယ်။ လူရိပ်လူခြည်ကျဲတဲ့ နေရာမျိုးတွေဆီ တချို့အတွဲတွေ လာတတ်ကြတယ်။ ရိုးရိုးတန်းတန်း သမီးရည်းစားအတွဲတွေလာသလို မရိုးမဆန်း အတွဲတွေလည်း လာတယ်။ သစ်ပင်ကွယ်၊ ချုံကွယ်နေရာတွေမှာ ဗွိယံဗွိယံနားခိုကြတယ်။ ကိုရွှေအချောင်းသမားတွေကလည်း ကုန်းကုန်းကွကွချောင်းကြတယ်။ တချို့လည်း မကောင်းတဲ့မိန်းကလေးနဲ့ မကောင်းမှုလိုက်စားတဲ့ အမျိုးသားတွေ ငွေပေးပြီး ပျော်ပါးတယ်။ ချုံကွယ်၊ သစ်ပင်ကွယ်မှာပဲ အလုပ်ဖြစ်ကြတာရှိတယ်။

အမှုတစ်ခုမှာ ဒီလိုပဲ။ ကိုယ်တော်ချောက သွားချောင်းတယ်။ ဟိုနှစ်ယောက် အလုပ်ကိစ္စပြီးတော့ အလုပ်လုပ်တဲ့မောင်က ငွေရှင်းပြီး ထွက်သွားတယ်။ မိန်းကလေးတစ်ယောက်တည်းပဲ ကျန်ရစ်တယ်။

မိန်းကလေးက သူ့ကိုတွေ့သွားတော့ သူ့နားကပ်လာတယ်။ အလုပ်လုပ်မလားမေးတယ်။ သူက ငွေငါးရာပဲပါ လာတယ်လို့ ပြောတယ်။ ဒီတော့ မိန်းကလေးက အဲဒီငါးရာပဲပေးဖို့ တောင်းတယ်။ လုပ်ငန်းတောင် မစရသေးဘူး။ ပိုက်ဆံငါးရာ အရင်တောင်းတော့ သူက မပေးဘူးငြင်းတယ်။ ဟိုက အတင်းတောင်းတယ်။ သူလည်း ကြောက်လန့်ပြီး အဲဒီနေရာက ပြေးထွက်ဖို့ ကြိုးစားလိုက်တယ်။

ခေါင်းနားပန်းကြီးစရာအသံတစ်ချက် နောက်ကပေါ်လာတယ်။ "လာကြပါဦး၊ ကျွန်မကို မတရားပြုကျင့်ပြီး ထွက်ပြေးသွားလို့" အော်သံကြားလို့ လူတချို့ အပြေးရောက်ရှိလာကြတယ်။ သူ့ကို ဝိုင်းဖမ်းလိုက်ကြတယ်။

စခန်းရောက်တော့ သူက ရှင်းပြတယ်။ မိန်းကလေးကလည်း သူ့ကိုဆရာဝန်နဲ့ ဆေးစစ်ကြည့်ဖို့ပြောတယ်။ သက်သေတွေရဲ့ ပြောပြ

ချက်အရ အခင်းဖြစ်ချိန်က မိန်းကလေးနဲ့ အတူရှိနေသူဟာ သူပဲ ဖြစ်ကြောင်း ထင်ရှားနေပြန်တယ်။

မိန်းကလေးကို ဆေးရုံပို့ပြီး ဆေးစစ်ကြည့်တော့ လတ်တလော ကာမယှက်ထားတဲ့ လက္ခဏာ တွေ့တယ်။ ထဘီမှာ သုတ်ရည်နှင့် သုတ်ပိုးတွေ တွေ့တယ်။

သူ့ကိုလည်း ဆရာဝန်နဲ့ ဆေးစစ်ဖို့ကိစ္စ သဘောတူမတူ ရဲက မေးတယ်။ သူက သဘောတူလိုက်တယ်။ သူ့ကို ဆေးရုံပို့ပြီး ဆေးစစ်တယ်။

ဒီကိစ္စ သူ မကျူးလွန်ရိုးမှန်တဲ့အတွက် အလွယ်တကူ ဆေးစစ်ခံမယ်လို့ သဘောတူခဲ့တယ်။ ဆရာဝန်ဆေးစစ်တော့ ကိုယ်ကျိုးနည်းတော့တာပါပဲ။ သူ့တန်ဆာမှာ သုတ်ရည်သွားတွေ့တယ်။ စောစောက အတွဲချောင်းရင်း ကာမစိတ်တွေ နိုးထနေခဲ့တဲ့ ရလဒ်ပေပဲပေါ့။

ဘသားချော ဘာပြောကောင်းမလဲ မုဒိမ်းမှု ပုဒ်မ ၃၇၆ နဲ့ ဘုမသိ ဘမသိ ရုံးတင် တရားစွဲခံရတော့တာပဲ။

များသောအားဖြင့် မုဒိမ်းမှုဆိုတာမျိုးက ဆိတ်ကွယ်ရာ ဖြစ်ကြတာမျိုး မဟုတ်လား။ မျက်မြင်သက်သေ သူ့ဘက်ကိုယ်ဘက် အပြရခက်တယ်။ စကားမပြောတဲ့ တခြားသက်သေ အထောက်အထားတွေက စွပ်စွဲချက်ကို ထောက်ခံနေတယ်။ ကံဆိုးချင်တော့လည်း ကြုံကြုံဖန်ဖန်ဖြစ်ရတယ်။ သူများယိုပြီးသားချေးပုံပေါ် ကိုယ်က တက်ခွထိုင်ရတဲ့အဖြစ်မျိုးပဲ။

## ဝိုင်သာဝိုင် မဆိုင်မဆိုင်

လင်နဲ့မယားတောင် မယားက သဘောမတူရင် လင်လည်း မုဒိမ်းမှုတရားခံ ဖြစ်နိုင်တဲ့အကြောင်း မိတ်ဆွေ တစ်ယောက်ကို ရှင်းပြခဲ့တယ်။ ပထမတော့ သူလည်း မျက်ကလူးဆန်ပြာ အံ့အားတသင့် ဖြစ်သွားတယ်။

လင်နဲ့မယားဆိုတာ ကာမပိုင်လင်၊ ကာမပိုင် မယားပေပဲ မဟုတ်လား။ ဒါကြောင့် မပြစ်နိုင်တဲ့အကြောင်း သူက မကျေမနပ်ပြောတယ်။

သူကျေနပ်အောင် အောက်ပါအတိုင်း ရှင်းပြခဲ့ရတယ်။

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင်မယားအရာ မြောက်တယ်ဆိုတာ မိန်းမနဲ့ယောကျ်ား အသက်အရွယ် ပြည့်ကြပြီး နှစ်ဦးဆန္ဒအရ ပေါင်းဖက်လိုက်ကြတယ်ဆိုရင်ပဲ လင်မယားခန်း မြောက်သွားတာပဲ။ အခမ်းအနား အကျွေးအမွေးပါမှ မဟုတ်ဘူး။ နှစ်ဦးဆန္ဒသာ အဓိကဖြစ်တယ်၊ လင်ခန်းမယားခန်း ပြတ်တယ်ဆိုတဲ့ နေရာမှာလည်း ဒီလိုပဲ၊ နှစ်ဦးဆန္ဒအရ ပေါင်းဖက်လိုတဲ့ဆန္ဒ မရှိတော့ရင် လင်ခန်းမယားခန်း ပြတ်တာပဲ။ ဒါပေမယ့် တစ်ဦးကပြတ်ချင်တယ်၊ တစ်ဦးက မပြတ်ချင်ဘူးဆိုရင် ပြတ်ချင်တဲ့ပုဂ္ဂိုလ်အဖို့ မိမိပြတ်ချင်တိုင်း ပြတ်လို့မရဘူး။

ဆိုကြပါစို့၊ လင်မယားနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆဖြစ်ပြီး မိန်းမလုပ်သူက အိမ်ပေါ်က ဆင်းသွားတယ်။ ရှင်လိုယောကျ်ားမျိုးကို မပေါင်းဘူးပေါ့၊ တစ်ခြားမှာ သွားနေတယ်၊ ယောကျ်ားရဲ့အထောက်အပံ့လည်း မယူဘူး၊ ဒါကို Living Seprate လို့ပြောရင်ရမလားပဲ။ ဒီလို သီးခြားခွဲခြားပြီးနေတဲ့အချိန်မှာ ယောကျ်ားဖြစ်သူက သူဟာ ငါ့မယားပဲဆိုပြီး မယားရဲ့ သဘောတူမှုမရဘဲ သွားလာဆက်ဆံဖို့ ကြိုးစားရင် အဲဒါ မုဒိမ်းမှုဖြစ်နိုင်တယ်။

## ကျပ်တည်းဆင်းရဲ မျက်နှာငယ်အမှုသည်

အိမ်ဖော်လောကမှာ ဒီလိုအမှုမျိုးအဖြစ်များတယ်။ အိမ်ဖော်မိန်းကလေးနဲ့ အိမ်ကြီးရှင် ခင်ပွန်းတို့၊ အိမ်ကြီးရှင်ရဲ့ ယောက္ခမကြီးတို့၊ အိမ်ကြီးရှင်ရဲ့သားတို့ ဆိုတာတွေနဲ့ ဖြစ်တတ်လေ့ရှိတယ်။ တချို့ အဖြစ်အပျက်တွေဆိုရင် အမှုတောင် ဖြစ်မလာခဲ့ဘူး။

တစ်လောက သတင်းစာမှာ ဖတ်လိုက်ရတယ်။ အိမ်ဖော်မိန်းကလေးကို အဓမ္မကျင့်ကြံလို့ မိန်းကလေးက သုံးထပ်တိုက်ပေါ်က အတင်းခုန်ဆင်း ထွက်ပြေးရတယ်ဆိုတဲ့ သတင်းတစ်ပုဒ်ပဲ။

အမှုတစ်မှုအကြောင်း ပြောပြမယ်။ အိမ်ရှင် ယောက်ျားကြီးက အိမ်ဖော်မိန်းကလေးကို လူလစ်တုန်း တိတ်တိတ်ကြံတဲ့ အမှုပဲ။ မိန်းကလေးက ငြင်းဆန်တယ်။ မသင့်တော်ပါဘူး၊ ချမ်းသာပေးပါလို့ ဆိုတယ်။ ဒါပေမယ့် မုန်ယိုနေတဲ့ သတ္တဝါကြီးက ဘယ်ချမ်းသာ ပေးလိမ့်မလဲ။

မိန်းကလေးလည်း အတင်းရုတ် ရုန်းကန်ထွက်ပြေးပြီး ရဲစခန်းသွား အမှုဖွင့်တယ်။ သူ့ကို သားမယားအဖြစ် မတရားကျင့်ကြံအားထုတ်တဲ့အကြောင်း တိုင်တယ်။

ဟိုကလည်း လည်တယ်။ အိမ်မှာ လူမရှိတုန်း အိမ်ဖော်မိန်းကလေးက အိမ်ရှင်ရဲ့စိန်လက်စွပ်ကို ခိုးယူထွက်ပြေး သွားပါတယ်ဆိုပြီး ပြန်တိုင်ချက်ဖွင့်တယ်။ လာလာချည်သေးရဲ့။

အိမ်ရှင်ယောက်ျားကြီးလည်း မုဒိမ်းကျင့်ရန် အားထုတ်မှုနဲ့ အချုပ်ခံရတယ်၊ အိမ်ဖော်မိန်းကလေးကလည်း ခိုးမှုနဲ့အချုပ်ခံရတယ်။ နောက်ပိုင်း ရုံးတွေဘာတွေ ရောက်လာကြတယ်။ အာမခံ လျှောက်ကြတယ်။ အိမ်ရှင်ယောက်ျားကြီးကတော့ ခိုင်လုံတဲ့ အာမခံလည်း ပေးနိုင်တယ်၊ အာမခံသူလည်း ရှိတယ်၊ ဒါကြောင့် အာမခံရသွားတယ်။

အိမ်ဖော် မိန်းကလေးကတော့ ရုံးက အာမခံပေးပေမယ့် အာမခံမယ့်သူ မရှိလို့ အချုပ်ထဲက အပြင်မထွက်ရရှာဘူး။ မတရားလည်း ခံရသေး၊ တရားခံလည်း ပြန်ဖြစ်ရသေးတယ်။

ဒီတော့ သူတို့ဘက်ကစကားစတယ်၊ ခိုးမှုကို ပြန်ရုပ်သိမ်းပေးမယ်၊ အပြင်ရောက်အောင်လည်း လုပ်ပေးမယ်။ ဘာမှမပူနဲ့ အားလုံး

တာဝန်ယူတယ်။ ဒါပေမယ့် မုဒိမ်းမှုနဲ့ တရားစွဲထားတာကို ပြန်ရုပ်သိမ်းပေးရလိမ့်မယ်လို့ ဆိုတယ်။ သာယာစီးရပေသကိုး။

အိမ်ဖော် မိန်းကလေးခမျာ အားမတန်လို့ မာန်လျှော့ရပြီး မျက်ရည်စမ်းစမ်းနဲ့ ခေါင်းညိတ်လိုက်ရတယ်။ ဆင်ခေါင်း ဆိတ်မချိုနိုင်လို့ ဆင်နင်းခံရတဲ့ ဆိတ်ငယ်လို အဖြစ်မျိုးပေပဲ။

ဒီလိုအဖြစ်မျိုးကို ယနေ့ခေတ် တရားစီရင်ရေးက အဖြစ်မခံအောင် ကြိုးစားနေကြတယ်။

## မုဒိမ်းမှု ဘယ်အခါမြောက်သလဲ

မုဒိမ်းမှုနဲ့ ပတ်သက်တာလေး ပြောပြမယ်။ အသက် ၁၄ နှစ်အောက် မိန်းကလေးကို သူ့ရဲ့ခွင့်ပြုချက် ရသည်ဖြစ်စေ၊ ခွင့်ပြုချက်မရသည်ဖြစ်စေ ပြုကျင့်ရင် ဖြစ်မှုမြောက်တယ်။

ကိုယ့်ရဲ့တရားဝင်ဇနီးပဲဖြစ်ဖြစ် မယားရဲ့ အသက်ဟာ ၁၃ နှစ်ဖြစ်နေရင်လည်း မုဒိမ်းမှုဖြစ်တာပဲ။

အသက် ၁၃ နှစ် မပြည့်သေးတဲ့ မိန်းကလေးကို မိဘပဲဖြစ်ဖြစ်၊ အုပ်ထိန်းသူကပဲဖြစ်ဖြစ် မယားအဖြစ် ပေါင်းသင်းစေဖို့ ခွင့်မပြုရဘူး။ ခွင့်ပြုရင် ခွင့်ပြုသူမှာ အပြစ်ရှိတယ်။ မြန်မာနိုင်ငံ တရားစီရင်ထုံးအမှုတစ်မှုမှာ ဒီလို ခွင့်ပြုခဲ့တဲ့အတွက် မိခင်ဖြစ်သူကို ပြစ်ဒဏ် ချမှတ်ထားတဲ့ သာဓကတစ်ရပ် ရှိခဲ့ဖူးတယ်။

အမျိုးသမီး အသက် ၁၆ နှစ်ပြည့်ပြီး စိတ်ပေါ့သူ ဖြစ်နေမယ်ဆိုရင် အဲဒီအမျိုးသမီးက သဘောတူခွင့်ပြုသည့်တိုင်အောင် မုဒိမ်းမှုဖြစ်တယ်။

အမျိုးသမီးက အလိုမတူ ငြင်းဆန်တဲ့ကြားက ပြုမူရင်လည်း ဖြစ်မှုမြောက်တယ်။

'အလိုမတူ ငြင်းဆန်တာ' နဲ့ 'သဘောတူ ခွင့်ပြုချက်မရတာ' ဘာများခြားနားသလဲလို့ မေးစရာရှိတယ်။ သာမန်အမြင်နဲ့ကြည့်ရင်တော့ ခြားနားမှု သိပ်မရှိသလိုပဲ။ ဒါပေမယ့် ဥပဒေအမြင်မှာတော့ ဒီခြားနားမှုဟာ တော်တော်လေး ကွာခြားတာကို တွေ့ရတယ်။

ရှေ့နေစာမေးပွဲအောင်ထားတဲ့ ပုဂ္ဂိုလ်လေးငါးဦးကို မေးကြည့်တယ်။ ဒီခြားနားချက်ရဲ့အဖြေကို ကျေနပ်လောက်အောင် ရှင်းမပြနိုင်တာတွေ့ရတယ်။

မိန်းမတစ်ဦးကို ယောက်ျားတစ်ဦးက အဓမ္မကျင့်ကြံဖို့ ကြိုးစားတယ်။ မိန်းကလေးက အလိုမတူဘဲ ငြင်းဆန်တယ်။ ဒီလိုငြင်းဆန်လျက်နဲ့ ရှေ့တိုးသွားရင် မုဒိမ်းမှုဖြစ်တယ်။ ရွှားရှားစုးတိုး အပြစ်မျိုး ကြုံရမှာပဲ။

တစ်ခါတစ်ခါ မိန်းကလေးကအလိုမတူတဲ့လက္ခဏာမျိုး၊ ငြင်းဆန်တဲ့ လက္ခဏာမျိုး မပြတာလည်း ရှိတယ်၊ ဒီလို လက္ခဏာမျိုး မပြတာနဲ့ မုဒိမ်းမှုမမြောက်ဘူး ပြောလို့မရဘူး။ မိန်းမတစ်ဦး သတိလစ် မေ့မြောနေမယ် ဆိုပါစို့၊ လူမှန်း မသိအောင် မူးယစ်နေမယ်ဆိုပါစို့၊ ဒါမှမဟုတ် အိပ်မောကြီး ကျနေမယ်ဆိုပါစို့၊ ဒီအချိန်မှာ ယောက်ျားတစ်ဦးက တိတ်တဆိတ် ကာမကိုပြုတယ်။ အမျိုးသမီးအဖို့ ငြင်းဆန်ရမယ့် အသိမျိုး ကင်းနေတဲ့အချိန်ပဲ။ ကျင့်ကြံတဲ့ ယောက်ျားက ပြောတယ်၊ သူပြုမူနေတဲ့အချိန်မှာ အမျိုးသမီးက ငြင်းဆန်ခြင်းမပြုဘူးတဲ့၊ ဒီလိုတင်ပြနိုင်ရုံမျှနဲ့ အမှုက ကင်းလွတ်ရောတဲ့လား။ ဒီလို အခြေအနေမျိုးမှာ မိန်းကလေးက ငြင်းဆန်ခြင်းမရှိခဲ့တာ မှန်ပေမယ့် ကျင့်ကြံသူရဲ့ အပြုအမူဟာ မိန်းကလေးရဲ့ သဘောတူခွင့်ပြုချက်မရပဲပြုတာ ထင်ရှားတယ်။ မုဒိမ်းမှု မြောက်တယ်။

ဒါကြောင့် 'အလိုမတူငြင်းဆန်တာ နဲ့ သဘောတူခွင့်ပြုချက်မရတာ' ကွာခြားတယ်လို့ ပြောရခြင်းပဲ။

ဥပဒေကို လက်တစ်လုံးခြား လှည့်ချင်တဲ့သူတွေရှိတယ်။ လှည့်လည်း လှည့်ကြတယ်။ မိန်းကလေးက ပြုမှုတဲ့အချိန်မှာ ငြင်းဆန်ခြင်း မရှိတာကြောင့် ဒါကို အလိုတူရာသဘောဖြစ်တယ်။ အလိုတူအလိုပါ ဖြစ်တဲ့ကိစ္စမို့ တရားခံကို အပြစ်က လွတ်ပေးသင့်တယ် စသည်ဖြင့် ဆင်ခြေဆင်လက် ပေးတတ်ကြတယ်။

ဥပဒေကို ထောင့်စုံမသိရင် သူပြောတာလည်း ဟုတ်တုတ်တုတ် ဆိုတာမျိုး အသိဝင်သွားတတ်တယ်။ ဒါကြောင့် ဘယ်သူဘာပြောပြော ကိုယ်ကလည်း ဥပဒေကို အတွင်းသိ အစဉ်းသိ နားလည်ထားရမယ်။ ဒါမှ သူတို့ပြောတာ ဘယ်နေရာမှာတော့ ဟုတ်တယ်။ ဘယ်နေရာ မှာတော့ လျှော့ထားတယ်ဆိုတာ သိနိုင်တယ်။ နို့မဟုတ်ရင်တော့ မျက်စိ လည် နားဝေစရာပဲ။

ကျန်တဲ့အချက်ကလေးတွေ ဆက်တင်ပြဦးမယ်။

အမျိုးသမီးက ခွင့်ပြုတာတောင် သူ့ကိုသေစေမယ်၊ နာကျင် စေမယ်လို့ ကြောက်ရွံ့အောင် ခြိမ်းခြောက်ထားပြီး ကျူးလွန်ရင်လည်း မုဒိမ်းမှု မြောက်တယ်။

ပြီးတော့ မိန်းကလေးက ခွင့်ပြုတောင် ဒီလိုခွင့်ပြုရတာ မိမိ ကာမပိုင် လင်ယောကျ်ားလို့ ထင်မှတ်ပြီး ခွင့်ပြုတာမျိုး ဆိုရင်လည်း မုဒိမ်းမှုမြောက်တယ်။

ဆိုကြပါစို့။ မိန်းကလေးက မျက်လုံးမကောင်းတဲ့သူ။ မျက်စိမမြင် တဲ့သူဆိုပါစို့။ ယောကျ်ားတစ်ယောက်က သူ့လင်ယောကျ်ားမရှိခိုက်မှာ သူ့ယောကျ်ားလို ပုံမှားရိုက် ဆက်ဆံတာမျိုးပေါ့။ မိန်းကလေးက အဖြစ် မှန်ကို မသိလို့ သဘောတူတာကို အခွင့်ကောင်းယူပိတဲ့ ဖဲဒီယောကျ်ား တဖို့ မုဒိမ်းမှုကို ကျူးလွန်ရာမြောက်တယ်။

နမူနာအမှုတစ်မှုကို ပြောပြပါမယ်။ တောရွာတစ်ရွာမှာ ဖြစ်ခဲ့ တာပါ။ လင်ယောကျ်ားဖြစ်သူက တစ်ဘက်ရွာမှာ ပွဲသွားကြည့်နိုက်

အိမ်ကမယားက အိပ်ပြင်ကွပ်ပစ်မှာ အေးအေးလူလူ ထွက်အိပ်တယ်။ ညကလည်း လမိုက်ည ဆိုပါတော့။

ညဦးယံအရောက်မှာ အကြံသမားက လင်ယောက်ျား ပြန်လာတဲ့ ပုံစံမျိုးနဲ့ ကွပ်ပစ်ဘေး ဝင်အိပ်တယ်။ သားမယားအဖြစ်ပြုတယ်။ အမျိုးသမီးကလည်း အိပ်မှုန်စုံမွှား သူ့လင်အမှတ် လက်ခံတယ်။

နောက်မှ သူ့လင်မဟုတ်မှန်းသိတော့ အော်ဟစ်တော့တာပေါ့။

တရားခံက ရုံးရှေ့မှာ ဘယ်လိုထုချေသလဲဆိုတော့ "သဘောတူကြည်ဖြူလို့" ဆိုတာကို အကြောင်းပြတယ်။

ဒါက ပုံမှားရိုက်တာပဲ။

## မုဒိမ်းမှု မိန်းမတရားခံ

မုဒိမ်းမှုတစ်မှုမှာ တရားခံနှစ်ယောက်ဖမ်းလာတယ်။ အံ့ဩစရာကောင်းတာက တရားခံနှစ်ယောက်အနက် တစ်ယောက်က မိန်းကလေးဖြစ်နေတယ်။ မုဒိမ်းမှုနဲ့စွဲတဲ့အမှုမှာ မိန်းကလေးတရားခံ တစ်ယောက်ပါလာတယ်ဆိုတော့ တော်တော် စိတ်ဝင်စားစရာ ဖြစ်သွားတယ်။ အကျိုးသင့် အကြောင်းသင့် သိရအောင် အမှုတွဲကို လေ့လာကြည့်မိတယ်။ တရားခံ ယောက်ျားကိုတော့ ပုဒ်မ ၃၇၆ နဲ့ တရားစွဲတယ်။ မိန်းမတရားခံကိုတော့ မုဒိမ်းမှုအားပေးကူညီသူအနေနဲ့ စွဲတင်ထားတယ်။ အမျိုးသားက အမျိုးသမီးကို ကျင့်ကြံရာမှာ တရားခံ အမျိုးသမီးက အားပေးအားမြှောက် ကူညီခဲ့လို့ပဲ။ ဒီလို အားပေးအားမြှောက် ကူညီမှုပြုရင် မိန်းမဖြစ်ပေမယ့်လည်း မုဒိမ်းမှုမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်အတိုင်း ခံစားရမှာဖြစ်တယ်။

မရှမ်းမ ဆိုတာရှိတယ်။ အသက်(၁၄)နှစ်တောင် မပြည့်သေးဘူး၊ သူ့အမေ ဒေါ်စိန်က အရွယ်မရောက်သေးတဲ့ သမီးကို မောင်ပြုံးနဲ့

လင်မယားအဖြစ် ပေါင်းသင်းဖို့သဘောတူတယ်၊ ဖခင်က သဘောမတူဘူး။

အဲဒီဖြစ်ရပ်ကြောင့် မောင်ပြူးက မုဒိမ်းမှုတရားခံအဖြစ် တရားစွဲခံပြီး မိခင်ဒေါ်ခိုနိုက်ကတော့ လင်မယားအဖြစ် ပေါင်းသင်းဖို့ ခွင့်ပြုတဲ့အတွက် အပြစ်ရှိတယ်လို့ ရုံးကသုံးသပ်ပြီး သူ့ကို မုဒိမ်းမှု အားပေးကူညီမှုနဲ့ အပြစ်ပေးလိုက်တယ်။

## ရှိတော့ရှိတယ် ရှားတယ်

မုဒိမ်းမှုတစ်မှုမှာ ကြုံခဲ့ရတာလေး ပြောရဦးမယ်။ မုဒိမ်းမှုစစ်နေရင်း တရားလိုမိန်းကလေးနဲ့ တရားခံယောက်ျားလေး အမှုစစ်တဲ့ရုံးမှာပဲ လက်ထပ်စာချုပ် ချုပ်လိုက်ကြတဲ့ အဖြစ်သနစ်ပဲ။

ရုံးက တော်တော်အံ့အားတသင့် ဖြစ်သွားတယ်။ ပွစိ ပွစိ-အမျိုးမျိုး ထင်ကြေးပေးကြတယ်။

တရားလိုမိန်းကလေးက ရုံးကိုတင်ပြတယ်။ ခုအခါမှာ သူ့အနေနဲ့ တရားခံကောင်လေးကို မေတ္တာရှိနေပါပြီတဲ့။ ကောင်လေးကလည်း ပြောတယ်၊ ကောင်မလေးကို သူ့အနေနဲ့ မေတ္တာစစ်နဲ့ ချစ်ခဲ့မိပြီဆိုပဲ။ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းဖက်ဖို့ ကတိတွေပေးလို့။

မိန်းကလေးက အမှုရုပ်သိမ်းစာကို ရုံးကိုတင်ပြတယ်။ ရုံးက မိန်းကလေးကို မေးတယ်။ လက်ထပ်တာကို အုပ်ထိန်းသူ မိဘတွေ သဘောတူမတူ မေးတယ်၊ သဘောတူကြောင်းနဲ့ မိဘတွေပါ သက်သေအဖြစ် ပါလာကြောင်း ပြန်ဖြေတယ်။ ဒီတော့ ရုံးက ဆက်မေးတယ်၊ လက်ထပ်စာချုပ်လုပ်ဖို့ တစ်ဦးတစ်ယောက်ရဲ့ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျိုးဖြော်ကိုးခြင်း တစ်စုံတစ်ရာ ရှိမရှိ စစ်ပေးတယ်။ မရှိပါဘူးလို့ မိန်းကလေးက ပြန်ဖြေတယ်။ မိန်းကလေးရဲ့အသက်ကို စစ်ကြည့်တော့လည်း အသက်ပြည့်နေတာ

တွေ့ရတယ်။ လွတ်လွတ်လပ်လပ် ပုဂ္ဂိုလ်တွေ ဟုတ်မဟုတ် မေးကြည့်တော့လည်း လွတ်လွတ်လပ်လပ်တွေဖြစ်ကြောင်း တွေ့ရတယ်။

ရုံးကပြောတယ်။ လက်ထပ်စာချုပ်ချုပ်ဆိုတဲ့ကိစ္စကို ကာယကံရှင်နှစ်ဦးရဲ့ ဆန္ဒအရ ပြုလုပ်ပေးနိုင်ပေမယ့် အမှုရုပ်သိမ်းတဲ့ကိစ္စကတော့ သီးခြားကိစ္စဖြစ်တယ်။ ဥပဒေအရ ရုပ်သိမ်းခွင့်မရရင် ဥပဒေနှင့်အညီ အပြစ်ပေးတာကို ခံရဖို့ရှိတယ်လို့ပြောတယ်။

ဒါကို နှစ်ဖက်သဘောတူကြပြီး သူတို့ကိုသာ တရားဝင်အောင် လက်ထပ်ပေးပါလို့ တောင်းဆိုနေကြတယ်။ ကဲ . . . ဘယ်လောက်များ ဆန်းကျယ်သလဲဆိုတာ။

## ကြားကြားနေရတာတွေ

ငိုရအခက်၊ ရယ်ရအခက် ကြုံရတာမျိုးလည်း ရှိသေးတယ်။ တရားလိုအမျိုးသမီးကြီးက အသက် ၆၉ နှစ်အရွယ်၊ တရားခံအဖြစ် စွပ်စွဲခံရတဲ့ ပုဂ္ဂိုလ်က အသက် ၇၀ ကျော်အဘိုးကြီး၊ အသက် ၇၀ အရွယ်အဘိုးကြီးကို မတရားကျင့်ကြံမှုနဲ့ တရားစွဲတယ်။ မတွေ့ရခဲတဲ့ အမှုမျိုးပါပဲ။

များသောအားဖြင့်တွေ့ရတတ်တာမျိုးကတော့ ငယ်ငယ်ရွယ်ရွယ် အသက်မပြည့်သေးတဲ့ ကလေးမတွေနဲ့ အသက်ကြီးကြီး ယောကျ်ားတွေပဲ။ မိန်းကလေးမိဘရှင်တွေနဲ့ အုပ်ထိန်းသူတွေ သတိထားသင့်တယ်။ ကလေးတွေပဲဆိုပြီး လွတ်လွတ်မထားဖို့ပဲ၊ သမီးငယ်တွေကို မျက်ခြည်မပြတ် အုပ်ထိန်းထားသင့်တယ်လို့ ထင်တယ်၊

အသက် ၁၄ နှစ်နဲ့ ၁၆ နှစ်ကြားဆိုရင် မိန်းကလေးက သဘောတူသည့်တိုင်အောင် ပြားယောင်းသွေးဆောင် ခိုးယူပေါင်းသင်းမှု မြောက်တယ်။

ခုခေတ်မှာ တချို့ ငယ်ငယ်ရွယ်ရွယ်နဲ့ လင်စိတ် သားစိတ် မွေးကြတာရှိတယ်။ သမီးရည်းစားထားကြတာလည်း ရှိတယ်။ မိုက်မိုက်ရူးရူး ခိုးပြေးကြတာလည်းရှိတယ်။

မိန်းကလေး အသက်မပြည့်သေးဘဲ ခိုးရာကို လိုက်ပြေးရာက ယောကျ်ားလေးအဖို့ ဖြားယောင်းသွေးဆောင် ခိုးယူပေါင်းသင်းမှုနဲ့ တရားစွဲခံရတာမျိုးတွေ တော်တော်များတယ်။ တချို့ ခိုးပြေးတဲ့ ယောကျ်ားလေးတွေကိုယ်တိုင် ဆယ့်လေးငါးနှစ်အရွယ်တွေ ဖြစ်နေတတ်တယ်။

ပြောစရာတစ်ခု ရှိသေးတယ်။ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးထဲမှာ မိန်းမရဲ့ ကာယိန္ဒြေပျက်စီးစေဖို့အကြံနဲ့ လက်ရောက်မှုကျူးလွန်ရင်၊ သို့မဟုတ် ရာဇဝတ်မကင်းတဲ့ အနိုင်အထက်ပြုမှုကိုပြုရင် ထောင်ဒဏ်နှစ်နှစ်အထိ တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ ပုဒ်မ ၃၅၄ မှာ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

ဒါပေမယ့် ယောကျ်ားလေးရဲ့ ကာယိန္ဒြေ ပျက်စီးစေဖို့ အကြံနဲ့ လက်ရောက်မှု ကျူးလွန်ရင်၊ ဒါမှမဟုတ် ရာဇဝတ်မကင်းတဲ့ အနိုင်အထက် ပြုမူမှုကိုပြုရင် ဆိုတာမျိုးတော့ ဥပဒေမှာ မတွေ့ရတာ အမှန်ပဲ။

ပြောရင် ယုံချင်မှ ယုံကြလိမ့်မယ်။ ရုပ်ရှင်လောကမှာ နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ်တစ်ဦး လာရောက် ဆွေးနွေးဖူးတယ်။ ရုပ်ရှင်ရိုက်နေတုန်း အမျိုးသမီးတစ်အုပ် ရုပ်ရှင်ရိုက်ရာကို ရောက်ရှိလာကြတယ်လို့ဆိုတယ်။ ပြီးတော့ အဲဒီနေ့ ကားရိုက်ပြီးတဲ့အထိ ဝိုင်းကြည့်ကြတယ်လို့လည်း ဆိုတယ်။ ကားရိုက်အပြီးမှာ မိန်းကလေး အမျိုးသမီးအုပ်က အတင်းလာမိတ်ဆက်ပြီး သူ့ကို ဝိုင်းထားလိုက်ကြတယ်လို့လည်း ဆိုတယ်။

တစ်ယောက်က လက်ကိုဆွဲ၊ နောက်တစ်ယောက်က ခါးကို လာဖက်တယ်လို့ ဆိုပါတယ်။ သူ့ပါးကို အလစ်မှာ ကောင်မလေး

တစ်ယောက်က နမ်းလိုက်တယ်လို့လည်း ဆိုတယ်။ ဒီကြားထဲ ဘယ်လို က ဘယ်လိုကြောင့်မှန်းမသိ၊ သူ့ခါးကပုဆိုးတောင် ပြုတ်သွားတယ်ဆိုပဲ။ ဒါနဲ့ သူလည်း အတင်းရုန်းထွက်ပြီး လစ်ခဲ့ရတယ်တဲ့။

ဒါကြောင့် မိန်းကလေးတွေကို ပြန်ပြီးအရေးယူနိုင်ဖို့ လာ ဆွေးနွေးခြင်း ဖြစ်တယ်။

အင်း. . . . ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ချိန်ချိန်မှာ ဥပဒေပြဋ္ဌာန်း ဖို့ ဖြစ်လာမလားလို့ စဉ်းစားမိရဲ့။

## တွေးမိတွေးရာ

တစ်ဆက်တည်းဆိုသလို တွေးမိတာလေးရှိတယ်။ အဲဒါက ဘာလဲ ဆိုတော့ အမျိုးသမီးတွေ သဘောတူခွင့်ပြုချက်မရဘဲ ယောကျ်ားလေး က ကျူးလွန်ရင် အဝမ္မမှုဖြစ်တယ်။ ဒါတော့ ဟုတ်ပါရဲ့၊ ယောကျ်ားလေး သဘောတူခွင့်ပြုချက်မရဘဲ မိန်းကလေးက ကျူးလွန်လာရင်ကော ဆိုတဲ့အတွေးပေပဲ။ ဆရာဝန်တစ်ယောက်ရဲ့ မှတ်ချက်ကတော့ ရှင်း တယ်။ ယောကျ်ားလေး အလိုမတူရင် ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုပဲ။

## အခန်း (၂)

## အခြားလူများ၏ပိုက်ပဲမှုဖြင့် သင်ခန်းတယူပါ

ခန္ဓာကိုယ်ကို ရင်းနှီးပြီး စီးပွားရှာကြတဲ့ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ အမှုအခင်းအကြောင်းပြောပြမယ်။ သူတို့ကို ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေနဲ့ အရေးယူလေ့ရှိတယ်။ ဒီဥပဒေကို စတင် ပြဋ္ဌာန်းတုန်းကဆိုရင် ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေလို့ အမည်ပြုခဲ့တယ်၊ နောက်ပိုင်းမှာ ပပျောက်ရေး အက်ဥပဒေအစား နှိပ်ကွပ်ရေး အက်ဥပဒေရယ်လို့ ပြင်ဆင်ခဲ့တယ်။

တစ်ချိန်က ဒီလုပ်ငန်းဟာ တော်တော်ကြောက်စရာ ကောင်းလောက်အောင် တောထနေခဲ့ဖူးတယ်။ ဆင်ခြေဖုံးရပ်ကွက်နဲ့ မြို့လယ် ရပ်ရှင်ရုံ၊ ဈေး၊ ပန်းခြံ၊ လမ်းဘေး၊ ကားဂိတ်တွေမှာ ပျားပန်းခတ်မျှပဲ။ 'ခေါင်း'လုပ်စားတဲ့ ပုဂ္ဂိုလ်တွေ၊ ကာမပွဲစားတွေဆိုတာ ခြေချင်းလိမ်နေ တာပဲ။

ဒီလောကထဲဝင်ကြည့်မှ ပိုပြီး ကြောက်စရာကောင်းတယ်၊ အပြင်ပန်းကြည့်လို့ကတော့ တစ်မျိုးပေါ့။

သူတို့ရဲ့ဘဝတွေက မျိုးစုံလို့နေတယ်။ ဒီလောကထဲ ရောက်လာပုံ ရောက်လာနည်းကလည်း စုံတယ်။ မိန်းကလေး တော်တော်များများဟာ အိမ်ထောင်ပျက်ပြီးစ သားသည်မိခင်တွေများတယ်။ မိသားစုတာဝန်

တစ်နိုင်တစ်ပိုင်ဝင်ထမ်းကြတာလည်းပဲပါတယ်။ ဝါသနာပါလို့ ဝင်လာတာတွေလည်း ရှိတယ်။ စီးပွားရေးအခြေမခိုင်လို့ ဒီလောကထဲ ဝင်လာတာမျိုးလည်း ရှိတယ်။ တချို့များဆိုရင် စီးပွားဖြစ်အောင် ကြံကြတယ်။ ဒီအလုပ်လုပ်ပြီး ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနဲ့ အခြေအနေမျိုး ဖြစ်ထွန်းသွားတာရှိတယ်။ ခြေတံ လက်တံရှည်ရင် ရှည်သလောက် ခရီးပေါက်အောင် ကြိုးစားကြတယ်။ နိုင်ငံခြားသားတွေနဲ့ ဆက်မိပြီး ပြည့်တန်ဆာတစ်ဖြစ်လဲ အထက်တန်းပိုင်းလုံး လုပ်စားကြတာလည်း ရှိတယ်။ တစ်ချို့ကျတော့ လက်လှမ်းမီသလောက် နယ်ပယ်အတွင်းမှာပဲ လည်သလိုပတ်သလို ပရိယေသန လုပ်စားကြတယ်။ ဒီနယ်မှာ အရေးပါတဲ့ ပုဂ္ဂိုလ်တွေကတော့ ခေါင်းလုပ်စားတဲ့ ပုဂ္ဂိုလ်တွေပဲ။ လူရည်လည်ပြီး ကြံတတ်ဖန်တတ်၊ လှည့်တတ်ပတ်တတ်၊ လျှော်တတ်၊ ကလော်တတ်တဲ့ ခေါင်းလုပ်စားသူပုဂ္ဂိုလ်က အလုပ်လုပ်မယ့်ပုဂ္ဂိုလ်ကို ရှာပေးတယ်။ ဈေးစကား၊ အခကြေးငွေကို ခေါင်းကပဲဖြတ်တယ်။ ဈေးတည့်လို့ ငွေချေရင်လည်း ဒီမောင်တွေလက်ထဲ ငွေအကုန် ထည့်ပေးလိုက်ရတယ်။ ငွေရတော့မှ မိန်းကလေးကို အလုပ်လုပ်သူ့လက်ထဲ အပ်တယ်။ ခေါ်သွားပေတော့။

အမျိုးသမီးကိုခေါ်သွားပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ စည်းရုံးနိုင်လို့ကတော့ တစ်နေ့ကုန်ပဲ ခေါ်ထားခေါ်ထား၊ တစ်သက်လုံးပဲ ခေါ်ထားခေါ်ထားပေါ့၊ အမျိုးသမီး မကျေနပ်လို့ကတော့ ပြဿနာတက်သွားနိုင်တယ်၊ မိန်းကလေးက သူ့ကို မတရားကြံပါတယ်ဆိုပြီး အမှုသွားဖွင့်ရင် ပြဿနာခပ်ကြီးကြီး တက်သွားနိုင်စရာအကြောင်းရှိတယ်။

ပြဿနာ တက်တာမျိုးတွေ အများကြီးရှိတယ်။ မူလက တစ်ယောက်ချင်း အလုပ်လုပ်ဖို့ဆိုပြီး ခေါ်သွားတယ်၊ ဟိုရောက်တော့ အမျိုးသားလေးငါးယောက် ဖြစ်လာတယ်။ မိန်းကလေး ကျေနပ်အောင် အပိုဆုကြေး ပေးနိုင်ရင်တော့ မိန်းကလေးကလည်း လက်ခံတာ

များတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီငွေက သူ့အနေနဲ့ ဘယ်သူ့ကိုမှ ဝေစုခွဲပေးစရာမလိုတဲ့ ငွေဖြစ်လို့ပဲ။ သူ့မူပိုင်ကြေးသက်သက်ကို သူ အပြည့်အဝရလို့ပဲ။ မူလ ခေါင်းကို ပေးခဲ့တဲ့ငွေကတော့ ဟိုမောင်က ပွဲခတစ်ဝက်ကျော် နှုတ်သိမ်းပြီး ကျန်ငွေကိုသာ သူရပိုင်ခွင့်ရှိတယ်။

ဒီတော့ ကျေနပ်အောင် အပေးအယူ လုပ်ရတယ်။ အမျိုးသမီး မကျေနပ်ရင် အဲဒါ မုဒိမ်းမှုပဲ။ တစ်ချို့ယောကျ်ားလေးတွေက လူလည်ကျလွန်းတယ်။ နည်းနည်းလေးတော့ ကြောလိုက်ရမှဆိုတဲ့ အမျိုးထဲကပဲ။ ထုသား ပေသားကျပြီး သွေးမသေးတဲ့ အမျိုးထဲကဟာနဲ့ တွေ့လို့ကတော့ တရားရုံး ရောက်လာကြတာများတယ်။ ဒီလိုအဖြစ်မျိုးတွေ တရားရုံးမှာ တော်တော်များများ ကြုံရတယ်။ မုဒိမ်းမှု တော်တော်များများဟာ အပေးအယူမသင့်တာကစပြီး ရုံးပြင်ကနား ရောက်လာကြတာများတယ်။

မိန်းကလေးဘက်က တွေးကြည့်ရင် ဟုတ်တော့လည်း ဟုတ်တယ်။ ယောကျ်ားသားတွေရဲ့ မတရားအနိုင်ကျင့်မှုသက်သက်ပဲ။ မူလ မိန်းကလေးအဖို့ သဘောတူခဲ့တယ်ပဲထားဦး နောက်ပိုင်း သဘောမတူဘူးလို့ ငြင်းဆန်လျက်နဲ့ ရှေ့ဆက်တိုးရင် မုဒိမ်းမှု မြောက်တာပဲ။ မိန်းကလေးဟာ ပြည့်တန်ဆာမ ဖြစ်တဲ့အတွက် သူတို့အဖို့ အပြစ်မထိုက်သင့် စေအပ်ပါဘူးလို့ အမျိုးသားတွေဘက်က ပြောလို့မရဘူး။ ပြည့်တန်ဆာမဆိုတာကို အကြောင်းပြုပြီး ဆင်ခြေဆင်လက် ပေးလို့မရဘူး။ မိန်းကလေးရဲ့ အားနည်းချက်ကို ထောက်ပြပြီး မိမိအတွက် အကာအကွယ်ယူတာမျိုးကို ဥပဒေက လက်ခံမှာမဟုတ်ဘူး။ မိန်းကလေးဟာ ပြည့်တန်ဆာမဖြစ်ဦးတော့ သူသဘောမတူဘဲ ဆက်ဆံရင် မုဒိမ်းမှုဖြစ်တယ်။

ဒီအလုပ်လုပ်စားရတဲ့ မိန်းကလေးတွေအဖို့ ရပေါက်ရလမ်း အခွင့်သာလို့သာ လုပ်နေကြတာ။ တကယ်တော့ အင်မတန် စိတ်ပျက်စရာကောင်းတယ်။

## ကားနဲ့လိုက်ကြည့်ပါဆရာ

တစ်အိမ့်ခေါင်းတွေဆိုရင် ကိုယ်ပိုင်အငှားကားဂိတ်က ကားသမားတွေနဲ့ ဆက်ထားတယ်။ အလုပ်လုပ်မယ့်ပုဂ္ဂိုလ်ကို လိုက်ကြည့်ဖို့အကြောင်း၊ တွေ့ရင် လက်မလွှတ်နိုင်အောင် စွဲသွားစေရမယ်ဆိုတဲ့အကြောင်း၊ အခုမှ အလုပ်ဝင်စ ရှိသေးကြောင်း၊ စိတ်ကြိုက်ဖြစ်မှအလုပ်လုပ်စေလိုကြောင်း၊ လိုက်ကြည့်ဖို့ ကားလည်း အဆင်သင့်ရှိကြောင်း စည်းရုံးရေးဆင်းတယ်။

ကြိုက်မှ အလုပ်လုပ်၊ မကြိုက်ရင် ကိစ္စမရှိဘူး ဆိုတော့လည်းဘာပြောကောင်းမလဲ၊ ဒီလောက်ညွှန်းနေမှတော့ လိုက်ကြည့်ချင်ချင်ရှိတာနဲ့ အငမ်းအတာ လိုက်ကြည့်ကြတယ်။ ဆင်ခြေဖုံးရပ်ကွက် အိမ်တစ်အိမ်ကို ခေါ်သွားပြတယ်။ ညွှန်းထားတာနဲ့ တခြားစီပဲ။ ကြိုက်သလား၊ မကြိုက်ဘူးလား၊ အားမနာပါနဲ့ ပြောသာပြောပါ၊ မကြိုက်သေးရင် နောက်တစ်ယောက် လိုက်ပြမယ်ဆိုပြီး နောက်ရပ်ကွက်တစ်ခုက အိမ်တစ်အိမ်ထဲ ခေါ်သွားပြီး ပြပြန်တယ်။ စိတ်ကုန်စရာကြီးပဲ။ ကြိုက်သလား၊ မကြိုက်ဘူးလား၊ အားမနာပါနဲ့ မကြိုက်ရင်နောက်တစ်ယောက်လိုက်ပြပေးပါဦးမယ်ပေါ့၊ ထုံးစံအတိုင်း ဝါဒကမာတွေလုပ်တယ်။

ဘယ်လိုမှစိတ်ကြိုက်မတွေ့တဲ့အဆုံး လာလမ်းအတိုင်း ပြန်ခေါက်ကြတယ်။ စိတ်ကြိုက်မတွေ့တာတော့ အမှန်ပဲ။ အလုပ်မဖြစ်တာလည်းအမှန်ပဲ။ ဒါပေမဲ့ ကိုယ်ပိုင်အငှားကားစရိတ် ကားဆရာကို ရှင်းလိုက်ရတယ်။

တစ်ဖက်ကို စိတ်ကမဲပြီး လိုက်ကြည့်နေလို့ ကားစရိတ် တရိပ်ရိပ်တက်နေတာကို သတိမထားမိဘူး။ ကားဆရာကလည်း ကားငှားချိန်တမင်ကြာအောင် သွယ်သွယ်ကွယ်ကွယ်လုပ်သွားတယ်။ တစ်ရပ်ကွက်က တစ်ရပ်ကွက်၊ မြောက်ဘက်မောင်းလိုက်၊ တောင်ဘက်မောင်းလိုက်

နဲ့ နောက်ဆုံး သူ့အတွက် တွက်ခြေကိုက်အောင် လုပ်သွားတယ်။ အလုပ်ဖြစ်တာ မဖြစ်တာ သူ့အဓိကစီးပွား မဟုတ်ဘူး။

ဒီကြားထဲ အလုပ်လုပ်မယ့်မောင်က ချဉ်ချဉ်တူးတူး မူးပြီးရော မထူးတော့ပါဘူးဆိုပြီး ကြုံရာတစ်ယောက် ရွေးကောက်လိုက်တဲ့ အခါမျိုးဆိုရင် ကားခအပြင် ပွဲခပါ မုတ်ဆိတ်များစွဲလိုက်သေးရဲ့။

## ပြည့်တန်ဆာအိမ် ဖမ်းနည်းသစ်

သက်ဆိုင်ရာကဖမ်းတိုင်း သူတို့က လက်ဦးပြီး ကိုယ်ရောင်ဖျောက်တတ်ကြလွန်းလို့ ဖမ်းပုံဖမ်းနည်းထွင်ပြီး ဖမ်းရတဲ့အထိပဲ။ တစ်ခါက အမှုတစ်မှုမှာ ကြုံဖူးတယ်။

ဖမ်းရာမှာ ပါဝင်မယ့် သက်သေလူကြီးနှစ်ဦးကို နံပါတ်မှတ်ပြီး ငွေစက္ကူတစ်ချို့ပေးလိုက်တယ်။ အလုပ်လုပ်မယ့်အိမ်ကို အလုပ်လုပ်ဖို့ လာကြတဲ့ ပုံစံမျိုးနဲ့ လွှတ်လိုက်တယ်။ ကျန်ရစ်ခဲ့တဲ့ ရဲတပ်ဖွဲ့ဝင် တစ်ချို့က မလှမ်းမကမ်းမှာ နေရာယူရောက်ရှိနေကြတယ်။ ကြိုတင်ပြီး အချိန်ကိုက်ထားကြတယ်။ ဖမ်းဆီးရာမှာ ပါဝင်မယ့် သက်သေ နှစ်ယောက်ကိုယ်တိုင် ငွေပေးပြီး အခန်းတစ်ခန်းစီမှာ အလုပ်လုပ်ကြတယ်။ ကြိုတင်သတ်မှတ်ထားတဲ့အချိန်မှာ အပြင်က ရဲတပ်ဖွဲ့ဝင်တွေ ဝင်ဖမ်းတယ်။ အိမ်ထဲမှာလည်း ကိုယ့်လူတွေ ရောက်နှင့်နေတဲ့အတွက် လက်ပူးလက်ကြပ် ဖမ်းမိနိုင်ခဲ့တယ်။ အဲဒီလို ဖမ်းယူရလောက်အောင် ဖြစ်ခဲ့ဖူးတယ်။

## ယော်ပါးသူယောက်ျားကို အရေးယူဖို့

ပြည့်တန်ဆာကိစ္စ နှိပ်ကွပ်အရေးယူရာမှာ အမျိုးသမီးထုကြီး တစ်ရပ်လုံးဘက်က မကျေနပ်တဲ့ အချက်ကြီးတစ်ချက် ရှိနေတယ်။

အဲဒါကတော့ ပြည့်တန်ဆာကိစ္စ ပျော်ပါးလို့ ဖမ်းဆီးမိတဲ့အခါမှာ အမျိုးသမီးကိုသာ အရေးယူလေ့ရှိပြီး အမျိုးသားတွေကိုတော့ အရေးမယူတဲ့အတွက်ကြောင့်ပဲ။ ငွေကြေးပေးပြီး ပျော်ပါးကြတဲ့ အမျိုးသားတွေကိုတော့ ဘယ်လိုမှ ဥပဒေက အရေးမယူဘဲ အမျိုးသမီးတွေကိုသာ ဥပဒေနဲ့အရေးယူတယ်။ ဒါဟာ မတရားဘူး။ အမျိုးသမီး၊ အမျိုးသားတန်းတူအခွင့်အရေး မရရှိဘူး၊ မမျှတဘူး ပြောကြတယ်။

ဟုတ်ကောင်း ဟုတ်မှာပဲ။ အမျိုးသမီးထုက မမျှတဘူးလို့ မြင်ကောင်းမြင်ပေမယ့် ဥပဒေအမြင်ကတော့ တစ်မျိုးမြင်တယ်။

ပြည့်တန်ဆာကိစ္စ အလို့ငှာ ပျော်ပါးတာကို သိခဲ့လို့ရှိရင် အမျိုးသမီးကို ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရ အရေးယူလေ့ရှိတယ်။ ငွေကြေးပေးပြီး ပျော်ပါးတဲ့ အမျိုးသားတွေကျတော့ သက်သေပြုလုပ်တယ်။

သက်သေအဖြစ် ရုံးမှာ အစစ်ဆေးခံတော့ အမျိုးသမီးက သူ့ကို ဘယ်ပုံဘယ်နည်း ပြည့်တန်ဆာကိစ္စအလို့ငှာ မြှူဆွယ်ပုံ၊ ပျော်ပါးပုံ၊ ပျော်ပါးခအဖြစ် ဘယ်ငွေ ဘယ်မျှပေးရပုံတွေကို ရုံးရှေ့မှာကျမ်းကျိန်ပြီး အစစ်ခံရတယ်။

ဒီလိုစစ်ချက်၊ ထွက်ဆိုချက်တွေ ရှိမှလည်း အမှုပေါ်လွင်မှာကိုး။ အမှုပေါ်လွင်မှ အပြစ်ပေးနိုင်မှာ မဟုတ်လား။ ဒီကိစ္စမျိုးဆိုတာ ကာယကံရှင်နှစ်ဦးသာသိတဲ့ကိစ္စ။ ပွဲစားတွေ ပါလာတာမျိုး၊ ခေါင်းတွေ ပါလာတာမျိုးက တစ်မျိုး။ ကာယကံရှင်နှစ်ဦးပဲ ပျော်ပါးတုန်း ပျော်ပါးခိုက် ဖမ်းမိတာမျိုးက တစ်မျိုး။ နှစ်ယောက်ပျော်ပါးတုန်း ဖမ်းမိတဲ့အမှုမှာ ယောကျ်ားကော မိန်းမကော နှစ်ဦးစလုံးကို ဖမ်းတယ်ဆိုရင် အထောက်အထား သက်သေခံချက်မရှိ ဖြစ်နေမှာပါ။ ငွေပေးပြီး ပျော်ပါးတာ သက်သေပြုရခက်တယ်။

ဖြစ်ပုံကလေး ပြောရဦးမယ်။

အရွယ်ရောက်ပြီး သမီးရည်းစားနှစ်ယောက် နှစ်ဦးသဘောတူ အိမ်တစ်အိမ်ကို ရောက်လာကြတယ်။ အဲဒီအိမ်အကြောင်းကို သူတို့ မသိကြဘူး။ သူငယ်ချင်းတစ်ယောက်စီစဉ်ပေးလို့ ဒီအိမ်ကို ရောက်လာကြတာဖြစ်တယ်။

လွတ်လွတ်လပ်လပ် အခန်းထဲမှာတွေ့ကြတယ်၊ ချစ်တင်းနှောကြတယ်၊ မကြာခင် ရဲနဲ့ အရပ်လူကြီးတွေက အခင်းဖြစ်အိမ်ကို ရောက်လာကြပြီး အိမ်ရှင်ကိုကော သူတို့အတွဲကိုကော ဖမ်းတယ်။

ဒီအိမ်က နာမည်ကြီးအိမ်၊ အခယူပြီး အခန်းငှားတဲ့အိမ်၊ ပြည့်တန်ဆာအမျိုးသမီးတွေ ကျက်စားရာနေရာ၊ ကိုယ်က ဒါတွေကို မသိခဲ့ပေမယ့် ဒီမှာလာပတ်သက်နေတော့ ပြဿနာထဲပါရတော့တာပဲ။ ငရုတ်သီးနဲ့ဆက်နွယ်မိလို့ ကြက်သွန်ပါ ငရုတ်ဆုံထဲရောက် အထောင်းခံရတဲ့အဖြစ်မျိုး ကြုံရတတ်တယ်။

ငွေရေးကြေးရေး ပါလာတယ်၊ ငွေပေးပြီး ပျော်ပါးတာမျိုးဆိုရင်တော့ အရေးယူလို့ရတယ်။ အရေးယူတဲ့နေရာမှာ အမျိုးသားက အလိုလို သက်သေဖြစ်သွားတယ်၊ ဟုတ်ပါတယ်၊ သူမနဲ့ ပျော်ပါးပါတယ်၊ ဒီလိုပျော်ပါးတဲ့အတွက် သူမကို ပျော်ပါးခ ဘယ်လောက်ပေးရပါတယ်ဆိုပြီး ရုံးရှေ့မှာ သက်သေထွက်ပေးရတယ်။ အမျိုးသားကို သက်သေလုပ်မှ အမျိုးသမီးကို အရေးယူနိုင်မှာ၊ နို့မဟုတ်ရင် အမျိုးသမီးကို အရေးယူနိုင်မှာ မဟုတ်ဘူး၊ ဒါက အရေးယူမှုပိုင်းဆိုင်ရာ ပြဿနာ၊ ဒီထက် ပိုပြီးထိရောက်တဲ့ အရေးယူနည်းတွေ တိုးတက်လာရင်တော့ ယောကျာ်းတွေ ပါကောင်းပါလာနိုင်တယ်၊

လာဘ်ပေးလာဘ်ယူမှုမှာတောင် ရှိတယ်မဟုတ်လား၊ လာဘ်ယူတဲ့ပုဂ္ဂိုလ် အပြစ်ရှိသလို လာဘ်ပေးတဲ့ပုဂ္ဂိုလ်လည်း အပြစ်ရှိတာပဲ။

## ခေါင်းမြီးခြုံ ခေါင်း

ပြည့်တန်ဆာနှိပ်ကွပ်ရေးကို လုပ်မယ်ဆိုရင် အဓိကပစ်မှတ်ဟာ ပြည့်တန်ဆာခေါင်းပဲ။ ဒီလူတွေက မဆီမဆိုင် ကြားကခေါင်းပုံဖြတ် အုပ်စားနေကြတယ်။ ဒီလူစားတွေကြောင့် ပြည့်တန်ဆာလောက စည်ပင်ကျယ်ပြန့် ကူးစက်လာတာဖြစ်တယ်။ မိန်းကလေး တော်တော်များများက ဒီလူတွေကို အကြောင်းပြုပြီး ဒီနယ်ထဲ မြေစမ်းခရမ်းကျိုးခွင့် ရခဲ့ကြတာပဲ။ ဒီလူတွေမှာ အချောင်သက်သက် ဖြီးဖြီးဖြက်ဖြက်ရတာ။ ဟိုမိန်းကလေးတွေခမျာ ချွေးလည်းတွက်ရ ခေါင်းပုံလည်း အဖြတ်ခံရနဲ့။ ဒါပေမဲ့ ဒီမောင်တွေကလျှင်တယ်။ စည်းရုံးရေးလည်း ကောင်းတယ်။ မိန်းကလေးကို ဖမ်းသွားရင်လည်း နောက်ကလိုက်ပေးတယ်။ တစ်နည်းနည်းနဲ့ ထုတ်ဆယ်ပေးတယ်။ အာမခံရဖို့ အမှုသက်သာဖို့က အစ ငွေကြေးရော လူအားရော ဆိုပါတော့။ ကုန်ကျစရိတ်ကို နောက်ပိုင်း အလုပ်ပြန်လုပ်တဲ့အခါမှာမှ ပြန်ဖြတ်ယူတယ်။

ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေနဲ့ အရေးယူခံရတဲ့ ပုဂ္ဂိုလ်တွေထဲ ကာယကံရှင် အမျိုးသမီးရယ်၊ ပျော်ပါးဖို့ အခကြေးငွေယူပြီး အခန်းငှားသူရယ် သူတို့တတွေပဲ များတယ်။ ကြားထဲက ပွဲစားလုပ်တဲ့ ပုဂ္ဂိုလ်တွေ အရေးယူခံရတာ သိပ်နည်းတယ်။ သူတို့ကို အထောက်အထားနဲ့ လက်ပူးလက်ကြပ်ဖမ်းနိုင်ဖို့ ခက်တယ်။

သူတို့ဟာ တစ်စစ ပြည့်တန်ဆာခေါင်း ဘဝကနေ လူမှောင်ခို ကုန်ကူးသူတွေဖြစ်လာတယ်။ လုပ်ငန်းပိုကြီးထွားလာတယ်။ ပိုကျယ်ပြန့်လာတယ်။

နားနဲ့မနာ ဖဝါးနဲ့နာပါလို့ပဲ ပြောရတော့မှာပဲ။ ပြည်ပက ရောက်လာတဲ့ နိုင်ငံခြားသားတွေထဲမှာ အံ့ဩဖို့ကောင်းတဲ့ ငနဲတွေရှိတယ်။ သူတို့က လူငယ်လူရွယ် ယောက်ျားလေးတွေကို ငွေပေးပြီးရှာတယ်၊ မွေးတယ်။ ပြည်ပကိုလည်း အလည်အပတ်ခေါ်ခေါ်သွားတယ်။ လိုချင်

တာလည်း ဝယ်ပေးတယ်။ ဘယ်လိုသဘောနဲ့လည်းဆိုတော့ လိင်တူဆက်ဆံဖို့ပဲ။

အဆက်အသွယ်တစ်ယောက် ရထားပြီးရင် နောက်ထပ် နောက်ထပ် ထပ်ထပ်ရှာခိုင်းတာတွေရှိတယ်။ ယောက်ျားလေးလည်း ချမ်းသာမပေးပါ။

တချို့ဆိုရင် အသက်ငယ်ရွယ်တဲ့ မိန်းကလေး ပြည့်တန်ဆာတွေကို ရှာဖွေဖို့ရည်ရွယ်ပြီး ရောက်လာတာရှိတယ်။

သူတို့က ငွေပေးပြီး ပြည်ပကိုခေါ်ထုတ်ခိုင်းတယ်။ နောက်ကနေစီပံတယ်။ ငွေကိုသာမြင်တဲ့ ပြည်တွင်းက သူတွေကတော့ မုဆိုးအမဲလိုက်သလို သားကောင်ကို ရှာတော့တာပဲ။ မိလို့ခံစရာရှိရင် အဲဒါလူမှောင်ခိုကုန်ကူးမှုပဲ။

တချို့ရှိတယ်။ စလုပ်တုန်းကတော့ အလုပ်ပွဲစားပါပဲ။ တစ်ဖက်နိုင်ငံသွားပြီး အလုပ်လုပ်ချင်ရင် သွားလုပ်လို့ရအောင် ဆောင်ရွက်ပေးတယ်။ ဟိုဘက်ကပွဲစားနဲ့ ချိတ်ဆက်ပေးတဲ့သဘောပါ။ နောက်တော့ ဟိုဘက်ကပွဲစားက လူကိုပါ ရောင်းစားတဲ့အဆင့်အထိ လုပ်လာကြတယ်။

များသောအားဖြင့် တရားမဝင် သူတစ်ပါးနိုင်ငံသွားပြီး အလုပ်လုပ်တဲ့သူတွေအဖို့ တစ်ပါးနိုင်ငံရဲ့ စကားပြောလည်းမတတ်၊ ကိုယ်ကိုယ်တိုင်ကလည်း တရားမဝင် လုပ်ကိုင်နေရလို့ သိမ်ငယ်စိတ်ကလည်းရှိဆိုတော့ ဟိုမှာဘယ်သူ့ကိုအားကိုးလို့ အားကိုးရမှန်းမသိ၊ တိုင်ရတောရကောင်းမှန်းလည်းမသိ၊ မတရားပြုသမျှ ခေါင်းငုံ့ခံကြရတယ်။

## လူမှောင်ခိုကုန်ကူးမှု

တစ်ချို့က ထင်တယ်၊ လူမှောင်ခို ကုန်ကူးမှုဆိုတာ နိုင်ငံဖြတ်ကျော်မှ လူမှောင်ခိုရောင်းစားမှု ဖြစ်တယ်လို့ ထင်တယ်၊ မဟုတ်ဘူး။

ခေါင်းပုံပြတ်ခြင်းဟာလည်း လူကုန်ကူးတာမှာပါတယ်။ လူတစ်ယောက်ကို ပြည့်တန်ဆာ လုပ်နိုင်းတာ၊ အခြားနည်းနဲ့ ကာမဆိုင်ရာကိစ္စ လုပ်နိုင်းတာ၊ အဓမ္မအလုပ်နိုင်းတာ၊ အဓမ္မဟန်ဆောင်မှုပေးစေတာ၊ ကျွန်ပြုတာ၊ ကျေးကျွန်လိုနိုင်းတာ၊ ပြေးပြီနဲ့နှောင်ဖွဲ့ပြီး နိုင်းတာ၊ ခန္ဓာကိုယ် အစိတ်အပိုင်းကို ထုတ်ဖယ်တာ၊ ရောင်းချတာတွေဟာ လူကုန်ကူးမှုမှာ အကျုံးဝင်တာချည်းပဲ။

## အခန်း (၃)

## မှန်ကန်မှုတစ်ဝက်ပါသော မှသားသည် အဆိုးရွားဆုံးမှသား

နောက် တင်ပြချင်တဲ့ အမှုမျိုးအစားကတော့ မယားခိုးမှုပဲ။ ကာမဂိုဏ် လင်ယောကျ်ားရှိပါလျက်နဲ့ သူတစ်ပါး သားမယား ဖြစ်မှားတာကို ဘာသာတရားက တားမြစ်တယ်။ ဥပဒေကလည်း တားမြစ်တယ်။ ဒီလို တားမြစ်ထားတဲ့ကြားက သူတစ်ပါးမယားကို ခိုးယူပေါင်းသင်းသူတွေ ရှိကြတယ်။ ဒါမျိုးကို တရားဥပဒေက မျက်နှာသာမပေးဘဲ ထိထိရောက်ရောက် အပြစ်ပေးလေ့ရှိတယ်။

မယားခိုးမှုမျိုးမှာ ကာယကံရှင်မိန်းမသားရဲ့ အလိုဆန္ဒ ပါရှိလို့သာ ဖြစ်ကြရတာပဲ။ မယားရဲ့ ဆန္ဒသဘောထားမပါဘဲ မယားခိုးမှု ဘယ်တော့မှမဖြစ်ဘူး။ မယားဆန္ဒမပါရင် မုဒိမ်းမှုပဲဖြစ်တယ်။ မယားဆန္ဒပါရင် မယားခိုးမှုပဲ။

မိန်းမတစ်ဦးဟာ လက်ရှိ ကာမဂိုဏ် လင်ယောကျ်ားတစ်ဦးတည်းသာရှိရမယ်။ နှစ်ယောက်ပြိုင်ဆိုတာ မရှိကောင်းဘူး။ ခြွင်းချက်တော့ရှိတယ်။ ပထမယောကျ်ားက ကြည်ဖြူလက်ခံတယ်ဆိုရင် တစ်မျိုးပေါ့။ ပထမယောကျ်ားက သဘောမတူ၊ မကြည်ဖြူရင် ဒုတိယလင်ဟာ မယားခိုးမှု ဖြစ်တော့တာပဲ။

မယားခိုးမှု ဆိုတာမျိုးက လင်ရှိမယားကို ခိုးယူပေါင်းသင်းမှ မယားခိုးမှုမြောက်တာမျိုး မဟုတ်ဘူး။ ခိုးယူခြင်းမရှိဘဲ တစ်နေရာရာမှာ တိတ်တဆိတ် ဖောက်ပြန်မိကြရုံနဲ့လည်း မယားခိုးမှုမြောက်တယ်။

မိန်းမသားတစ်ဦးအနေနဲ့ လင်ရှိယောက်ျားကို စိတ်ကုန်ခန်းပြီး နောက်တစ်ယောက်နဲ့ ပေါင်းချင်တယ်ဆိုရင် လက်ရှိပထမယောက်ျားနဲ့ တရားဝင်ကွာရှင်းပစ်ဖို့ အရေးကြီးတယ်။ ဒါမှ ကာမပိုင် လင်ယောက်ျားမရှိဘဲ လွတ်လပ်သူ ဖြစ်သွားမယ်။ ဒီတော့မှ နောက်အိမ်ထောင် ထူသင့်တယ်။

လက်ရှိအိမ်ထောင်နဲ့ တရားဝင် ကွာရှင်းပြတ်စဲခြင်း မရှိသေးဘဲ၊ ပထမယောက်ျား သဘောမတူဘဲ နောက်အိမ်ထောင် ထူမယ်ဆိုရင် ဒုတိယ လင်ယောက်ျားအဖို့ ဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ခံရမှာပဲ။

ဥပဒေလောကမှာ ဂယက်ထသွားတဲ့ မယားခိုးမှုတစ်မှု ရှိခဲ့ဖူးတယ်။ စိတ်ဝင်စားစရာ အမှုတစ်မှုပဲ။

"ကျော်ကျော်"ဆိုတဲ့ လူရွယ်တစ်ယောက်ရှိတယ်။ သူက တရုတ်စပ်၊ စီးပွားရေးအရှာအဖွေကောင်းတယ်။ ငွေအရှာအဖွေ ကောင်းသလို သုံးနိုင်ဖြုန်းနိုင်တဲ့ အခြေအနေရှိတယ်။ ကိုယ်ပိုင်ကားတစ်စီးလည်း ရှိတယ်။ ဒါပေမဲ့ ရုပ်ကတော့ ဆိုးရှာတယ်။ သူ့လုပ်ငန်း လုပ်နေကျ ဈေးရုံထဲမှာ နှစ်ခါ သုံးခါဆိုသလို "ငြိမ်းငြိမ်း"ကို တွေ့တယ်။ ငြိမ်းငြိမ်းကလည်း သူ့ကို တွေ့တိုင်းတွေ့တိုင်း စိုက်စိုက်ကြည့်တယ်။ သူ့ကို စိတ်ဝင်စားတဲ့ပုံမျိုး၊ စင်စစ် ငြိမ်းငြိမ်းဟာ အချောအလှထဲက မဟုတ်ပေမယ့် ကြည့်ပျော်ရှုပျော်တော့ရှိတယ်။ ပြီးတော့ တော်တော်ဖြောင့်တဲ့ထဲကပဲ။ ကိုယ်လုံး ကိုယ်ထည် တပ်မက်စဖွယ် အချိုးအစားတွေ ပိုင်ဆိုင်ထားတယ်။ ငြိမ်းငြိမ်းက အဲလိုမျိုးကြည့်ရင် ကျော်ကျော် ရင်တွေ ခုန်လာတယ်။ ကြက်သီးမွေးညင်းတွေထောင် ထချင်သလိုလိုပဲ။ ကျော်ကျော် တစ်ယောက် ငြိမ်းငြိမ်းကို ဒိုက်သွားတယ်လို့ ဆိုရမှာပဲ။

နောက်တော့ သူတို့ချင်း နိုးစပ်သွားကြတယ်။ သမီးရည်းစားဘဝ ခဏ ဖြစ်လိုက်ရသေးတယ်။ ဒီနောက် နှစ်ယောက်အတူ ညားပစ်လိုက်ကြတယ်။

ကျော်ကျော် ဘဝတစ်ဆစ်ချိုးက မြန်ဆန်လွန်းနေတယ်။ ငြိမ်းငြိမ်းလို မိန်းကလေးရလိုက်လို့ တယ်ဟုတ်ပါလားလို့တော့ တစ်ခါတစ်ခါ တွေးမိတယ်။

နှစ်ယောက်အတူတူနေဖို့ ငြိမ်းငြိမ်းရဲ့ ဆန္ဒအတိုင်း အခန်းတစ်ခန်းငှားတယ်။ ခုတင်၊ မွေ့ရာ၊ စားပွဲ၊ ဗီရိုတွေ ဝယ်တယ်။ သူတို့နှစ်ယောက် ညားတယ်ဆိုတာကလည်း ရုံးတက်လက်ထပ်ပြီး အတူတူနေကြတာမျိုးပဲ။ တခြားမိတ်ဆွေ သင်္ဂဟတွေဖိတ်ပြီး မင်္ဂလာဆွမ်းကျွေးတာတို့၊ ညှော်ခံတာတို့ မလုပ်ဖြစ်ဘူး။ ငြိမ်းငြိမ်းကလည်း လုပ်ဖို့မပူဆာဘူး။ အဲဒီလို ညှော်ခံမှုတွေ လုပ်မယ့်အစား ကုန်ကျမယ့်ငွေကို အိမ်အတွက် အသုံးဝင်မယ့် ပစ္စည်းတွေ ဝယ်ချမ်းစုဆောင်းမယ်လို့ပြောတယ်။ အိုးခွက်၊ ပန်းကန်ခွက်ယောက်အစ အိမ်ထောင်မှုပစ္စည်းဝယ်တယ်။

တစ်လလောက်ကြတော့ ငြိမ်းငြိမ်းကပြောတယ်။ ကျော်ကျော်အလုပ်သွားနေတုန်း သူအိမ်မှာ အဖော်မရှိဘဲနေရတာ ပျင်းတယ်ဆိုပဲ။ ဟင်္သာတက သူ့မောင် တင်သိန်းကို အိမ်မှာအဖော်အဖြစ် ခေါ်ထားချင်တယ်လို့ဆိုတယ်။ မကြာခင် မောင်တင်သိန်း အိမ်ကိုရောက်လာတယ်။

သူတို့လင်မယားက အိပ်ခန်းထဲမှာနေတယ်။ သူ့မောင် တင်သိန်းဆိုတာကိုတော့ အထပ်ခိုးပေါ်မှာ ထားတယ်။

နှစ်လလောက်ကြာတော့ အိမ်မှာနေရတာပျင်းတယ်လို့ ငြိမ်းငြိမ်းက ပြောလာပြန်တယ်။ သူလည်း တစ်ဖက်တစ်လမ်းက စီးပွားရေးလုပ်ချင်တယ်။ ဈေးဆိုင်လေး ဘာလေးဖွင့်ပြီး ဈေးရောင်းရရင်

ကောင်းမလားပဲ။ မောင်လေး တင်သိန်းလည်း ဆိုင်ထွက်ရင် အဖော်ရတာပေါ့လို့ ပြောတယ်။ ငြိမ်းငြိမ်းပြောတာလည်း မဆိုးဘူးဆိုပြီး ဈေးထဲမှာ ငြိမ်းငြိမ်းနာမည်နဲ့ ဆိုင်ခန်းတစ်ခန်း ဝယ်ပေးလိုက်တယ်။ ငြိမ်းငြိမ်းတို့ ဈေးထွက်ကြတယ်။ ဈေးထဲမှာ ဈေးရောင်းနေရပေမယ့် ဟိုဘက်ဆိုင်က မိန်းမက စိန်နားကပ်တဝင်းဝင်းနဲ့၊ သူ့မှာတော့ ကျောက်နားကပ်ကြီး ပန်ထားရလို့ ဆိုင်ထွက်ပြီး ဈေးမရောင်းချင်တော့ဘူး၊ ရှက်လှတယ်လို့ ပြောပြန်တယ်။ ကျော်ကျော်ကလည်း စိန်နားကပ်တစ်ရံ ဆင်ပေးလိုက်ရတယ်။

ငါးလပြည့်တဲ့နေ့မှာ ပြဿနာက စပေါ်လာတယ်။ ကျော်ကျော် အလုပ်က အိမ်အပြန်မှာ မယုံနိုင်စရာအဖြစ်တွေက ဆီးကြိုပါတော့တယ်။

ငြိမ်းငြိမ်းကို အိမ်မှာ မတွေ့ရတော့ဘူး။ သူ့မောင် တင်သိန်းလည်း မရှိတော့ဘူး၊ အိမ်ထောင်ပရိဘောဂအားလုံး သောက်ရေအိုးစင်ကအစ ယူသွားတယ်၊ သူ့အကျီအဝတ်အစားလောက်သာ တွေ့ရတယ်။ အိမ်နီးဘေးပတ်ဝန်းကျင်ကိုမေးကြည့်တော့ ငြိမ်းငြိမ်းနဲ့ မောင်တင်သိန်းတို့ လော်ရီကားတစ်စီးနဲ့ ပစ္စည်းတွေသယ်ပြီး ပြောင်းသွားကြကြောင်း၊ ငြိမ်းငြိမ်းက သူတို့ကို ပြောပြသွားတာကတော့ ကျော်ကျော်နဲ့သူ စိတ်သဘောချင်း မတိုက်ဆိုင်တော့တဲ့အတွက် လမ်းခွဲသွားခြင်းဖြစ်တယ် ဆိုတဲ့ အကြောင်းပဲ။

ကျော်ကျော်လည်း ခေါင်းနားပန်းကြီးသွားတယ်။ သူနဲ့ ဘယ်တုန်းကမှ စကားများ ရန်ဖြစ်တာ မရှိခဲ့ဖူးဘူး မဟုတ်လား။ ဘယ်ကို ပြောင်းသွားကြတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ နောက်တစ်နေ့ ဈေးဆိုင်ကို လိုက်သွားကြည့်သေးတယ်။ ဒီတော့မှ ငြိမ်းငြိမ်းတို့ရဲ့ အကြံကို ကျော်ကျော်ရိပ်စားမိတယ်။ လွန်ခဲ့တဲ့ သုံးလေးငါးရက်လောက်ကတည်းက ဈေးဆိုင်ကို ငြိမ်းငြိမ်းက ရောင်းသွားကြောင်း သိရတယ်။

ကျော်ကျော်အဖို့ ရှက်လည်း ရှက်သွားမိတယ်။ အခံရခက်တဲ့ အဖြစ်မျိုးပဲ။ နေရာအနှံ့အပြား ကားတစ်စီးနဲ့ လိုက်ရှာတယ်။ အဆက်အသွယ် အမျိုးမျိုးနဲ့ မြေလှန်ရှာတယ်။

တစ်နေ့တော့ ငြိမ်းငြိမ်းနဲ့ တင်သိန်းတို့ သတင်းကိုရတယ်။ ရတဲ့သတင်းက အသည်းဖျား စားနဲ့ဆွသလိုပဲ။ တင်သိန်းဟာ ငြိမ်းငြိမ်းရဲ့မောင်မဟုတ်ဘဲ လက်ရှိ ငြိမ်းငြိမ်းနဲ့ တင်သိန်းတို့ လင်မယားအဖြစ် ပေါင်းသင်းနေကြတယ် ဆိုတဲ့သတင်းပဲ။ ခိုင်လုံတိကျတဲ့ သတင်းအထောက်အထား ဖြစ်နေတယ်။

ဒီတော့ ကျော်ကျော်က တင်သိန်းကို မယားခိုးမှုနဲ့ မြို့နယ်ရုံးမှာ တရားစွဲတယ်။ ငြိမ်းငြိမ်းဟာ သူနဲ့လက်ထပ်ထားတဲ့ တရားဝင် ဇနီးမယား ဖြစ်ကြောင်း၊ သူ့ရဲ့ဇနီးမယားဖြစ်ကြောင်းကိုလည်း တင်သိန်းက သိကြောင်း၊ ၎င်းတို့ ပေါင်းသင်းနေစဉ် ငြိမ်းငြိမ်းရဲ့မောင်လို့ပြောပြီး ဟန်ဆောင်ကာ နေအိမ်တွင် နေထိုင်ခဲ့သူဖြစ်ကြောင်း၊ ယခုအခါ ၎င်းရဲ့ဇနီး ငြိမ်းငြိမ်းကို တင်သိန်းက ခိုးယူပြီး သားမယားအဖြစ် ပေါင်းသင်းနေကြောင်း၊ ဒါကြောင့် အရေးယူပေးစေလိုကြောင်း လျှောက်ထားတယ်။

တရားရုံးက တင်သိန်းကို တရားခံအဖြစ်ခေါ်ယူပြီး အမှုကို ထုချေခိုင်းတယ်။ ဒီတော့ တင်သိန်းက အောက်ပါအတိုင်း ထုချေတယ်။

ငြိမ်းငြိမ်းနဲ့သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသူတွေ ဖြစ်ကြောင်း၊ တရားဝင်တချုပ်လည်းရှိကြောင်း၊ ပြနိုင်ကြောင်း၊ ဒါကြောင့် ကျော်ကျော်က ၎င်းကို မယားခိုးမှုနဲ့ တရားမစွဲနိုင်ကြောင်း၊ စွဲရင်းစွဲ မိမိကသာ စွဲရမှာဖြစ်ကြောင်း ထုချေလာတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လက်ထပ်တချုပ်ကိုလည်း တင်ပြခဲ့တယ်။

ငြိမ်းငြိမ်းရဲ့ တရားဝင်လင်ယောကျ်ားက နှစ်ယောက်ဖြစ်နေတော့တယ်။ လွန်ခဲ့တဲ့ တစ်နှစ်အတွင်းကမှ တရားဝင် လက်ထပ်လိုက်တဲ့ ကျော်ကျော်ရယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက တရားဝင် လက်ထပ်ထားတဲ့ တင်သိန်းရယ်။

တင်သိန်းကို ကျော်ကျော်က မယားခိုးမှုနဲ့ တရားစွဲတယ်။ တင်သိန်းကလည်း ကျော်ကျော်ကိုပြန်ပြီး မယားခိုးမှုနှင့် တရားစွဲတယ်။

ကဲ ... ဘယ်လိုလုပ်ကြမလဲ။

မယားခိုးမှု ဥပဒေပုဒ်မ ၄၉၇ မှာ ဒီအတိုင်း ပြဌာန်းထားတယ်။

(မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားလည်းဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့မဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန် အကြောင်းရှိသည်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူ သဘောမတူဘဲသော် လည်းကောင်း၊ အလိုတူရာရောက်ခြင်း မရှိဘဲ သော်လည်းကောင်း ကာမစပ်ယှက်ခြင်းပြုလုပ်ရာ၌ မုဒိမ်းမှုမမြောက်လျှင် မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထိုအမှုတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ဒဏ်မထိုက်စေရ) လို့ ဆိုထားသည်။

တင်သိန်းက ကျော်ကျော်အပေါ် မယားခိုးမှုနဲ့ ပြန်စွဲတဲ့အမှုကို သုံးသပ်ကြည့်ရင် ပြဌာန်းထားတဲ့ ဥပဒေနဲ့မညီတာကို တွေ့ရလိမ့်မယ်။

ကျော်ကျော်နဲ့ ငြိမ်းငြိမ်းတို့ လက်ထပ်ပြီး ပေါင်းသင်းနေထိုင်တဲ့ ကိစ္စကို တင်သိန်းကိုယ်တိုင် သိရှိတယ်။ တစ်အိမ်တည်းမှာတောင် တင်သိန်းက လိုက်နေလိုက်သေးတယ်။ ဘယ်လို တားမြစ်မှုမျိုး၊ ကန့်ကွက်မှုမျိုးမှ မလုပ်ခဲ့ဘူး။ ကျော်ကျော်နဲ့ ငြိမ်းငြိမ်းတို့ တစ်အိပ်ရာတည်း အတူတူအိပ်တာကိုတောင် ကြည်ဖြူနေခဲ့တယ်။ ဒါကြောင့် နောက်လင် ကျော်ကျော်နဲ့ ငြိမ်းငြိမ်းတို့ အတူတူနေထိုင်ဆက်ဆံတာကို

ပထမလင်ဖြစ်တဲ့ တင်သိန်းက ကြည်ဖြူခဲ့တဲ့အတွက် (လင်ဖြစ်သူ သဘောတူရာ သက်ရောက်တယ်၊ အလိုတူရာလည်း သက်ရောက်တယ်) ပထမလင်က လွှတ်ပေးထားရာလည်း ရောက်တယ်။ ဒါကြောင့် တင်သိန်းက ကျော်ကျော်အပေါ် မယားခိုးမှုနဲ့ တရားစွဲတာ ပြစ်မှုမမြောက်ဘူးလို့ ဆိုရမယ်။ မလိုလို့ စွဲချင်သပဆိုရင် ကျော်ကျော်နဲ့ ငြိမ်းငြိမ်း ယူစဉ်ကတည်းက စွဲရပေလိမ့်မယ်။

အခုဟာက မရိုးမသားပြုမှုရာရောက်တယ်။ ဟုတ်လည်း ဟုတ်တယ်။ ငြိမ်းငြိမ်းရော တင်သိန်းရော နှစ်ဦးစလုံး မရိုးသားသူတွေပဲ။ သူတို့နှစ်ဦးဟာ လင်မယားဖြစ်တယ် ဆိုတာလည်း မှန်တယ်။ ဒါပေမယ့် မယားအဖြစ် အမည်ခံရုံသက်သက် ပေါင်းစည်းကြခြင်းသာ ဖြစ်ပေလိမ့်မယ်။

လင်နဲ့မယားဆိုပြီး တရားဝင်ဖြစ်အောင် အမည်ခံ ပေါင်းစည်းကြတာမျိုးတွေရှိတယ်။ လင်ယောကျ်ားက ပြည့်တန်ဆာခေါင်း လုပ်စားတယ်။ မယားက ပြည့်တန်ဆာ လုပ်စားတယ်။ သူတို့နှစ်ယောက်ဟာ တကယ်လင်မယားအဖြစ် ပေါင်းစည်းကြတာမျိုးမဟုတ်ဘဲ ပြဿနာဖြစ်လာရင် လင်နှင့်မယားပါဆိုပြီး ဥပဒေကို လက်တလုံးခြား အကာအကွယ်ယူနိုင်အောင်လို့ ဘဝပေး အခြေအနေအရ လင်မယားလို အမည်ခံတာမျိုး၊ ဒါမျိုးတွေရှိတယ်။

တင်သိန်းနဲ့ ငြိမ်းငြိမ်းတို့နှစ်ယောက် ပူးပေါင်းအကွက်ဆင်ပြီး ကျော်ကျော်ကို ဗိုင်းနှိပ်စက်လိုက်ကြတာပဲ။ ပြဿနာဖြစ်လာရင် ဘယ်လိုအကြောင်းပြမယ်ဆိုတာကိုတောင် သူတို့က ကြိုတင်တွက်ဆထားကြတယ်၊ ပြင်ဆင်ထားကြတယ်။

ငြိမ်းငြိမ်းဘက်ကဆိုရင်လည်း ဆင်ခြေဆင်လက် အပြည့်ရှိတယ်။ အိမ်ထောင်ပစ္စည်း ပရိဘောဂနဲ့ ဈေးဆိုင်ပါ ရောင်းချသွားတဲ့အတွက် ကျော်ကျော်အဖို့ ခေါင်းတုံးပေါ် ထိပ်ကွက်ခံလိုက်ရတာပဲ။

ဒါပေမယ့် ငြိမ်းငြိမ်းကို ဘယ်လိုသွားပြီး အရေးယူမလဲ။ ခိုးမှုနဲ့ အမှုဖွင့်ဖို့ကလည်း သူယူသွားတာတွေက သူ့ပစ္စည်းတွေပဲ။ သူက မယားပဲ။ တရားဝင်မယားပဲ။ မယားတစ်ဦးရဲ့ ရပိုင်ခွင့်ကို အသုံးချသွားတယ်။ ကျော်ကျော်က မကျေနပ်ရင် မယားခေါ်လို့မှုနဲ့ တရားစွဲဖို့ပဲရှိတယ်။

ကျော်ကျော်က တင်သိန်းကို စွဲဆိုထားတဲ့ မယားခိုးမှုကို ကြည့်ရအောင်။ တင်သိန်းဟာ ကျော်ကျော်ရဲ့ မယားကို ခိုးယူပေါင်းသင်းသူဖြစ်မလား၊ ငြိမ်းငြိမ်းရဲ့ တရားဝင်လင်ဟာ ဘယ်သူလဲ၊ ဘယ်သူဖြစ်မလဲ။ တင်သိန်းလား၊ ကျော်ကျော်လား၊ နှစ်ယောက်စလုံးပဲလား။

စာချုပ်စာတမ်း သက်သေခံချက်တွေအရ ငြိမ်းငြိမ်းရဲ့ တရားဝင်ယောကျ်ားဟာ တင်သိန်းလည်း ဖြစ်နိုင်တယ်။ ကျော်ကျော်လည်းဖြစ်နိုင်တယ်။ ဒါဆိုရင် ကျော်ကျော်က တင်သိန်းကို မယားခိုးမှုနဲ့စွဲဆိုခွင့်ရှိသလား၊ ငြိမ်းငြိမ်းရဲ့ တရားဝင်လင်ဘဝရောက်တာ တင်သိန်းကတောင် ကျော်ကျော်ထက် ရှစ်နှစ် ကိုးနှစ် စောသေးတယ်။

တင်သိန်းက လင်ကြီးပဲ။ ကျော်ကျော်ဟာ ဖြစ်ချင်းဖြစ် လင်ငယ်ပဲဖြစ်တယ်။ လင်ငယ်က လင်ကြီးကို မယားခိုးမှုပြန်စွဲတယ်ဆိုတော့ ...

အင်း ... စဉ်းစားစရာတွေ အများကြီးဖြစ်လာတယ်။ ကျော်ကျော်က တင်သိန်းကို တရားစွဲပြီး အရေးမယူနိုင်ဘူးဆိုရင် ကျော်ကျော်ဘယ်သူ့ကို အားကိုးရမလဲ၊ ဥပဒေကကော ကျော်ကျော် အားကိုးလောက်တဲ့ အနေအထားမှာ ရှိပါ့မလား။

ပြဋ္ဌာန်းဥပဒေအပေါ်မှာ ကောက်ယူတဲ့အယူအဆဟာ အရေးကြီးလာတယ်။ ဆွေးနွေးငြင်းခုံစရာ ဖြစ်လာတယ်။

တရားမှုဟာ တရားတဲ့ဘက်မှာရှိတယ်။ ဥပဒေ အယူအဆအရ သုံးသပ်ရင် တင်သိန်းဟာ မယားခိုးမှု ကျူးလွန်သူဖြစ်တယ်။ မယားခိုးမှုလည်း မြောက်တယ်၊ အပြစ်လည်း ရထိုက်တယ်။

မြန်မာဓလေ့ထုံးတမ်း ဥပဒေမှာပါတယ်။ လင်မယားပေါင်းသင်းမယ်၊ အိမ်ထောင်ပြုမယ်ဆိုရင် အခမ်းအနား မလိုဘူး၊ အကျွေးအမွေးမလိုဘူး။ ယောက်ျားနဲ့မိန်းမနှစ်ဦး ပေါင်းသင်းနေထိုင်လိုတဲ့ ဆန္ဒသာ အဓိကဖြစ်တယ်။ သူတို့နှစ်ဦးဆန္ဒနဲ့တင် လင်မယားအရာ မြောက်တယ်။

လင်မယားချင်း ကွဲကြရာမှာလည်း ဒီလိုပဲ။ လင်ရော မယားရော မပေါင်းသင်းလိုတော့ဘူး၊ ဆန္ဒမရှိကြတော့ဘူးဆိုရင် တခြား ဘာအကူအညီမှမလိုဘဲ အလိုလို လင်ခန်း မယားခန်းပြတ်တယ်။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ဒီအတိုင်းပဲရှိတယ်။

ကောင်းပြီ၊ ကျော်ကျော်က တင်သိန်းကို မယားခိုးမှုနှင့် စွဲတဲ့ကိစ္စကို ကြည့်ကြရအောင်။ ငြိမ်းငြိမ်းနဲ့ တင်သိန်းတို့ဟာ ယခင်ကတည်းက လင်မယားဖြစ်တယ်။ ဒါက ရှင်းတယ်၊ ငြိမ်းငြိမ်းနှင့်ကျော်ကျော် လက်ထပ်ပေါင်းသင်း နေထိုင်တာကို တင်သိန်းသိတယ်။ မြင်လည်း မြင်နေရတယ်၊ ကြားလည်းကြားနေရတယ်၊ တစ်အိမ်တည်းမှာပဲ တင်သိန်းက ငြိမ်းငြိမ်းရဲ့ မောင်အဖြစ်နေတယ်၊

ကျော်ကျော် ဝင်ရောက်လာတဲ့အချိန်မှာ ငြိမ်းငြိမ်းနဲ့ တင်သိန်းတို့ရဲ့ အနေအထားကို ကြည့်ဖို့အရေးကြီးတယ်၊ ငြိမ်းငြိမ်းနဲ့ကျော်ကျော်လက်ထပ်လိုက်ကြတယ်။ ဒီလို လက်ထပ်ရာမှာ ကျော်ကျော်နဲ့ပေါင်းသင်းလိုတဲ့ဆန္ဒ ငြိမ်းငြိမ်းမှာရှိတယ်။ သူ့ဆန္ဒပါလို့လည်း ကျော်ကျော်နဲ့ လက်ထပ်ပေါင်းသင်းမှုဟာ တရားဝင်သွားတယ်၊ ကျော်ကျော်နဲ့ပေါင်းသင်းလိုတဲ့ဆန္ဒရယ်၊ တင်သိန်းကို မပေါင်းလိုတဲ့ဆန္ဒရယ်ဟာ တစ်ချိန်တည်းမှာ ဆက်စပ်ပေါ်ပေါက်လာတယ်။ ငြိမ်းငြိမ်းက အဲဒီအချိန်မှာ တင်သိန်းနဲ့ မပေါင်းလိုတော့တဲ့ဆန္ဒ သူ့မှာ မရှိပါဘူးလို့ ပြောဆိုလာသည့်တိုင်အောင် သူ့အပြုအမူက ကွာလိုမှုဆန်တဲ့ ပြတ်စဲမှု (Quasi Divoce) ကို ပြုမူနေတယ်။

ပြီးတော့ တင်သိန်းရဲ့ အနေအထား။ ငြိမ်းငြိမ်းက ကျော်ကျော်ကို လက်ထပ်ပေါင်းသင်းချိန်မှာ လုံးဝ ခွင့်လွှတ်ကြည်ဖြူတဲ့သဘော လက္ခဏာကိုပြတယ်။ ပြီးတော့ သူ့ကိုယ်သူ ငြိမ်းငြိမ်းရဲ့ လင်ယောကျ်ား လို့မပြောဘဲ ငြိမ်းငြိမ်းရဲ့ မောင်လို့ ပြောတယ်။ သူ့ရဲ့အပြုအမူဟာလည်း ကွာလို့မှုဆန်တဲ့ ပြတ်စဲမှု (Quasi Divoce) ဖြစ်တယ်။ သူ့ဆန္ဒက ငြိမ်းငြိမ်းကို ကွာရှင်းပြတ်စဲထားတယ်ဆိုတဲ့ သဘောပြတယ်။

ကျော်ကျော် ဝင်လာတဲ့ကာလမှာ ငြိမ်းငြိမ်းနဲ့ တင်သိန်း နှစ်ဦး စလုံးရဲ့ အပြုအမူဟာ ကွာလို့မှုဆန်တဲ့ပြတ်စဲမှုကို ၎င်းတို့နှစ်ဦးစလုံး ဆန္ဒအရ ပြုမူနေထိုင်ကြတာကို တွေ့ရတယ်။ ဒီအပြုအမူက ၎င်းတို့ ပြတ်စဲထားကြောင်း ၎င်းတို့ဘာသာ ရည်ညွှန်းတယ်။

ဒါကြောင့် ကျော်ကျော်နဲ့ ငြိမ်းငြိမ်း လက်ထပ်ပေါင်းသင်းချိန်မှာ တင်သိန်းဟာ ငြိမ်းငြိမ်းနဲ့ ကွာရှင်းပြီး ဖြစ်တယ်လို့ ဆိုမယ်ဆိုရင် ဆိုနိုင် တယ်။ ကျော်ကျော်လက်ဝယ်ကမှ တဖန် တင်သိန်းက ပြန်ခိုးသွားတာမို့ တင်သိန်းဟာ ကျော်ကျော်ရဲ့ မယားကို ခိုးမှုပေါင်းသင်းရာ မရောက် ဘူးလို့ ပြောရခက်တယ်။

အဲ တင်သိန်းက ကျော်ကျော်ကိုရွဲတဲ့အမှုမှာတော့ ကျော်ကျော်ဟာ မယားခိုးမှု မမြောက်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ တင်သိန်းက အလိုတူလို့ပဲ။ ပြီးတော့ ငြိမ်းငြိမ်းမှာ လင်ရှိမှန်း ကျော်ကျော်မသိလို့ပဲ။

## အခန်း (၄)

## မယုံကြည်ခြင်းသည် လုံခြုံခြင်း၏မိခင်

လိမ်လည်မှုဟာ ရာဇဝတ်မှုတွေထဲမှာတော့ စုပါစတားပဲ။ အထူးသဖြင့် မြို့ပြဒေသမှာ လိမ်လည်မှုတွေ အဖြစ်များတယ်။

မငိုးနိုင်တဲ့ လက်ဟောင်းလိမ်နည်းဖြစ်တဲ့ ရွှေထုပ်လိမ်နည်းကို ယနေ့တိုင် သုံးစွဲနေကြတုန်းပဲ။ ဖဲသုံးချပ်လိမ်နည်းနဲ့ ဖဲလိမ်ရိုက်နည်းတွေဟာ မငိုးနိုင်အောင် ရှိတုန်းပဲ။ (Marking) လို့ခေါ်တဲ့ ဖဲချပ်ကျောဘက်မှာ အစက်အပြောက် အမှတ်အသားပြုလုပ်ပြီး ဖဲလိမ်ရိုက်နေတဲ့ ပုဂ္ဂိုလ်တွေ ဖဲလောကမှာ ရှိတုန်းပဲ။

အမှုအဖြစ်အပျက်တစ်ခုကိုပြောပြမယ်။ မဆန်းလှတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ။

သူ့ကိုယ်သူ ပုဂ္ဂိုလ်ကြီးဆိုပြီး လိမ်လည်နေတဲ့ လူတစ်ယောက်ရှိတယ်။ ပတ္တမြားကျောက်တစ်လုံးကို ပန်းထိမ်ဆရာတွေဆီ လျှောက်ပြပြီး လိုက်ရောင်းတယ်။ တကယ်တန်တာကတော့ သုံးလေးထောင်လောက်ပဲ တန်တယ်။ ဒါပေမယ့် သူက အဲဒီ ပတ္တမြားကျောက်ကို သုံးသောင်းရရင် ရောင်းမယ်လို့ဆိုတယ်။ ပန်းထိမ်ဆရာက သုံးသောင်းရမှာမဟုတ်ဘူးလို့ ပြောတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်ကြီးဆိုတော့ ပြောရမှာ အားနာတယ်။ ပုဂ္ဂိုလ်ကြီးက ဒီကျောက်ကိုထားခဲ့ပါရစေ။ ဝယ်မယ့်သူ

ရှိရင်လည်း စပ်ပေးပါ။ ပွဲခလည်း ပေးပါ့မယ်၊ နှစ်ပတ်လောက်အကြာ တစ်ခေါက်လာခဲ့ဦးမယ်ဆိုပြီး ပြန်သွားတယ်။

နောက်တစ်ပတ်လောက် အကြာမှာ နယ်က ရောက်လာတဲ့ ကျောက်သူဌေးကြီးတစ်ယောက် ပန်းထိမ်ဆရာဆီကို ရောက်လာတယ်။ ကျောက် ရောင်းစရာရှိမရှိ မေးတယ်။ ရှိရင် ကြည့်ပါရစေပေ့ါ။ ဒါနဲ့ ပန်းထိမ်ဆရာက ပုဂ္ဂိုလ်ကြီးဆိုသူ အပ်သွားတဲ့ ပတ္တမြားကျောက်ကို ဝတ်ကျေတမ်းကျေ ပြလိုက်တယ်။ ကျောက်သူဌေးကြီးက သေသေ ချာချာ စစ်ကြည့်တယ်။ အပြန်ပြန်အလှန်လှန် ဂရုတစိုက် လေ့လာပြီး ဒီကျောက်ကိုကြိုက်ပြီး တစ်သိန်းပေးမယ်လို့ ပြောတယ်။ ပန်းထိမ် ဆရာလည်း မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားတယ်။

ဒီအတိုင်းဆိုရင်တော့ ခုနစ်သောင်းလောက် နေရင်း ထိုင်ရင်း မြက်မြက်ကလေး အမြတ်ရဖို့ပဲရှိတယ်။ ပုဂ္ဂိုလ်ကြီးက သုံးသောင်းရရင် ကျေနပ်တယ်လို့ ပြောသွားတယ်။ ခု ကျောက်သူဌေးကြီးက ငွေ တစ်သိန်း ပေးဝယ်နေတယ်။ ဟုတ်ပြီ စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲ ပြီပဲ။

ကျောက်သူဌေးကြီးက လောလောဆယ် သူ့မှာပါတဲ့ ငွေ ငါးထောင်ကို ပေးထားခဲ့တယ်။ အခြား ဘယ်သူ့ဝယ်လို့မှ မရောင်းပါနဲ့၊ နောက်ငါးရက်အတွင်း ငွေအကျေလာချေမယ်ဆိုပြီး ပြန်သွားတယ်။

ပန်းထိမ်ဆရာလည်း ပွပေါက်ကြုံလို့ စိတ်တွေ လှုပ်ရှားနေတော့ တယ်။ ပုဂ္ဂိုလ်ကြီးနဲ့ တွေ့ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်နေတယ်။

နှစ်ရက်ကြာတော့ သူမျှော်နေတဲ့ ပုဂ္ဂိုလ်ကြီးဆိုသူ ရောက်လာ တယ်။ ပုဂ္ဂိုလ်ကြီးက သူ့ပတ္တမြား ရောင်းလို့ရပြီလား မေးတယ်။ မရောင်းရလည်း ပြန်ယူသွားတော့မယ်၊ တခြားကို ခရီးထွက်ဖို့ အရေး တကြီး ဖြစ်လာတယ်လို့ပြောတယ်။

ပန်းထိမ်ဆရာလည်း ဒီတုံချတုံ ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာ ဝေခွဲမရ ဖြစ်နေမိတယ်။ ဘာပဲဖြစ်ဖြစ် ပုဂ္ဂိုလ်ကြီးကို ကျောက်ရောင်းရပြီဆိုပြီး ငွေသုံးသောင်း ရှင်းပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဟိုကျောက်သူဌေးကြီးက တစ်သိန်း ပေးဝယ်နေမှတော့ သူ့အတွက် အမြားကြီး အမြတ်ရနေမှာပဲ၊ ဒါကြောင့် ပုဂ္ဂိုလ်ကြီးဆိုသူကို ငွေသုံးသောင်း ရှင်းပေးလိုက်တယ်။

လေးငါးရက်အကြာ ကျောက်သူဌေးကြီးအလာကို ပန်းထိမ်ဆရာ မျှော်ရတော့တာပဲ။ ငါးရက်ပြည့်လို့လည်း ကျောက်သူဌေးကြီးပေါ်မလာ၊ တစ်လပြည့်လို့လည်း ပေါ်မလာ၊ သုံးလပြည့်လို့လည်း ပေါ်မလာ။ နောက်ပိုင်း လုံးဝပေါ်မလာပဲ ရှိတော့တယ်။

ဒီတော့မှ သုံးလေးထောင်တန်ကျောက်ကို ငွေသုံးသောင်းပေးပြီး ဝယ်မိတဲ့ မိမိအသုံးမကျမှု အမှားကို နောင်တကြီးစွာ ရမိတာပဲ။

တစ်ပတ်ရိုက် အကွက်ချ လိမ်နည်းတစ်မျိုးပဲ။ အကယ်တန္တု ပုဂ္ဂိုလ်ကြီးဆိုတဲ့ သူပဲဖြစ်ဖြစ်၊ ကျောက်သူဌေးကြီး ဆိုတဲ့သူပဲဖြစ်ဖြစ် ပန်းထိမ်ဆရာ ပြန်တွေ့ခဲ့လို့ရှိရင်တောင် လိမ်လည်မှုနှင့် အရေးယူဖို့ ခပ်ခက်ခက်ပဲ၊ သူတို့တတွေ လိမ်ပါတယ်လို့ သက်သေအပြရခက်တယ်။ မိမိရဲ့ အတောမသတ်နိုင်တဲ့ လောဘကိုသာ အပြစ်တင်ဖို့ပဲ။

အခြားသူများ၏ လိမ်ညာမှုကို ခံရခြင်းထက် မိမိကိုယ်မိမိ လိမ်ညာခံရမှုကို ခံရခြင်းက ပိုများသည် ... ဆိုတဲ့စကား။

စီးပွားရေးလုပ်ငန်း၏သဘာဝမှာ လိမ်ညာခြင်းပင်ဖြစ်သည်... ဆိုတဲ့စကား။

အရောင်းအဝယ်ဆိုသည်မှာ အရှုံးနှင့်အမြတ်ပင်ဖြစ်သည် ... ဆိုတဲ့စကား ... မှန်များမှန်နေရောသလား။

## နှစ်ပေါင်းငါးဆယ်က တစ်ပတ်ရိုက်လိမ်နည်း

ငယ်ငယ်က ကြားဖူးတဲ့ တစ်ပတ်ရိုက်နည်းလေး တစ်နည်း ရှိတယ်။

ခပ်စုတ်စုတ်ဝတ်ထားတဲ့ လူတစ်ယောက် တယောတစ်လက်ကို ပိုက်ပြီး ဟိုတယ်တစ်ခုထဲကို ဝင်လာတယ်။ ဆိုင်ရှင်ထံကိုသွားတယ်။ တယောထိုးပြီး ပိုက်ဆံတောင်းပေမယ့် ယခုထိ ဘာမှ မရသေးတဲ့ အကြောင်း၊ ထမင်းလည်း မစားရသေးတဲ့အကြောင်း ပြောတယ်။ ဒီအတွက် တယောကိုယူထားဖို့နဲ့ ထမင်းတစ်နပ်ကျွေးဖို့ပြောတယ်။

နောက်တစ်နာရီအတွင်း ထမင်းဖိုးကို မရရအောင်ရှာပြီး ပြန်လာပေးပါ့မယ်လို့ သနားစဖွယ်ပြောတယ်။ ဟိုတယ်ဆိုင်ရှင်လည်း သနားတာနဲ့ ထမင်းကျွေးပြီး လွှတ်လိုက်တယ်။ တယောကိုတော့ စားပွဲပေါ် တင်ထားလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဒီတယောက ထမင်း တစ်နပ်ဖိုးမက တန်သေးရဲ့ဆိုပြီး လက်ခံထားခြင်းဖြစ်တယ်။

ဆယ့်ငါးမိနစ်လောက်အကြာမှာ ဟိုတယ်ထဲကို သားသားနားနား ဟန်ကျပန်ကျ ဝတ်စားလာသူတစ်ယောက် ဝင်လာတယ်။ စားဖွယ် သောက်ဖွယ်တွေ မှာကြားတယ်၊ စားရင်းသောက်ရင်း အဲဒီပုဂ္ဂိုလ်ရဲ့ မျက်လုံးက ဆိုင်ရှင်စားပွဲပေါ်က တယောဆီ ရောက်သွားတယ်။ သူ့ မျက်နှာ အံ့အားသင့်တဲ့အသွင်ကို ဆောင်သွားတယ်။

အဲဒီပုဂ္ဂိုလ်က စားပွဲပေါ်ကတယောကို တဆိတ်လောက် ပြစမ်း ပါလို့ တောင်းတဲ့အတွက် ဆိုင်ရှင်က ယူပြီးပြလိုက်တယ်။ အရင်က ထက်ပိုပြီး အံ့ဩတဲ့ မျက်နှာထားမျိုးကို တွေ့လိုက်ရတယ်။

ဧည့်သည်။ ခင်ဗျား ဒါဘယ်ကရသလဲ၊ အင်မတန် အဖိုးတန်တဲ့ တယောပဲ၊ ဟိုးနှစ်ပေါင်းနှစ်ရာလောက်က ဘုရင်တစ်ပါး အသုံးပြုခဲ့တဲ့တယောပဲ၊ အဲဒါဟာ အနည်းဆုံး ရွှေဂီး

တစ်ရာလောက်တော့ တန်တယ်၊ ကျွန်တော့်ကို ရောင်းပါ ခင်ဗျား။

ဆိုင်ရှင်။ ဟို ဒါတော့ မရောင်းနိုင်ဘူး၊ ကျွန်တော့်ပစ္စည်း မဟုတ်ဘူး၊ လူတစ်ယောက် အပ်ခဲ့တာပါ။

ညွှန့်သည်။ ကဲ ဒါဖြင့် အဲဒီလူလာတဲ့အခါ ကျွန်တော့်အတွက် ဝယ်ပေးပါ၊ ရွှေဒင်္ဂါး ငါးဆယ်လောက်နဲ့ ရရင်တော့ အချောင်ပဲ၊ ကဲ ရောဒီမှာ ရွှေဒင်္ဂါးငါးပြား ခင်ဗျား အတွက် သတ်သတ်ပေးတာ၊ ဟိုလူလာရင် မရရအောင် ဝယ်ထား၊ ကျွန်တော် ညနေလျှောက်လာခဲ့မယ်။

ဟိုတယ်ပိုင်ရှင်လည်း ဝမ်းသာအားရ ဖြစ်သွားတယ်။ နာရီဝက်လောက်အကြာမှာ တယောပိုင်ရှင် ပြန်ရောက်လာတယ်၊ ထမင်းဖိုး လာပေးဆပ်တာ ဖြစ်တယ်။ ဆိုင်ရှင်က ဝမ်းသာအားရ ပြောတယ်၊ "ခင်ဗျားတယောကို ရွှေဒင်္ဂါးဆယ်ပြားနဲ့ရောင်းပါ" လို့ ဆီးပြောတယ်၊

တယောရှင်။ ဒီတယောဟာ ကျွန်တော့်အဘိုးလက်ထက်က ဘုရင်တစ်ပါး ဆုတော်အဖြစ် သနားတော်မူတဲ့ တယောပါ ခင်ဗျား၊ ကျွန်တော့်ကို ဘယ်လောက်ပေးပေး မရောင်းရက်ပါဘူး၊

ဆိုင်ရှင်။ ကဲ ရွှေဒင်္ဂါးနှစ်ဆယ်ပေးမယ်။

တယောရှင်။ ဦးကိုလဲ အားနာပါတယ်၊ ကျွန်တော် မရောင်းရက်လို့ပါ၊ ကျွန်တော့်အဘများ ကြားသွားရင် အသည်းနှလုံး လှံနဲ့ ဆွသလို ဆွေ့ဆွေ့ခုန်နေမှာ၊

ဆိုင်ရှင်။ ကဲ ကျပ် ရွှေဒင်္ဂါးလေးဆယ် ပေးမယ်လေ၊

တယောရှင်။ ကျွန်တော်လဲ ရောင်းချင်ပါတယ်၊ ဒါပေမယ့် နှမျော လွန်းလို့ပါ။

ဆိုင်ရှင်။ ဦးလေး ဒီလောက်ပြောတာ အားနာဖို့ကောင်းရဲ့လို့ အောက်မေ့မိတာပဲ၊ ဦးလေးလဲ ဒါကို အင်မတန် လိုချင်လို့ ဝယ်တာပါ။

တယောရှင်။ ကဲ ဒါဖြင့် ရွှေဒင်္ဂါး လေးဆယ့်ငါးပြားပဲပေး၊ ကျွန်တော် လဲ အလွန်ပဲအားနာလို့၊ တကယ်တော့ စိတ်ထဲမှာ မကောင်းလှဘူး။

ပြောပြောဆိုဆို လက်ကိုင်ပုဝါကို အိတ်ထဲမှထုတ်ကာ မျက်နှာကို သုတ်ပါတယ်။ ဆိုင်ရှင်လည်း ငါတော့ နှစ်ထပ်ကွင်း ဟိုလူဆီကလည်း ရွှေဒင်္ဂါးငါးပြားရတယ်၊ ဒီတယောအပေါ်မှာလည်း ငါးပြား မြတ်ဦး မယ်လို့တွေးပြီး တစ်ခါတည်း ငွေအကျေ ချေပေးလိုက်တယ်။

တယောဝယ်မယ့်လူလည်း ဘယ်တော့မှ ပေါ်မလာတော့ဘူး၊ ဝယ်သူပေါ်မလာတော့တဲ့အတွက် ဆိုင်ရှင်လည်း တယောကို တခြား မိတ်ဆွေကိုပြကြည့်ရာ ငွေငါးထောင်လောက်မျှသာ အမှန်တကယ် တန်ကြောင်း သိလိုက်ရပါတော့တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်က တပတ်ရိုက် လိမ်နည်းပဲ။ ခုခေတ်မှာ ဒီတပတ်ရိုက်လိမ်နည်းအတိုင်း ပုံစံပြောင်း လိမ်ကြတုန်းပဲ။ ကျောက်သမား တစ်ပတ်ရိုက် လိမ်နည်းဟာ ဒီနည်းအတိုင်း လိမ်သွား ခဲ့တာပဲ မဟုတ်လား။

အလိမ်ခံရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တော်တော်များများဟာ မိမိ လောဘကို မိမိအပြစ်တင်ဖို့ပဲ။ များသောအားဖြင့် မိမိလောဘနဲ့ မိမိ ချောင်ပိတ်မိနေတတ်တာ များတယ်။

ရွှေထုပ်ချအလိမ်ခံရတယ်ဆိုတာလည်း ဒီလိုပဲ။ မိမိ လောဘဖက် သွားလို့ သူ့ထောင်ချောက်ထဲ ဝင်သွားခြင်း ခံရတာပဲ။ ဖဲလိမ်ရိုက်ရာမှာ လည်း ဒီလိုပဲ။ ပထမပိုင်း မက်လုံးအဖြစ် အရှုံးပေး ကစားကြတယ်၊ လောဘတက်တက်လာပြီး ငွေတွေ ဖိထိုးတော့တာပဲ၊ ဒီတော့မှ ဟိုက

တပြည်းပြည်းချင်း ချူယူတယ်။ အချောင်လမ်းကို လိုက်ချင်ရင် အလိမ်ခံရဖို့ များတယ်။

## ကာမကို လိမ်ယူတဲ့အမှု

လိမ်နည်းထဲမှာ ကာမကို လိမ်လည်ရယူတဲ့နည်းက အဆိုးဆုံးပဲ။ မိန်းကလေးကို လက်ထပ်ယူပါ့မယ်၊ ပေါင်းပါ့မယ်ဆိုပြီး မိန်းကလေးရဲ့ ကိုယ်ခန္ဓာကိုရယူပါတယ်။ နောက်ပိုင်း ယူမယ်ယူမယ်နဲ့မယူဘဲ ပစ်ထားတာရှိတယ်။ ဒီလိုအခါမျိုးမှာ မိန်းကလေးက ယောကျ်ားလေးကို တရားစွဲဆိုနိုင်တယ်။ လိမ်လည်ပြီး ကာမကို ရယူတဲ့အတွက် ပြစ်မှုမြောက်တယ်။ ဒါဟာ သက်သက်လိမ်တာပဲ။ အတည် လက်ထပ်ပေါင်းသင်းမယ်ဆိုတဲ့ စကားကို မိန်းကလေးက ယုံမိတယ်။ ယုံအောင်လည်း ပြောတယ်။ မိန်းကလေး ဆိုတာမျိုးကလည်း ယုံပြီဆိုရင် ပုံအပ်မိတတ်တာမျိုး မဟုတ်လား။

ဒါနဲ့ပတ်သက်ပြီး မှတ်သားဖွယ်ရာကောင်းတဲ့ အမှုတစ်မှု တင်ပြမယ်။

မလှတင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူက အိမ်ဖော်။ ကိုကြင်စိန့်အိမ်မှာနေတာ။

ဒီလိုနဲ့ နေလာရင်း အိမ်ရှင်ကိုကြင်စိန်က မလှတင်ကို မေတ္တာရှိကြောင်း ဖွင့်ပြောလာတယ်။ မလှတင်ကသာ မငြင်းဘူးဆိုရင် တည်တည်တံ့တံ့ သားမယားမှတ်မှတ် လက်ထပ်ပေါင်းသင်း ယူပါ့မယ်လို့ဆိုတယ်၊ မလှတင်က မငြင်းဘူး။ ဒါနဲ့ သူတို့နှစ်ဦး တိတ်တဆိတ် သားမယားအဖြစ် ဆက်ဆံခဲ့တယ်၊

နောက်တော့ မလှတင်မှာ ကိုယ်ဝန်ရလာတယ်။ ကိုယ်ဝန်က လေးလရှိလုပြီ။ ဒီတော့ မလှတင်က ကိုကြင်စိန်ကို ကတိအတိုင်း အတိအလင်း လက်ထပ်ယူဖို့ပြောတယ်၊ ဒါပေမယ့် ကိုကြင်စိန်က

ဒီကိစ္စကို ခေါင်းရှောင်တယ်။ ကိုကြင်စိန်ရဲ့ အစ်မတွေက မလှတင်ကို အိမ်ပေါ်က နှင်ချတယ်။ မလှတင် အိမ်ပေါ်က ဆင်းခဲ့ရတယ်။

ဒါနဲ့ မလှတင်က တရားရုံးမှာ တရားစွဲတယ်။ ကိုကြင်စိန်က သားမယားအဖြစ် အတည်တကျပေါင်းပါ့မယ်ဆိုပြီး ချစ်စကား ကြိုက်စကား ပြောလာပြီး ကာမရာဂရရှိဖို့ သွေးဆောင်ပြောဆိုခဲ့တာကို မလှတင်က ယုံကြည်တဲ့အတွက် မိမိရဲ့ကာမကို ပေးလိုက်မိကြောင်း၊ ကိုကြင်စိန်က ဖြားယောင်းသွေးဆောင်ခဲ့လို့ ယုံကြည်မိကြောင်း၊ ဒါပေမယ့် ကိုကြင်စိန် ပြောခဲ့သလို ဖြစ်မလာကြောင်း၊ တရှောင်ရှောင် လုပ်နေခဲ့ကြောင်း၊ သူ့မှာ လူပုံအလယ်အရှက်ကြီးရှက်ရကြောင်း တင်ပြလျှောက်ထားလာတယ်။

ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီး ဥပဒေလောကမှာ တော်တော်ပြဿနာ တက်ခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလိမ်ခံလိုက်ရတဲ့ မိန်းကလေး ဘက်က တရားခံကို လိမ်လည်မှုနဲ့ တရားစွဲတယ်။ လိမ်လည်မှုနဲ့ ပတ်သက်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၅ မှာ ဘယ်လိုအဓိပ္ပာယ် ဖွင့်ထားသလဲဆိုတော့ ...

(မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့ လှည့်ဖြားခံရသောသူက တစ်ပါးသူအား ပစ္စည်းတစ်ခုခုကို ပေးအပ် စေရန် ... ) စသည်ဖြင့် ဖော်ပြထားတာကို တွေ့ရတယ်။ အဲဒီပုဒ်မမှာ ဆိုထားတာက ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်လို့ပဲ ပါတယ်။ လူကိုပေးအပ်စေရန်လို့ မပါဘူး။ ဒီတော့ တရားမစွဲနိုင်ဘူးလို ဖြစ်နေတယ်။ ပစ္စည်းဆိုတဲ့နေရာမှာ လူ သို့မဟုတ် လူရဲ့ခန္ဓာကိုယ်ကို ပေးအပ်စေရန် ဆိုတာမျိုး ပြဋ္ဌာန်းထားတာမျိုး ဥပဒေမှာမှမပါဘဲ။

မပါရှိပေမယ့် စွဲတဲ့သူက စွဲတယ်။ ဒီတော့ ဥပဒေပြဿနာ ပေါ်ပေါက်လာတယ်။ ဥပဒေ ပညာရှင်ကြီးတွေလည်း ခေါင်းချင်း ရိုက်ကုန်ကြတယ်။

နောက်ဆုံးအဖြေထွက်လာတာကတော့ 'ပစ္စည်း'ဆိုတဲ့ အဓိပ္ပာယ်ထဲမှာ 'လူ'လည်း အပါအဝင်ဖြစ်တယ်လို့ တညီတညွတ်တည်း သုံးသပ်ခဲ့ကြတယ်။ ဒါကြောင့် လက်ထပ်ပေါင်းသင်းမယ်လို့ လိမ်ညာပြောပြီး ခန္ဓာကိုယ်ကို အရယူခဲ့တဲ့ တရားခံတွေကို လိမ်လည်မှုနဲ့ တရားစွဲနိုင်တယ်ဆိုတဲ့ဘက်က အရေးသာခဲ့တယ်။

ခုကာလမှာ ဒီလိုမျိုးကိစ္စ အစစ်အမှန်တွေရှိသလို တစ်ကွက်မှားတဲ့ကျား ဖြစ်သွားတာတွေလည်းရှိတယ်။

ခေတ်ကာလသားတွေ Night Club တို့ KTV တို့ သွားကြတာတွေရှိတယ်။ ယောကျ်ားတွေအထင်ကတော့ တောကစားထွက်တယ်ပေါ့။ ဒါပေမယ့် တောကစားတဲ့မုဆိုး ကစားရင်းကစားရင်း မုဆိုးကနေသားကောင် ဖြစ်သွားတတ်တယ်။

ကိုယ်က တစ်ဖက်ကို သားကောင်လို သဘောထားတာ၊ တစ်ဖက်ကလည်း ကိုယ့်ကို သားကောင်လို သဘောထားမှန်းမသိဘူး၊ ကိုယ်ကချည်း မုဆိုးလို့ ထင်နေတတ်ကြတယ်။

မကြာမကြာ ရောက်ရောက်လာလာတတ်တဲ့ ဇော်ဇော့်ကို ဝင်းစန္ဒာ မျက်စိကျနေတာကြာပြီ။ တစ်ရက်တော့ မထိတထိ ကလိတိတိ လုပ်ပေးလိုက်တယ်။ ဘယ်နေလိမ့်မလဲ နောက်တစ်နေ့မှာ ဇော်ဇော့်ဆီက ဖုန်းဝင်လာတယ်။ တစ်နေရာရာ သွားရအောင်လို့ ချိန်းတယ်။ ချိန်းတဲ့နေရာကို တစ်ယောက်ထဲမသွားဘဲ အဖော်ခေါ်သွားတယ်။ ဇော်ဇော်နဲ့တွေ့ပြီးမှ အဖော်ကိုလမ်းခွဲခိုင်းလိုက်တယ်၊ တစ်ကြိမ်၊ နောက်တစ်ကြိမ်လည်း ဒီလိုပဲ၊ နောက်ထပ် အဖော်တစ်ယောက်ခေါ်သွားတယ်။ ဇော်ဇော်နဲ့တွေ့ပြီးမှ အဖော်ကို လမ်းခွဲခိုင်းလိုက်တယ်။

နောက်တစ်ခါ နှစ်ယောက်ထဲ ဇလွန်ဘက် ဘုရားဖူးသွားချင်တယ်လို့ ဇော်ဇော့်ကိုပူဆာတယ်။ နှစ်ယောက်ထဲ ဇလွန်ဘက် ဘုရားဖူးသွားတယ်၊ အပြန်မှာ ဆွေမျိုးတွေအိမ်ခဏဝင်မယ်ဆိုလို့ ဇော်ဇော်က

လိုက်ပို့လိုက်မိတယ်။ ဟိုက ဝိုင်းမေးတော့ ဇော်ဇော်လည်း သူ့ဇာတိ အလုပ်အကိုင်တွေကို ဖြေလိုက်ရတာပေါ့။

တစ်လလောက်ကြာတော့ ဝင်းစန္ဒာက ဇော်ဇော်ကို အကြောင်းကြားတယ်၊ သူ့ကို တရားဝင် လက်ထပ် ပေါင်းသင်းပါတော့တဲ့လေ။ မမျှော်လင့်တဲ့တောင်းဆိုမှုပဲ၊ ဝင်းစန္ဒာကို ဇော်ဇော် တကယ်ချစ်လို့မှ မဟုတ်ဘဲ၊ အပျော်သဘောသက်သက် တောကစားကြည့်တာပဲ မဟုတ်လား။

ဒါပေမယ့် ဇော်ဇော် ထောင်ချောက်ထဲ ဝင်မိသွားပြီဖြစ်တယ်။ ဇော်ဇော် သားကောင်ဖြစ်သွားရပြီ။

တရားဝင် လက်ထပ်ပေါင်းသင်းမယ်ပြောပြီး ကာမကို ရယူပါတယ်။ ပြီးတော့ လက်မထပ်ဘဲ ငြင်းဆန်နေပါတယ်ဆိုပြီး အမှုလုပ်တယ်။ သူ့ဘက်က သက်သေတွေ ဘာတွေနဲ့၊ ဆွေပြမ်းပြ ခရီးရယ်၊ နှစ်ယောက်ထဲခရီးသွားတဲ့ အထောက်အထားရယ်၊ အခြား မျက်မြင် သက်သေတွေရယ်။

ဒီအမှုမျိုးက ဒဏ်ငွေမရှိ။ ဒီတော့ ဇော်ဇော် ဘာလုပ်မှာလဲ၊ ဒါမှမဟုတ် အမျိုးသမီးလက်သိပ်ထိုးတောင်းတဲ့ငွေကိုပဲ ပေးမှာလား၊ ဝင်းစန္ဒာကို လက်ထပ်မှာလား ...

## အကြောင်းပြချက် အလွဲ

နောက်ထပ် အမှုတစ်ခုအကြောင်း ပြောပြမယ်။

မောင်သိန်းတန်နဲ့ မိမိခိုင်တို့ သကြၤန်မှာ ဆုံမိကြတယ်။ မောင်သိန်းတန်က သီချင်းခွေမှာပေးပြီး ဖွင့်ပေးတယ်။ ဒါကြောင့် ရင်းနှီးပြီး သမီးရည်းစားဖြစ်သွားတယ်။ မိမိခိုင်ကလည်း သိန်းတန်တို့ အိမ်ကို အဝင်အထွက် အသွားအလာရှိတယ်။ မောင်သိန်းတန်က မိမိခိုင်ကို လက်ထပ်ယူမယ်လို့ ကတိပေးပြီး သားမယားအဖြစ် အကြိမ်

ကြိမ် ပြုတယ်။

နောက်တော့ မယူဘဲနေတယ်။ ဒီလို မယူတော့ မိမိခိုင်က အောင်ပု ဆိုသူနဲ့တွဲတယ်၊ သမီးရည်းစားဖြစ်တယ်။

မိမိခိုင်က အောင်ပုနဲ့ သမီးရည်းစားဖြစ်နေတဲ့ကြားက သိန်းတန်ကို သူ့ကိုယူဖို့ပြောတယ်။ သိန်းတန်က အောင်ပုနဲ့ သမီးရည်းစားဖြစ်လို့ မယူဘူးလို့ငြင်းတယ်။

ဒီအဖြစ်အပျက်က စိတ်ဝင်စားဖို့ ကောင်းတယ်။ သာမန်အမြင်နဲ့ ဥပဒေအမြင် မတူတာကို တွေ့ရတယ်။

မိမိခိုင်က နောက်ပိုင်း သိန်းတန်ကို လိမ်လည်ပြီး ကာမရယူမှုနဲ့ တရားစွဲတယ်၊ မောင်သိန်းတန်ဘက်ကနေ ထုချေတာက မိမိခိုင်ဟာ အောင်ပုနဲ့ သမီးရည်းစားဖြစ်တဲ့အတွက် မယူတာလို့ ဆင်ခြေပေးတယ်။

တရားရုံးရဲ့ သုံးသပ်ချက်ကို လေ့လာကြည့်စေချင်တယ်။ [တရားလို မိန်းကလေးသည် အပျိုအရွယ်ဖြစ်သည့်အတွက် အောင်ပုနှင့် ရည်းစားဖြစ်ခဲ့ဖူးသည်ဆိုခြင်းမှာ မှန်ကောင်းမှန်သည် ဖြစ်သော်လည်း တရားလိုမိန်းကလေးသည် အောင်ပုနှင့် ရည်းစားဖြစ်ဖူးသည်ဆိုသောအချက်က တရားခံယောကျ်ားလေးအပေါ် ပြစ်မှုတွေ့ရှိသည်ဆိုသောအချက်ကို ပယ်ဖျက်နိုင်မည်မဟုတ်] လို့ သုံးသပ်တယ်။

အတည်တကျယူမယ်ပြောပြီး သားမယားအဖြစ် ကျူးလွန်တာ ခိုင်လုံတယ်၊ ဒါကြောင့် သိန်းတန်အပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့တယ်။

## အခန်း (၅)

## ရှင်းလင်းသောဖော်ပြချက်သည် အပြင်းပွားမှုဖြစ်သည်

တရားခံတစ်ယောက် အပြစ်ရှိသလား၊ မရှိဘူးလားဆိုတာ သိနိုင်တဲ့ ကွန်ပျူတာစက်ရှိလျှင် ကောင်းမယ်။ ဒါမှ အချိန်ကြာကြာ အမှုစစ်ရတဲ့ ဒုက္ခတွေကင်းမှာ။ မှန်လည်းမှန် မြန်လည်းမြန်လာမှာလို့ မိတ်ဆွေတစ်ယောက်က ပြောတယ်။

ဆက်ပြောသေးတယ်။ ခင်ဗျားတို့ ရှေ့နေတွေကြောင့် တရားရုံးမှာ အမှုတွေကြန့်ကြာနေရတာ။ အမှုမရှည်ရှည်အောင် လုပ်တာလည်း ရှေ့နေပဲ၊ အမှန်တရားအပေါ် မုန်လာဥလုပ်တာလည်း ရှေ့နေပဲတဲ့။ တစ်ချက်ပြီးတစ်ချက် စွဲချက်များတင်ကာ စွပ်စွပ်စွဲစွဲပြောတယ်၊

ကွန်ပျူတာစက်က တရားခံကို ပြစ်မှုကျူးလွန်သူ ဟုတ်မဟုတ် အဖြေထုတ်နိုင်တဲ့ ကာလရောက်ရင် တမုဟုတ်ချင်း အမိန့်ချနိုင်တော့မှာ၊ အဲဒီအဆင့် ရောက်တဲ့အချိန်အထိတော့ ရှေ့နေတွေရဲ့ဒဏ်ကို သည်းခံပြီး စောင့်ရဦးမှာပဲလို့လဲ စွဲစွဲစွပ်စွပ်ပြောတယ်။

သူပြောတဲ့ ကွန်ပျူတာစက် ပေါ်ပေါက်နေပြီပဲထား၊ ဒီစက်က အပြစ်ကျူးလွန်သူ ဟုတ်မဟုတ် အဖြေထုတ်ပေးနိုင်တယ်ပဲထား၊ တရားစီရင်ရေးမှာ ရာခိုင်နှုန်းပြည့် အသုံးချလို့ ရချင်မှရနိုင်ဦးမယ်။

ဘာဖြစ်လို့လဲ ...

အဖြေက ရှင်းပါတယ်။ တရားစီရင်တယ်ဆိုတာ တရားခံ ပြစ်မှု ကျူးလွန်မှု ရှိမရှိဆိုတာထက် တရားခံ ဘာကြောင့် ပြစ်မှုကျူးလွန်ရတာ လည်းဆိုတဲ့အပေါ်မှာ အလေးကဲနေလို့ပဲ။

ကွန်ပျူတာနဲ့ အဖြေထုတ်တဲ့နည်းကတော့ ခေတ်မီတာ မှန်ပေမယ့် အပြစ်ပေးပုံသဘောတရားအရ တော်တော် ခေတ်နောက်ကျသွားလိမ့်မယ်။

တရားစီရင်ရေးဟာ အပြုသဘောကို ရှေ့ရှုတယ်။ လူကောင်းသူကောင်း ပြန်ဖြစ်ရေး၊ လူမှုအဖွဲ့အစည်းထဲ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး ဆိုတာတွေ ပါဝင်တယ်။

အချို့ ပြစ်မှုကျူးလွန်သူတွေ ကျူးလွန်ချင်လို့ ကျူးလွန်ကြတာ မဟုတ်ဘူးဆိုတာလည်း ထည့်တွက်ရမယ်။ ရည်ရွယ်ချက်မရှိဘဲ ဖြစ်သွားတာမျိုးတွေ၊ ကျဉ်းထဲကျပ်ထဲရောက်လို့ မလှည့်သာလို့ မကျူးလွန် ကျူးလွန်အောင် နှိုးဆွချက်တွေ ရှိလို့ဆိုတာမျိုးတွေလည်းရှိတယ်။ အမှုမှန်ပေါ်အောင် ဒီအကြောင်းအရာတွေကို ရှာဖို့လိုတာအမှန်ပဲ။

## မျိုးမတူ တရားခံ

အဖြစ်ပျက်တစ်ခု တင်ပြပါမယ်။ ၁၉၇၆ ခုနှစ်လောက်က ရန်ကုန်မြို့မှာ ဖြစ်ပွားခဲ့တဲ့ အမှုတစ်မှုပဲ။ လုယက်မှုပါတဲ့ လူသတ်မှု။

ညိုကြီးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ထောင် အကြိမ်ကြိမ် ကျဖူးတဲ့ လူဆိုးကြီးတစ်ယောက်ပဲ။ အကြံအစည်တစ်ခုကို ဉာဏ်ထုတ်ပြီး အစီအစဉ် ရေးဆွဲတယ်။ သူ့မှာ မောင်ရဲနဲ့ မောင်ဆင့်ဆိုတဲ့ လူယုံတပည့်နှစ်ယောက်ရှိတယ်။ ဒီ လူယုံတပည့်နှစ်ယောက်ကို သူ့ အစီအစဉ်ထဲ အသုံးချဖို့ ရည်ရွယ်ထားတယ်။

ဒါပေမယ့် မောင်ရဲကော၊ မောင်ဆင့်ပါ ကားမမောင်းတတ်လို့ ကားမောင်းတတ်တဲ့ လူတစ်ယောက် လိုတယ်။ အစီအစဉ်ထဲမှာ ကား

မောင်းရမယ့် ကဏ္ဍတွေလည်း ပါနေတာကိုး။ ပြီးတော့ ကားမောင်းတဲ့သူဟာ စိတ်ချရတဲ့ပုဂ္ဂိုလ်၊ နှုတ်လုံရမယ့်ပုဂ္ဂိုလ်လည်း ဖြစ်ရမယ်။ ဒီကိစ္စ အချိန်ကြာကြာ စောင့်ခဲ့ရတယ်။

တစ်နေ့ မမျှော်လင့်ဘဲ လမ်းပေါ်မှာ ညိုကြီးနဲ့ မောင်အေး သွားဆုံတယ်။ ညိုကြီးနဲ့ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က သိတဲ့သူပဲ။ ထောင်လည်း အတူတူ ကျခဲ့ဖူးတယ်။ နောက်ပိုင်း မောင်အေးက ကောင်းကောင်းမွန်မွန် လူတစ်ယောက်လိုနေတယ်။ သူ့ဟာသူ ကားမောင်းတယ်။ မယားနဲ့ သားသမီး (၆)ယောက်တောင်ရှိပြီ။

ဒါပေမယ့် မောင်အေးရဲ့ အားနည်းချက်ကို ညိုကြီးက သိထားတယ်။ အဲဒီအားနည်းချက်ကတော့ အတိတ်က မောင်အေးကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုပဲ။ ဒါကြောင့်လည်း ညိုကြီးကို မောင်အေး ရင်မဆိုင်ရဲဘဲ ရှိနေခဲ့တယ်။ အချိန်ကြာကြာ ကွဲကွာနေကြပြီးမှ ခုလိုဆုံတွေ့လိုက်ရတော့ မောင်အေးရင်ထဲ ဒိတ်ခနဲဖြစ်သွားတယ်။

ညိုကြီးက နေရေး၊ စားရေး အဆင်ပြေ မပြေမေးတယ်။ အခု ဘယ်မှာနေသလဲ၊ သားသမီးဘယ်နှစ်ယောက် ရှိပြီလဲမေးတယ်၊ နှစ်ခါ သုံးခါ အိမ်အလည်သွားသေးတယ်။

တစ်နေ့ကျတော့ ညိုကြီး မောင်အေးကို အကူအညီတောင်းတယ်။ ရက်တစ်ရက်မှာ (၁)မိုင်ခရီးလောက်ကို ကားလိုက်မောင်းပေးဖို့ပဲ၊ မောင်အေးက ဘာကိစ္စလည်းမေးတယ်။ ညိုကြီးက ဘာမှမပြောဘူး။ ကားလိုက်မောင်းပေးရုံ သက်သက်ပါပဲဆိုပြီး ပြန်သွားတယ်။ မနက်ဖြန်ညနေဘက် အိမ်ကစောင့်နေဖို့လည်း မှာသွားတယ်။ နောက်တစ်နေ့ညနေ မောင်အေးအိမ်ကို မောင်ရဲနှင့် မောင်ဆင့် ကားတစ်စီးနဲ့ ရောက်လာတယ်။ ကားကို တစ်နေရာကငှားလာကြတာပဲ။ ကားမောင်းသူလည်းပါတယ်။ နာရီနဲ့ ငှားလာကြတာ။

မောင်ရဲနှင့်မောင်ဆင့်က မောင်အေးကို စာတစ်စောင် ထုတ်ပြလိုက်တယ်။ အရင်က မောင်ရဲနှင့်မောင်ဆင့်ကို မောင်အေး သိတာ မဟုတ်ဘူး။ မြင်ဖူးတာလည်း မဟုတ်ဘူး၊ သူတို့ပေးတဲ့စာကို ဖွင့်ကြည့်လိုက်တော့ ညီကြီးရေးပေးလိုက်တဲ့စာမှန်း သိရတယ်။ စာထဲမှာ ဘာရေးထားသလဲဆိုတော့ ...

"မောင်အေး"

ယခုလာတဲ့ မောင်ရဲတို့နဲ့ အတူလိုက်သွားပါ။

လိုအပ်ရင် ကားမောင်းပေးလိုက်ပါ။ မင်းသုံးဖို့ ငွေလည်း ပေးလိုက်တယ်။

"ညီကြီး"

စာကိုဖတ်ပြီး မောင်အေး ငေးတေးတေးဖြစ်နေမိတယ်။ မောင်ရဲက ပုခုံးပုတ်ပြီး သွားမယ်လို့ပြောပြီး ကားရှိရာ ထွက်သွားတယ်။ သူလည်း နောက်ကလိုက်သွားပြီး ကားပေါ် တက်ထိုင်လိုက်မိတယ်။

ကားက မာဇဒါလေးဘီးကား။ ကားမောင်းသူရဲ့ နောက်တည့်တည့်မှာ မောင်ရဲက ဝင်ထိုင်တယ်။ မောင်ရဲ နံဘေးမှာ မောင်အေး ဝင်ထိုင်လိုက်တယ်။ မောင်ဆင့်ကတော့ ရှေ့ ကားမောင်းသူဘေးမှာ ဝင်ထိုင်တယ်။ မောင်ဆင့်က မောင်းသူကို သူတို့သွားမယ့်နေရာကို ပြောလိုက်တယ်။

အချိန်ကမှောင်စပြုနေပြီ၊ ကားပေါ်ပါလာသူအားလုံး နှုတ်ဆိတ်လျက်ပဲ။ (၁၅)မိနစ်၊ မိနစ် (၂၀)လောက် ကြာတဲ့အခါ လမ်းမကြီးကနေ တိတ်ဆိတ်တဲ့လမ်းကြားလေးတစ်ခုထဲကို ကားကွေ့ဝင်လိုက်တယ်၊ ကိုက် (၁၀၀)လောက် ဝင်သွားပြီးတဲ့နောက် ကားကို မောင်ဆင့်က ရပ်ခိုင်းတယ်။ တံခါးဖွင့်ပြီး အပြင်ကိုဆင်းသွားတယ်။ ခဏလောက်ကြာ ပြန်လာပြီး ကားကိုလာလမ်းအတိုင်း ခေါင်းပြန်လှည့်ထားဖို့

ပြောတယ်။ ကားဆရာက ကားကို ပြန်လှည့်ထားလိုက်တယ်။ သူ့တပ္ပတယာ၊ သူ့အပြောအဆိုတွေက မိန်းမဒိုးမယ်ပုံစံမျိုးပဲ။

သူတို့မိန်းမလာနိုးတဲ့ကိစ္စ ငါ့ကို ဘာဖြစ်လို့များ ကားမောင်းဖို့ ခေါ်လာတာပါလိမ့်၊ မောင်အေး တွေးနေမိတယ်။ ပြီးတော့ ကားမောင်းသူလည်း ပါပြီးသားပဲ။ ငါ့ကို ကားမောင်းဖို့ခေါ်တာ ဘပိုပဲလို့ တွေးနေမိတယ်၊ ရုတ်တရက် အတွေးတွေ ရပ်သွားတယ်၊ ကြက်သီးမွေးညင်းတောင် ရုတ်တရက် ထသွားတယ်၊ မောင်ရဲက ကားမောင်းသမားကို နောက်ကနေ နိုင်လွန်းကြိုးနဲ့ပတ်ပြီး လည်ပင်းကိုညစ်လိုက်တာ တွေ့ရတယ်။ မောင်ဆင့်က ကားရှေ့ခန်းကိုပြေးလာပြီး ကားမောင်းသမားရဲ့ ခြေထောက်ကိုချုပ်တယ်။ ကားမောင်းသမားအဖို့ အနည်းငယ်သာ ရုန်းနိုင်အားရှိပြီး အသက်ထွက်သွားတယ်။ ကားမောင်းသူအလောင်းကို ကားနောက်ခန်းဘက် ဆွဲချလိုက်တယ်။ မောင်ဆင့်က ရှေ့ခန်းကနေ မ,ပင့်ပေးတယ်။ မောင်ရဲနဲ့ မောင်ဆင့်တို့ရဲ့ လုပ်ရပ်တွေကို မောင်အေး ကြက်သေသေ ငေးကြည့်နေမိတယ်။ မောင်ရဲက မောင်အေးကို ကားမောင်းတဲ့နေရာ ဝင်ထိုင်ပြီး ကားမောင်းဖို့ ပြောလိုက်တယ်၊ သူ့အပြောက အမိန့်ပေးတဲ့ သဘောမျိုးပဲ။ မောင်အေးလည်း ကားမောင်းတဲ့နေရာကို ဝင်ထိုင်လိုက်ရတယ်။ ချက်ချင်းဆိုသလိုပဲ ကားကို မောင်းထွက်တယ်။ ဘယ်ကိုဘယ်လိုမောင်းရမယ်ဆိုတာ မောင်ရဲက နောက်ကနေ ညွှန်ကြားနေတယ်။ မောင်အေးလည်း သူပါရမယ့် အခန်းကဏ္ဍကို အခုမှပဲ ကောင်းကောင်းကြီး သဘောပေါက်သွားတော့တာပဲ။ သေသူအလောင်းကို လူပြတ်တဲ့ လမ်းဘေးတစ်နေရာမှာ ပစ်ချလိုက်ကြတယ်။ ကားကိုတော့ အိမ်တစ်အိမ်ရှိ ကားဂိုဒေါင်ထဲ မောင်းပေးလိုက်ရတယ်။

မောင်အေးရဲ့တာဝန်လည်း ပြီးဆုံးပြီမို့ ပြန်နိုင်ပြီလို့ မောင်ရဲက ပြောတယ်။ ဒီကိစ္စ နှုတ်ပိတ်ထားဖို့နဲ့ နှုတ်မလုံရင် ဒုက္ခရောက်သွားမယ်လို့လဲ မောင်အေးကို သတိပေးလိုက်သေးတယ်။

နောက် တစ်ပတ်လောက်ကြာတဲ့အခါမှာ လူသတ်ပြီး ကားလုယက်မှုနဲ့ တရားခံအားလုံးကို ရဲက ဖမ်းမိသွားတယ်။ တရားခံတွေထဲမှာ ညိုကြီးလည်း ပါလာတယ်။

ကဲ ... ဒီအဖြစ်အပျက်မှာ ပါဝင်တဲ့ တရားခံ ညိုကြီး၊ မောင်ရဲ၊ မောင်ဆင့်နဲ့ မောင်အေးတို့ လေးယောက်ကို ကွန်ပျူတာစက်ရှေ့မှာ ရပ်နိုင်းကြည့်ကြရအောင်။ တရားခံအသီးသီးအပေါ် ဒီ ကွန်ပျူတာစက်ကပေးတဲ့ အဖြေဟာ ဘယ်လိုအဖြေထုတ်မလဲ။ ကျန်တရားခံတွေနဲ့ တစ်တန်းတည်းထားပြီး အဖြေထုတ် အပြစ်ပေးမှာလား။

တရားခံအသီးသီးမှာ အပြစ်ရှိတာ မှန်တယ်။ အသီးသီး မိမိအတိုင်းအတာအရ ပြစ်မှုကျူးလွန်ကြသူတွေချည်းပဲ။ ဒါပေမဲ့ ကွာခြားတာ အနေအထား အတိုင်းအတာ ကွာခြားမှုတွေပဲ။

တစ်ဦးက စီမံခိုင်းစေတဲ့ ဆရာကြီး၊ တစ်ဦးက လက်မနှံ့ လူသတ်သမား၊ တစ်ဦးက လူသတ်ရာမှာအားပေးကူညီသူ၊ တစ်ဦးက သတ်ရာမှာ အတူရှိနေပြီး လူသတ်ရာမှာ ပါဝင်နေသူ။

သူတို့ပါဝင်တဲ့ အခန်းကဏ္ဍတွေကို အမှု မစစ်ဆေးရပဲနဲ့ ကွန်ပျူတာစက်က ဇယားတိုင်းတာပေးနိုင်ပါ့မလား။

ပြစ်မှုနဲ့ ပြစ်ဒဏ်တို့ရဲ့ သဟဇာတ ဖြစ်ပေါ်ထွန်းကားမှုကို ကွန်ပျူတာစက်က ဆောင်ကြဉ်းပေးနိုင်ပါ့မလား။

လူသတ်မှုကျူးလွန်သူကို သေဒဏ်အထိ အပြစ်ပေးနိုင်တယ်။ ဒါဖြင့် လူသတ်မှုနဲ့မိတဲ့ တရားခံတိုင်းကို သေဒဏ်ထိပေးရမလား။

လူသတ်မှုနဲ့ ထောင်ဒဏ် (၁၀)နှစ် ကျသွားသူတွေလည်းရှိတယ်။ (၇)နှစ်ကျတာလည်း ရှိတာပဲ။ အနှစ် (၂၀) ထောင်ကျသူလည်းရှိတယ်။ သေဒဏ် အပြစ်ပေးခံရသူလည်းရှိတယ်။

ဒီလိုကျခံရတဲ့ ပြစ်ဒဏ်တွေ ကွာခြားရတာ ဘာကြောင့်လဲ။

လူသတ်မှုချင်း တူပေမယ့် ပါဝင်ပုံခြင်း မတူလို့ပဲ။ အခြေအနေခြင်း၊ ဖြစ်ရပ်ချင်း မတူလို့ပဲ။ ရာဇဝတ်မှုမကင်းတဲ့ စိတ်ဓာတ်ခြင်း၊ ရည်ရွယ်ချက်ခြင်း၊ အကြံအစည်ခြင်း၊ အသုံးပြုတဲ့ ကိရိယာခြင်း ကျူးလွန်မှု အတိုင်းအတာခြင်း မတူကြလို့ပဲ။

တစ်ချို့က ဒေါသအလျောက် ကျူးလွန်မိတာ၊ တစ်ချို့ကျတော့ အညိုးကြီးကြီးနဲ့ ပြုလုပ်တာ၊ တစ်ချို့က ရာဇဝတ်မှု ကျူးလွန်တဲ့ စိတ်နဲ့လုပ်တာ၊ တစ်ချို့ကျတော့ မခံချင်လွန်းအားကြီးပြီး လုပ်မိတာ၊ တစ်ချို့ကျတော့ လက်လွန်သွားတာမျိုးတွေ ရှိတယ်။

## အချစ် … လက်လွန်သွားပြီ

အမှုတစ်မှုမှာ ကြုံဖူးတယ်။ ကောင်ကလေးနဲ့ ကောင်မလေး နိုးရာလိုက်ပြေးပြီး အိမ်တစ်အိမ်မှာ တိတ်တိတ်ငှားနေကြတယ်။ ထုံးစံအတိုင်းပါပဲ။ ယောက်ျားလေးက ပညာတတ်၊ မိဘကလည်း ချမ်းသာတယ်။ မိန်းကလေးမိဘဘက်ကတော့ လက်လုပ်လက်စားထဲကပဲ။

ယောက်ျားလေး မိဘတွေက ဂုဏ်ရည်တူ အဆင့်တူထဲက ပညာတတ် မိန်းကလေးတစ်ယောက်နဲ့ သူတို့သားကို ပေးစားဖို့ ရည်ရွယ်တယ်။ ဒါကို သားကငြင်းတယ်။ သူမှာ ချစ်သူရှိတဲ့အကြောင်း၊ နွမ်းပါးပေမယ့် မိန်းကလေး ပီသတဲ့အကြောင်း ရှင်းပြတယ်။ ယောက်ျားလေး မိဘတွေက လက်မခံဘူး။ မိန်းကလေးနဲ့ အဆက်ဖြတ်ဖို့ ပြောတယ်။ အတင်းလည်းခွဲတယ်။

မိဘတွေ အတင်းဟန့်တားတဲ့ကြားက ယောကျ်ားလေးက သူ ယူချင်တဲ့ မိန်းကလေးကို အတင်းခိုးယူပေါင်းသင်းတယ်။

တစ်ခါ မိန်းကလေးက ယောကျ်ားလေးကို ပြန်ငိုတယ်။ မိဘတွေ စိစဉ်တဲ့အတိုင်း နှာခံဖို့နားချတယ်။ သူ့ကိုယူရင် ဘဝကို အောက်ခြေ အထိ ပြန်ဆင်းရပြီး ရှန်းကန်ရမှာမို့ တစ်သက်လုံး ဆင်းဆင်းရဲရဲ ခံစားနေရမှာကို သူ မကြည့်ရက်နိုင်တဲ့အကြောင်း၊ သူ့ကို မငဲ့ဖို့ အကြောင်း ပြောတယ်။ အချစ်ဆိုတာ ရယူခြင်းသက်သက်ရယ်လို့ မမှတ်ယူကြောင်း၊ ဘာညာ ... ဘာညာ ... ပြောတယ်။

ဒီတော့ ယောကျ်ားလေးက စိတ်တိုလာတယ်။ သူက ဒီလောက် တောင် အရဲစွန့်ပြီး ရွှေဘုံနန်းက ခွန့်ခွာလာမှတော့ ဘာဖြစ်လို့ ဒီစကားတွေ ပြောရမလဲပေါ့။

ဇာတ်လမ်းက တစ်ဆစ်ချိုးကိုရောက်သွားတယ်။ ယောကျ်ားလေး က သူ့ကို ဒီလိုစကားမျိုး ဆက်မပြောဖို့ တားတယ်။ မိန်းကလေးက မရဘူး၊ ဆက်ပြောတယ်၊ သူတို့ပြောနေတဲ့နေရာက တစ်ထပ်တိုက်ခန်း တစ်ခန်းရဲ့ ထပ်ခိုးပေါ်မှာ ဖြစ်တယ်။

ယောကျ်ားလေးက ဆက်မပြောဖို့ ထပ်ပြီး ဟန့်တားပြန်တယ်၊ မိန်းကလေးက ဆက်ပြောတုန်းပဲ။ ချစ်ဒေါသတွေ ဆူတက်လာပြီး ယောကျ်ားလေးက မိန်းကလေး ပုခုံးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင် တွန်းထိုးလိုက်မိတယ်။

မမျှော်လင့်ဘဲ အတွန်းခံလိုက်ရတဲ့အတွက် မိန်းကလေးဟာ အရှိန်လွန်ပြီး အထပ်ခိုးလက်တန်းကနေ အောက်ကို ပြုတ်ကျသွား တယ်။ အောက်ထပ် သံပံသလင်းနဲ့ ရိုက်မိပြီး လည်လိမ်ချိုးသွားသလို ဖြစ်သွားရာက အသက်ပါ ထွက်သွားရှာတယ်။ ကောင်လေးလည်း ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ နောက်တော့မှ အောက်ထပ်ထိ

ဆင်းလာပြီး မိန်းကလေးကို ပွေ့ချီလိုက်တယ်။ ပါးစပ်က တတွတ်တွတ် ပြောရှာတယ်။

" အချစ် ... အချစ် ... မောင် လက်လွှန်သွားသလား အချစ်ရယ် "

သူ့စကားကို မိန်းကလေးမကြားသွားရရှာဘူး။ ရောက်ရှိလာကြတဲ့ သက်သေတွေက ကြားလိုက်ကြရတယ်။ တုန်လှုပ်သံခိုက်ဖွယ်ကောင်းတဲ့ မှုခင်းဇာတ်လမ်းလေး တစ်ပုဒ်ပဲ။

ကောင်လေးဟာ လူသတ်မှုနဲ့ တရားစွဲခံရတယ်။

" အချစ် ... အချစ် ... မောင် လက်လွှန်သွားသလား အချစ်ရယ် " ဆိုတဲ့စကားဟာ အမှုမှာ တော်တော်ကြီး အရေးပါတဲ့ သက်သေခံချက်ဖြစ်သွားတယ်။ ဒီစကားကြောင့် ကောင်မလေး သေဆုံးရတာ ကောင်လေးကြောင့်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုတော့ဘူး။ ကောင်လေးကြောင့် ကောင်မလေး သေရတာ ရှင်းနေတယ်။ ကောင်လေးဟာ လက်ထိလက်ရောက် ကျူးလွန်သူ တရားခံပေပဲ။

ဒါပေမဲ့ " အချစ် ... အချစ် ... မောင် လက်လွှန်သွားသလား အချစ်ရယ် " ဆိုတဲ့စကားဟာ တမင်သေစေလိုတဲ့ ရည်ရွယ်ချက် မရှိရှာဘူးဆိုတာကို ဖော်ညွှန်းနေပြန်တယ်။ ပြုသူရဲ့ ကြံရွယ်ချက်နဲ့ စိတ်ဓာတ်ကို ဖော်ဆောင်နေတယ်။

ကျူးလွန်တဲ့ ပြစ်မှုအတိုင်းအတာနဲ့ ပြစ်ဒဏ်ရဲ့အတိုင်းအတာ ကိုက်ညီအပ်စပ်ဖို့ အရေးကြီးတယ်။

## အရိုက်ကြမ်းတဲ့ ဖေဖေ

ကြုံခဲ့ရတဲ့ လူသတ်မှုတစ်ခု ရှိတယ်။ တရားခံကတော့ အဖေရင်းခေါက်ခေါက်။ သေသူက သားအရင်း၊ လူမမယ်ကလေး၊ ဖခင်က သားအရင်းခေါက်ခေါက်ကို သတ်မိတဲ့အမှုပဲ။

ဖြစ်မှုက ရိုးရိုးစင်းစင်းလေးပဲ။ အငိုသံ၊ အဆော့သန်တဲ့ (၂)နှစ်သား ကလေးငယ်ကို ဖခင်က ရိုက်နှက်ဆုံးမရင်း အသက်ထွက်သွားတယ်။

ကျောကို လက်ဝါးနဲ့ တစ်ချက်ပဲ ရိုက်လိုက်ရတယ်။ ကလေးငယ်ခမျာ လိပ်ပြာလွင့်သွားရရှာတယ်။ ဖခင်ဟာ လူသတ်မှုပုဒ်မ (၃၀၂)နဲ့ တရားစွဲခံရတယ်။ အရိုက်ကြမ်းတဲ့ မိဘအုပ်ထိန်းသူတွေ ဆင်ခြင်စရာပဲ။

## ဖနောင့်နဲ့ ကန်တဲ့အမှု

လင်နဲ့မယား စကားများကြတယ်။ မိန်းမကလည်း မိန်းမပဲ။ စကားကျောကို ရှည်လွန်းတယ်။ ယောက်ျားကို စကားနဲ့ အနိုင်ယူပြီး ပြောတယ်။ မခံချင်အောင်ပြောတယ်။ တော်တော့ဆိုလည်း မတော်။

မိန်းမက ယောက်ျားကို ကျောပေးပြီး တစ်ဖျစ်တောက်တောက် ပြောလွန်းတော့ ယောက်ျားက နားငြီးပြီး စိတ်ညစ်ညစ်နဲ့ ခြေဖနောင့်နဲ့ လှမ်းကန်လိုက်တယ်။

ကံဆိုးချင်တော့ အဲဒီလို ကန်လိုက်တဲ့အချိန်မှာပဲ မိန်းမက ယောက်ျားဘက် မျက်နှာလှည့်အကြည့်နဲ့ ကြုံသွားတယ်။ ယောက်ျားရဲ့ ခြေဖနောင့်က မိန်းမရဲ့လည်မြို့ကို ကန်မိရဲ့သား ဖြစ်သွားတယ်။ မိန်းမခမျာ ပွဲချင်းပြီး အသက်ထွက်သွားတယ်။ ဒေါသရှေ့ထား မှားစရာပဲ။

တစ်ဆက်တည်းဆိုသလို ဒေါသနဲ့ဆိုင်တဲ့ စကားပုံလေးတွေကို ပြောပြချင်တယ်။

ဒေါသသည် ရက်စက်မှုဖြင့် နိဂုံးချုပ်သည်။
Anger ends in cruelty.

*Tamil Proberb*

ဒေါသဖြင့်ထရပ်ပါက ဆုံးရှုံးမှုဖြင့် ထိုင်ရလိမ့်မည်။

If you get up In anger, you will sitdown with loss.

***Turkish Proverb***

သင်၏ဒေါသကို သေးနေတုန်းသတ်ပါ။

Kill you anger while its small.

***SL ovabian Proberb***

ဒေါသဖြစ်နေလျှင် အကျိုးဆက်များကို စဉ်းစားပါ။

When anger rises, think of the consequences.

***Confuius***

ဝီးသေးအမှု

ပဲခူးမြို့နယ်၊ ဝက်ကျကျေးရွာမှာ ဖြစ်ပွားခဲ့တဲ့ အမှုတစ်မှုအကြောင်း ပြောချင်သေးတယ်။ ညဘက် အရက်ဆိုင်မှာ အောင်သိန်းထွန်း၊ မြတ်ဝိုး၊ သိန်းနိုင်၊ နိုင်ဝင်းနဲ့ အောင်ဇော်လတ်တို့ အရက် အတူသောက်တယ်။

အောင်သိန်းထွန်းက ရွာမှာ ဝုန်း (၂၇)ယောက် ရှိတယ်လို့ ပြောတော့ နိုင်ဝင်းက မယုံဘူး ပြန်ပြောတယ်။ အောင်သိန်းထွန်းက ဆိုင်အောက်မှာရှိတဲ့ ဓားမကို သွားယူတယ်။ ပြီးတော့ နိုင်ဝင်းနဲ့ အောင်ဇော်လတ်ကြား ဝင်ထိုင်တယ်။ သူက သူ ဓားပိုးနေပြီလို့ ပြောတယ်။ သူ့အသားနဲ့ထိထားသူဆိုရင်လည်း ဓားပိုးသေးတယ်လို့ ဆိုတယ်။ သူ့ရဲ့ ဘယ်ဘက်လက်နဲ့ နိုင်ဝင်းရဲ့ ဘယ်ဘက်လက်ကို ယှဉ်ပြီးပူးထားလိုက်တယ်။ ပြီးတော့ အောင်ဇော်လတ်ကို ဓားနဲ့

ခုတ်ခိုင်းတယ်။ အောင်ဇော်လတ်ကလည်း ဓားယူပြီး ပြောတဲ့အတိုင်း ခပ်ဆတ်ဆတ် ခုတ်လိုက်တယ်။ အောင်သိန်းထွန်း၊ နိုင်ဝင်း (၂)ဦး စလုံး လက်ဖျံမှာ ဓားဒဏ်ရာရလို့ ဆေးရုံပို့လိုက်ရတယ်။

အတော့်ကို အသိခေါက်ခက် အဝင်နက်တဲ့ လူတွေပဲ။

## အမှုစစ်နေကြရဦးမှာပါ

၁၆၁၀ ခုနှစ်က ပြင်သစ်ဘုရင် စတုတ္ထမြောက် ဟင်နရီကို သတ်ခဲ့တဲ့ တရားခံကို အပြစ်ပေးပုံကလည်း ကြောက်ခမန်းလိလိပဲ။ ခြေနှစ်ချောင်းကို ကြိုးနဲ့ တစ်ဖက်တစ်စစီ ချည်နှောင်တယ်။ လက်နှစ်ဖက်ကိုလည်း တစ်ဖက်တစ်စစီ ချည်နှောင်တယ်။ လူပုံသဏ္ဌာန်ကို ပက်လက်ကားယားထားတယ်။ ထောင့်လေးဒေါင့်မှာ မြင်းလေးကောင်ထားတယ်၊ ခြေလက်ကိုယ်ဆီက ကြိုးစတွေနဲ့ မြင်းလေးကောင်မှာ ချည်တယ်။ မြင်းလေးကောင်စလုံးမှာ မြင်းထိန်းကိုယ်စီရှိတယ်။ ပြီးတော့မှ မြင်းထိန်းကိုယ်စီက မြင်းတွေကို တစ်ပြိုင်တည်း ကြိမ်တို့ပြီး အသော့နှင် ပြေးခိုင်းလိုက်တယ်။ အားကောင်းလှတဲ့မြင်းတွေ ပြေးထွက်လိုက်တဲ့အချိန်မှာ အပြစ်ဒဏ်ပေးခံရတဲ့ ပုဂ္ဂိုလ်အဖို့၊ လက်ဆစ်၊ ခါး၊ ဗိုက်သားတွေ ပြတ်ထွက်တဲ့အထိ ခံစားရတယ်။

(၁၈) ရာစုကာလကဆိုရင် တရုတ်ပြည်မှာ အပြစ်ဒဏ်ကျခံရမဲ့ ပုဂ္ဂိုလ်ကို ဖျဉ်နှစ်ချပ်နဲ့ညှပ်ပြီး ငုတ်တိုတွေ နံဘေးက ရိုက်ထောင်တယ်။ အာဏာသားနှစ်ယောက်က ရှေ့နောက်နေရာယူပြီး လွှနဲ့ ထိပ်ကနေပြီး အရှင်လတ်လတ် တိုက်ဖြတ်တယ်။ ဒီနည်းနဲ့ အပြစ်ဒဏ်ခတ်ခဲ့တယ်။

ဆင်ခတ်တဲ့ထူးနဲ့ ဆိတ်ကိုမခတ်သင့်သလို ဆိတ်ခတ်တဲ့တုံးနဲ့လည်း ဆင်ကိုမခတ်မိစေဖို့ပဲ။ ပေါင်မုန့်လှီးတဲ့ဓားနဲ့ ထင်းမခုတ်မိဖို့နဲ့ ထင်းခုတ်တဲ့ဓားနဲ့ ပေါင်မုန့်မလှီးမိဖို့ပဲ။

လိမ္မာကျွမ်းကျင်တဲ့ ဆရာဝန်ဟာ လူမမာတစ်ယောက် ဆေးရုံကို ရောက်ရှိလာတဲ့အခါ ဝေဒနာကို စေ့စပ်သေချာစွာ လေ့လာပြီး သကာလ ဝေဒနာနဲ့ လိုက်လျောညီထွေတဲ့ ဆေးကို ပေးလေ့ရှိတယ်။ အနာရောဂါ အခြေအနေအပေါ်တည်ပြီး အနာရင့်ရင်လည်း ရင့်တဲ့အလျောက်၊ အနာနုရင်လည်း နုတဲ့အလျောက်၊ ဆေးကိုပေးမှာပဲ။

ရောဂါဝေဒနာ ပြင်းထန်သူကို တန်ဖိုးအာနိသင် နည်းပါးတဲ့ ဆေးကို ပေးမိရင်ဖြစ်ဖြစ်၊ မပြောပလောက်တဲ့ ဝေဒနာရှင်ကို တန်ဖိုး အာနိသင်ထက်မြက်လွန်းတဲ့ ဆေးကို ပေးမိရင်ဖြစ်ဖြစ်၊ ရောဂါနဲ့ဆေး တည့်အောင်မပေးလို့ ဆေးအစွမ်းဟာ ထိရောက် ထက်မြက်မှာ မဟုတ်ဘူးဆိုတာ သေချာတယ်။

ဒီလိုပဲ တရားရုံးကိုရောက်လာတဲ့ ပြစ်မှုအတွက် ပြစ်ဒဏ်ပေး စီရင်တဲ့နေရာမှာ ပြစ်မှုရဲ့အခြေအနေအလိုက် ပြစ်ဒဏ်ကို ပေးရမှာ ဖြစ်တယ်၊ သတ်မှတ်ရမှာလည်း ဖြစ်တယ်၊

ပြစ်မှုကြီးရင် ကြီးတဲ့အလျောက်၊ ပြစ်မှုငယ်လျှင် ငယ်တဲ့ အလျောက် ချိန်ဆခွဲဝေမျှတစေရတယ်၊ ဒီလို ချိန်ဆ ခွဲဝေနိုင်ရေး အတွက် အမှုကို စစ်ဆေးကြရတယ်။ အမှုကို မစစ်ဆေးရင် အမှုရဲ့ အတိမ်အနက်၊ အတိုင်းအဆကို မှန်းရခက်တတ်တယ်။

ဒါကြောင့် ပြစ်မှုနဲ့ ပြစ်ဒဏ် အညမည ဖြစ်ပေါ်ထွန်းကားရေး အတွက် မလွဲမသွေ အမှုတွေ စစ်နေကြရဦးမှာပဲ။

## အခန်း (၆)

## ငိုသော စကားလုံးများနှင့် စကားပြောသော မျက်ရည်များ

ဟသ်ာကြည်နဲ့ ခင်မောင်လတ်တို့ ကတောက်ကဆ ဖြစ်ကြတယ်။ ဟသ်ာကြည် အငြိမ့်ထွက်ကတာကို ခင်မောင်လတ် မနှစ်မြို့ဘူး။ ဟသ်ာကြည် အငြိမ့်ကတဲ့အတွက် သူ့သိက္ခာကျရတယ်လို့ ဆိုတယ်။

ဟသ်ာကြည်က သူ အငြိမ့်ကတာကို မတားဖို့ ပြောတယ်။ တစ်သက်လုံး အငြိမ့်ကစားလာလို့ ဒီလိုအခြေအနေ ဖြစ်လာရတာ။ လင်ကိုစွန့်ရင်စွန့်နိုင်တယ်၊ အငြိမ့်ကတဲ့အလုပ်ကိုတော့ မစွန့်နိုင်ဘူးလို့ ပြန်ပြောတယ်။ ရန်ပွဲက ပိုပြီးကြီးထွားလာတယ်။ ကွာမယ်၊ ရှင်းမယ် လုပ်လာကြတယ်။ ဒေါသအလျောက် ပြောကြရင်း စကားနောက် တရားပါ လင်မယား ကွဲကြတော့တာပဲ။

ပြတ်ပြတ်စဲစဲ ကင်းကင်းရှင်းရှင်း လမ်းခွဲကြဖို့ သန္နိဋ္ဌာန် ချလိုက်ကြတယ်။ လက်တွဲလို့ မဖြစ်ကြဘူး။ ပေါင်းစည်းလို့ မရနိုင်တော့ဘူး။ ဒီတော့လည်း လမ်းခွဲကြရုံပေါ့။

ပြတ်တယ် စဲတယ် ဆိုတဲ့ နေရာမှာလည်း ကမ္ဗည်းမှတ်တိုင် ကလေးတော့ စိုက်ခဲ့ကြချင်သေးတယ်ထင်ရဲ့။ ပန်းကန်၊ ခွက်ယောက် တွေခွဲပြီး တစ်ခြမ်းတစ်ပုံစီ ပုံတယ်။ ကြောင်အိမ်၊ ဗီရိုတွေကို အလည်

တည့်တည့်က ထက်ခြမ်းခွဲယူကြတယ်။ ခုတင်၊ မွေ့ရာ ခြင်ထောင်လည်း ဒီလိုပဲ။ တစ်ခြမ်းစီ တစ်ဝက်စီ ဖြတ်ယူဖြယူကြတယ်။ ဘေးက လူတွေကတော့ စုတ်တသတ်သတ်နဲ့ပေါ့။ မပြောသာတော့လည်း ကြည့်ကောင်းကောင်းနဲ့ ရပ်ကြည့်နေကြတယ်။

နေအိမ်ကိုလည်း အလယ်တည့်တည့်အကာအရံလုပ်ပြီး လှေကားတစ်ခုစီ၊ ဝင်ပေါက်တစ်ခုစီ၊ အိမ်သာကအစ တစ်လုံးစီ လုပ်လိုက်ကြတယ်။ ခြံဝင်းကိုလည်း အလယ်တည့်တည့်ကစပြီး တစ်ဝင်း တစ်ခြံစီ ခွဲလိုက်ကြတယ်။

သူတို့မှာ ငါးနှစ်အရွယ် သားတစ်ယောက်ရှိတယ်။ သူ့နာမည်က 'ချစ်ရအောင်'လို့ ခေါ်တယ်။ အမေနဲ့အဖေ လင်ခန်း မယားခန်း ကွဲကြတော့ ချစ်ရအောင်က ငိုတယ်။ ပစ္စည်းအရပ်ရပ် ခွဲဝေပြီးတဲ့နောက် ကလေးကို သူယူမယ်၊ ငါယူမယ်၊ သူပိုင်တယ်၊ ငါပိုင်တယ် လုပ်ကြတယ်။ ကလေး အဝေမတည့် ဖြစ်ကြတယ်။

ဒါကြောင့် ရပ်ကွက်ရုံးကို ကလေးကိစ္စ ဖြေရှင်းပေးဖို့ သွားပြောကြတယ်။ ဟသ်ာကြည်က သူ့သားကို သူမွေးမယ် သူယူမယ်လို့ တင်ပြတယ်။ ခင်မောင်လတ်ကလည်း သူမွေးမယ် သူယူမယ်ပေါ့။ ရပ်ကွက်ရုံးမှာ ဘယ်လိုမှ ညှိမရဘူး။ ဒီတော့ ရပ်ကွက်ရုံးက တရားရုံးတက်ပြီး ကလေးအုပ်ထိန်းခွင့် အသီးသီး လျှောက်ကြဖို့ ညွှန်ကြားတယ်။

တရားရုံးမှာ ခင်မောင်လတ်ကော ဟသ်ာကြည်ကော ကလေးအုပ်ထိန်းခွင့် လျှောက်ကြတယ်။ ကလေးကိုတော့ အမှုအတောအတွင်း လူမှုဝန်ထမ်းဌာနမှာ ခင်မောင်လတ်၊ ဟသ်ာကြည်တို့ရဲ့ဆန္ဒအရ ခေတ္တအပ်နှံထားလိုက်တယ်။

ချစ်ရအောင်ခမျာ သနားစရာပဲ။ မိကွဲ ဖကွဲ သွားနေရတယ်။ သူက အမေကိုလည်း ချစ်တယ်၊ အဖေကိုလည်း ချစ်တယ်။ မိဘနှစ်ပါးစလုံးကို ခင်တွယ်နေတဲ့ ကလေးငယ်လေးပဲ။ သူ့အမေနဲ့ အဖေ ညားကြ

တုန်းက လက်ဖွဲ့ပစ္စည်းအဖြစ် ရထားတဲ့ အရုပ်ကလေး နှစ်ရုပ်ရှိတယ်။ သတို့သားနဲ့ သတို့သမီး လက်ချင်းချိတ်ထားတဲ့ အရုပ်ကလေးပဲ။ လူမှုဝန်ထမ်းဌာန သွားနေရတဲ့အချိန်မှာ အဲဒီအရုပ်ကလေးနဲ့ မိဘ နှစ်ပါးကို အလွမ်းဖြေနေရရှာတယ်။

အမှုစတော့ ဟသ်ာကြည်က ရှေ့နေငှားတယ်။ ခင်မောင်လတ် ကလည်း ရှေ့နေငှားတယ်။ ဟသ်ာကြည် ရှေ့နေငှားတော့ ရှေ့နေက မေးတယ်။ သူတို့အိမ်ထောင်ရေးကိစ္စ ခရေစေ့တွင်းကျ မေးတယ်။ ဘယ်ပုံတွေ့ပြီး ဘယ်ပုံ ချစ်ကြိုက်ခဲ့ကြတာလဲ။

ဒီတော့ ဟသ်ာကြည်က သူနဲ့ ခင်မောင်လတ်တို့ ဇာတ်လမ်းကို ပြန်ပြောပြတယ်။ ဟသ်ာကြည်က အငြိမ့်သမ၊ အငြိမ့်ကလာတာ ၁၆ နှစ်သမီးကတည်းက ကလာတာ။ တစ်နေ့ သမိုင်းဘက်မှာ အငြိမ့် ကရင်း ခင်မောင်လတ် ဟသ်ာကြည်ကို မျက်စိကျသွားတယ်။ ခင်မောင် လတ်က ဇာတ်ခုံနောက်ဖက် လာတွေ့တယ်။ သူ့ကိုယ်သူ မိတ်ဆက် တယ်။ နောက်တော့ ဟသ်ာကြည်အိမ် သွားသွားလည်တယ်၊ တစ်စ တစ်စ ရင်းနှီးရာက ချစ်ကျွမ်းဝင်ခဲ့ကြတယ်။ သူတို့နှစ်ယောက် ညားကြ တယ် ဆိုပါတော့။ ဒီတုန်းက ခင်မောင်လတ်က ရုံးတစ်ရုံးမှာ နေ့ဖက် အလုပ်လုပ်ရင်း ညဖက် ညကျောင်းတက်တယ်။ ညကျောင်းတက်ရင်း ဆယ်တန်းဖြေတာ အမှတ်ကောင်းကောင်းနဲ့အောင်တယ်။ ခင်မောင် လတ်ကို တက္ကသိုလ်ဆက်တက်ဖို့ ဟသ်ာကြည်က အားပေးတယ်။ အလုပ်ထွက်လိုက်ဖို့လည်း ပြောတယ်။ အငြိမ့်ကလို့ရတဲ့ငွေနဲ့ ခင်မောင် လတ်ကို ဘွဲ့ရတဲ့အထိ ကျောင်းထားပေးခဲ့တယ်။ ဘွဲ့မရခင်မှာပဲ ဟသ်ာကြည် ကိုယ်ဝန်ရှိလာတယ်။ ဘွဲ့ရပြီးတော့ တက္ကသိုလ်မှာ နည်းပြဆရာ ပြန်လျှောက်တယ်။ ခင်မောင်လတ် အရွေးခံလိုက်ရပြီး နည်းပြဆရာ ဖြစ်သွားတယ်။

ဒီတစ်ခါမှာ ခင်မောင်လတ်က သူ့ကို အငြိမ့်မကဖို့ ပိတ်ပင်လာတယ်။ ခင်မောင်လတ် ဒီလိုအခြေအနေမျိုးဖြစ်အောင် သူ အငြိမ့်ကလို့ ရတာနဲ့ ထောက်ပံ့ခဲ့ရတာလို့ ဟသ်ာကြည်က သူ့ရှေ့နေကို ရှင်းပြတယ်။

ခင်မောင်လတ် ရှေ့နေကလည်း ခင်မောင်လတ်တို့ အိမ်ထောင်ရေးအကြောင်း မေးတယ်။ ခင်မောင်လတ်က သူ့ရှေ့နေကို ရှင်းပြတယ်။ ဟသ်ာကြည်အတိုင်းပဲ။ ဒါပေမယ့် သူက သူခံစားနေရတဲ့အပိုင်းကို ထည့်ပြောတယ်။

သူ့အနေနဲ့ တက္ကသိုလ်မှာ နည်းပြဆရာတစ်ဦး ဖြစ်နေတဲ့အကြောင်း၊ ဟသ်ာကြည်ကြောင့် သူသိက္ခာကျနေတဲ့ အကြောင်း၊ လူတကာက ဟသ်ာကြည်ရဲ့ မြူဆွယ်တဲ့ အကအကြောင်း ပြောပြောနေတာကို ကြားနေရကြောင်း၊ ရင်းနှီးတဲ့ မိတ်ဆွေနဲ့ တပည့်တွေထံကလည်း ကြားကြားနေရကြောင်း၊ သူ့ကိုလည်း ဟသ်ာကြည်ရဲ့ ယောကျ်ားဖြစ်မှန်း သိထားကြကြောင်း၊ မျက်နှာမထားတတ်အောင် ဖြစ်နေရတဲ့အကြောင်း၊ ရှက်လည်း ရှက်မိကြောင်း သူ့ရှေ့နေကို ပြောတယ်။

အငြိမ့်ကတာကိုဖြတ်မလား၊ လင်ကိုဖြတ်မလားလို့ မေးတဲ့အခါ အငြိမ့်ကတာကို မဖြတ်နိုင်ဘူးလို့ပြန်ပြောရာက အစပြုပြီး လင်မယားကွဲခဲ့ရပုံကို ရှင်းပြတယ်။

အဲဒီအတောအတွင်း ဟသ်ာကြည်ရဲ့ တစ်ဖက်ခန်းမှာ နေ့စဉ်လိုလို အကတိုက် ဇာတ်တိုက်တာတွေ လုပ်ကြတယ်။ ဇာတ်သမား၊ အငြိမ့်သမားတွေက အဝင်အထွက်များပြီး တစ်ဖက်က ခင်မောင်လတ်ကို စောင်းမြောင်း ပြောတာမျိုးတွေ လုပ်တယ်။ ဟသ်ာကြည်ကိုယ်တိုင် အမြူအဆွယ် အဆိုအကတွေနဲ့ အရှဲ့တိုက်ပြီးနေတယ်။

ခင်မောင်လတ်အခန်းလာတဲ့ လုပ်ဖော်ကိုင်ဖက် ဆရာတစ်ချို့နဲ့ တပည့်တစ်ချို့လည်း မျက်နှာပူပူနဲ့ ပြန်ပြန်လစ်ကြရတယ်။

လူမှုဝန်ထမ်းဌာနမှာရှိနေတဲ့ ချစ်ရအောင်လေး ခမျာတော့ သူ့ခင်တွယ်မြတ်နိုးတဲ့ အရုပ်ကလေးနဲ့ပဲ အလွမ်းပြေရင်း လွမ်းဆွေးနေရတယ်။ တရားရုံးမှာ အမှုကို ကြားနာစစ်ဆေးတယ်။ အမှုစစ်ဆေးလာခဲ့တာ နောက်ဆုံး နှစ်ဖက်ရှေ့နေကြီးတွေက ကလေးအုပ်ထိန်းခွင့်နဲ့ပတ်သက်ပြီး အပြီးသတ်လျှောက်လဲချက် တင်သွင်းကြတယ်။

ဟသ်ာကြည်ဘက်က ရှေ့နေကြီးက မိခင်ဆိုတာ သဘာဝအုပ်ထိန်းသူဖြစ်တဲ့အကြောင်း၊ ကလေးဟာ ငယ်ရွယ်သူဖြစ်ကြောင်း၊ မိခင်ရဲ့မေတ္တာရေစက်သလို တမ်းတနေကြောင်း၊ မိခင်သာ သားသမီးအပေါ် အနွံအတာခံတတ်ကြောင်း၊ ရင်အုပ်မကွာ ပြုစုနိုင်သူ ဖြစ်ကြောင်း ဥပဒေအချက်အလက်၊ အကြောင်းအရာအချက်အလက်တွေနဲ့ ဝေဝေဆာဆာ လျှောက်လဲသွားတယ်။

ခင်မောင်လတ် ရှေ့နေကလည်း ပြန်လည်လျှောက်လဲတယ်။ မိခင်ဟာ အငြိမ့်မင်းသမီးဖြစ်တဲ့အကြောင်း၊ နေရာအနှံ့အပြား ပွဲငှားရာကရသူဖြစ်ကြောင်း၊ လူပေါင်းစုံ ပတ်ဝန်းကျင်ပေါင်းစုံနဲ့ ထိတွေ့ဆက်ဆံနေရသူဖြစ်ကြောင်း၊ သားသမီးကို ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက် ပျိုးထောင်ပေးနိုင်တဲ့ အခြေအနေမပေးကြောင်း၊ တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး ဆိုရိုးစကားရှိကြောင်း၊ ကလေးရဲ့ကောင်းရာကောင်းကျိုးကို စဉ်းစားရမှာ ဖြစ်ကြောင်း၊ ကလေးရဲ့ကောင်းရာကောင်းကျိုးအတွက် ဘယ်သူ့ထံမှာထားရင် ပိုပြီးကောင်းမွန်သင့်မြတ်မယ်ဆိုတာကို စဉ်းစားရမှာဖြစ်ကြောင်း၊ ဖခင်နဲ့ အတူထားပါက ကလေးရဲ့အနာဂတ်ဟာ လှပမှာ မြေကြီး လက်ခတ်မလွဲ ဖြစ်ကြောင်း အကိုးအကား စီရင်ထုံးတွေနှင့် ရှွန်းရှွန်းဝေအောင် လျှောက်လဲတင်ပြသွားတယ်။

ရုံးတော်က အပြီးသတ် အမိန့်ချမှတ်မယ့်နေ့ကို သတ်မှတ်ပေးလိုက်တယ်။

Generated by CamScanner from intsig.com

ဒီတောအတွင်းမှာပဲ ချစ်ရအောင် လူမှုဝန်ထမ်းဌာနက တိတ်တဆိတ် ထွက်ပြေးသွားတယ်။ သက်ဆိုင်ရာက ချက်ချင်း လာအကြောင်းကြားတယ်၊ ခင်မောင်လတ်၊ ဟသ်ာကြည်နဲ့ သူတို့ အသိုင်းအဝိုင်းကလူတွေ အပါအဝင် အပူတပြင်း လိုက်ရှာကြတယ်။

မြင်လိုက်တဲ့လူတွေ မေးစမ်းကြည့်တော့ မီးရထားလမ်းဘက် ထွက်ပြေးသွားတာကို သိလိုက်ကြတယ်။ ဒါနဲ့ မီးရထားလမ်းဘက်ကို လိုက်ကြတယ်။

ချစ်ရအောင်ဟာ ရထားလမ်းပေါ်မှာ ရှိနေတယ်။ လမ်းလယ်ကနေ လျှောက်သွားနေတယ်။ ရှေ့ခပ်လှမ်းလှမ်း နေရာမှာ မီးရထားက တူရူခပ်ပြင်းပြင်း ခုတ်မောင်းလာနေတယ်။

ရထားလာနေတာကို ချစ်ရအောင် မသိဘူး။ ရထားလမ်းတစ်နေရာမှာ သူနဲ့အတူပါလာတဲ့ အရုပ်ကလေးကို အသာချပြီး ခဲလုံးလေးတွေ ကောက်ယူကစားတယ်။

နောက်က ခင်မောင်လတ်၊ ဟသ်ာကြည်တို့အုပ်စု အပြေးလိုက်လာကြတယ်။ ချစ်ရအောင်နာမည်ကို အော်ခေါ်တယ်။ ဒါပေမယ့် ကလေးက မကြားဘူး။ ရထားက တဖြည်းဖြည်း နီးသည်ထက် နီးလာတယ်။ ရထားခုတ်မောင်းသံကြောင့် ရထားလာမှန်း ချစ်ရအောင် သိလိုက်တယ်။ မတ်တတ်ရပ်ပြီး ရထားလမ်းဘေးကို ဖြည်းဖြည်းချင်း ဖယ်ဆင်းလိုက်တယ်။ ဒီတော့မှ သူ့အရုပ်ကို သူသတိရတယ်။ အရုပ်ကလေးက ရထားဇလီဖားတုံးပေါ်မှာ ကျန်ရစ်ခဲ့တာကိုး။ ရထားကလည်း အရှိန်နဲ့ခုတ်မောင်းလာတယ်။ ချစ်ရအောင်က အရုပ်ကိုပြန်ယူဖို့ ပြေးသွားတယ်။ ရထားကလည်း ဖြတ်မောင်းသွားတယ်၊

ခင်မောင်လတ်က နောက်ကနေ ချစ်ရအောင်ကို လှမ်းဆွဲလိုက်တာမှီ မတိုက်မိဘဲ အရှိန်ဟပ်မိပြီး ကလေး လန့်ပြီးမေ့မြောသွားတယ်၊

ရထား ပြုတ်ကျော်ခုတ်မောင်းသွားပေမယ့် အရုပ်ကလေးကို မကြိုက်မိဘူး။ ရထားဆုံးတော့ ချစ်ရအောင် အရုပ်ကို ဟသ်ာကြည်က ကောက်ယူခဲ့တယ်။ ခင်မောင်လတ်ကတော့ ကလေးပွေ့ချီပြီး အိမ်ခေါ် လာတယ်။ အိမ်ရှေ့ရောက်တော့ ပြဿနာ တက်ကြပြန်တယ်။ ခင်မောင်လတ်က သူ့အခန်းဘက်ကို အတင်းချီသွင်းဖို့ ကြိုးစားတယ်။ ဟသ်ာကြည်က အတင်းဆွဲတယ်။ သူနဲ့အတူ ကလေးကို သူ့အခန်းဘက် ထည့်လိုက်ဖို့ ပြောတယ်။ ပါလာတဲ့ လူကြီးတွေက လောလောဆယ် ကလေးအတွက် ငဲ့သင့်တဲ့အကြောင်း ခင်မောင်လတ်ကို ဝင်တောင်းပန် တယ်။ ဒီတော့ ခင်မောင်လတ် မငြင်းသာဘူး။

အမိန့်ချဖို့ ချိန်းဆိုထားတဲ့ ရုံးချိန်းနေ့ကို ရောက်လာတယ်။ တရားရုံးရှေ့ နှစ်ဖက်အကျိုးဆောင်တွေ ရောက်ရှိနေကြတယ်။ ဒါပေ မယ့် အမှုသည် ကာယကံရှင် ခင်မောင်လတ်နဲ့ ဟသ်ာကြည်တို့ ရောက် မလာဘဲရှိနေတယ်။ ကာယကံရှင်အမှုသည်တွေ အချိန်မီ ရောက်မလာ ကြတဲ့အတွက် တရားရုံးက အမိန့်မချဖြစ်ပဲ ရုံးချိန်းထပ်ချိန်းလိုက်တယ်။

ရွှေနေကြီးနှစ်ဦး ခေါင်းချင်းရိုက်ကာ မော်တော်ကားကိုယ်စီနဲ့ ကိုယ့်အမှုသည်ဆီ အရောက်လာကြတယ်။ အိမ်ရှေ့အရောက်မှာ ကားပေါ်က ကိုယ်စီဆင်းလိုက်ကြတယ်။ ထူးထူးဆန်းဆန်းအရာကို တွေ့လိုက်ကြတယ်။ အလယ်က ကာထားတဲ့ ခြံစည်းရိုးကြီး မရှိတော့ပါ။

အိမ်ပေါ်တက်မယ်အလုပ် ဒုတိယမ္ဘ အံ့သြကြရပြန်တယ်။ ယခင် လှေကားနှစ်ခုရှိတာ အခု လှေကားက တစ်ခုတည်းဖြစ်နေတယ်။ လှေကားက တက်လာကြပြီး အိမ်ထဲဝင်မည်အပြု တတိယမ္ဘ အံ့သြကြရ ပြန်တယ်။ အရင်လို ဝင်ပေါက်နှစ်ခု မဟုတ်တော့ဘဲ တစ်ခုတည်း ဖြစ်နေတာကို တွေ့လိုက်ကြတယ်။ ရွှေနေကြီးနှစ်ဦးစလုံး အခန်းထဲ ဝင်လာကြတဲ့အခါ အိမ်ထဲမှာလည်း ကာရံထားတဲ့အကာတွေ မရှိတော့ တာ တွေ့ရတယ်။

ခင်မောင်လတ်၊ ဟသ်ာကြည်၊ ချစ်ရအောင်တို့ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်ပြုံးပြုံး ရှိနေတာကို တွေ့လိုက်ကြတယ်။

ရှေ့နေနှစ်ဦးက ဟသ်ာကြည်ကို မေးတယ်။ အငြိမ့်ကတာကို မစွန့်ဘူးလို့ အပြောကြီးခဲ့တာ အခုတော့ အငြိမ့်ကတာကို စွန့်လွှတ်ရပြီ မဟုတ်လားလို့ မေးတယ်။

ခင်မောင်လတ်က ဝင်ဖြေတယ်။ အငြိမ့်ကတာကိုလည်း စွန့်လွှတ်စရာမလိုတော့သလို ယောက်ျားကိုလည်း စွန့်လွှတ်စရာ မလိုတော့တဲ့ အကြောင်း ပြန်ဖြေတယ်။

နားထွေးနေကြသေးတဲ့ ရှေ့နေကြီးနှစ်ဦးကို ဟသ်ာကြည်က ဝင်ရှင်းပြလိုက်တယ်။ သူ့အနေနဲ့ လင်နဲ့သားကိုငဲ့ပြီး အငြိမ့် မကတော့ဘူးလို့ ဆုံးဖြတ်လိုက်ကြောင်း၊ ဒါပေမယ့် ခင်မောင်လတ်က အငြိမ့်ကတာကို မတားလိုတော့ဘူးလို့ သဘောထား ပြောင်းလာကြောင်း၊ အငြိမ့်ကရမယ်လို့ ဆိုကြောင်း၊ ဟသ်ာကြည် အငြိမ့်ဆက်ကမှာ ဖြစ်ကြောင်း၊ ဒါပေမယ့် ခင်မောင်လတ်ရဲ့ ဂုဏ်သိက္ခာနဲ့ မြန်မာ့ ယဉ်ကျေးမှု အစဉ်အလာသိက္ခာတွေကို စောင့်ထိန်းတဲ့အနေနဲ့ မြန်မာ့ အနုပညာစစ်စစ်တွေကိုသာ ဖော်ထုတ်တီထွင် ကပြတော့မှာ ဖြစ်ကြောင်း။

သရုပ်ပျက်အကနဲ့ သရုပ်ပျက်အနုပညာ မှန်သမျှကို အပြီးအပိုင် စွန့်လွှတ်လိုက်ပြီ ဖြစ်တဲ့အတွက် ခင်မောင်လတ်နဲ့ ညှိနှိုင်းမှုပြေလည်မှု ရရှိခဲ့ပြီဖြစ်ကြောင်း၊ ဘဝရသ အစစ်အမှန်ကို ခံစားတွေ့ရှိပြီလို့ ရှင်းပြတယ်။

ရှေ့နေကြီးနှစ်ဦး တပြုံးပြုံးဖြစ်ပြီး ဦးခေါင်းတညိတ်ညိတ်နဲ့ ပြန်သွားကြတယ်။ ရှေ့နေနှစ်ဦး ကားကိုယ်စီနဲ့ ပြန်ထွက်သွားတာကို ချစ်ရအောင်က အိမ်ပြင်ထွက်လာပြီး လက်ပြ နှုတ်ဆက်တယ်။ ချစ်ရအောင်ရဲ့ လက်ထဲမှာတော့ သတို့သမီး၊ သတို့သား အရုပ်ကလေး ကိုင်လျက်ပါပဲ။

ဒိုင်္ဂဇာတ်လမ်း

အထက်ဖော်ပြခဲ့တဲ့ ဇာတ်လမ်းဟာ တကယ့်အဖြစ်အပျက်အမှန် မဟုတ်ဘူး။ အဖြစ်အပျက်အမှန်ကို ပြုပြင်အချောသပ်ပြီး ဇာတ်လမ်း တစ်ပုဒ် ဖန်တီးထားခြင်းသာဖြစ်တယ်။ ဒီဇာတ်လမ်းရဲ့ တကယ့် အဖြစ်မှန်မှာ ခင်မောင်လတ်နဲ့ ဟသ်ာကြည် ပြန်မပေါင်းဖြစ်ကြဘူး။ သူတို့လင်မယား ကွဲသွားကြတယ်။ ဟသ်ာကြည် နောက်အိမ်ထောင် ထူတယ်၊ ခင်မောင်လတ်လည်း နောက်အိမ်ထောင်ထူတယ်။

ဇာတ်လမ်းထဲမှာ နှစ်ဖက်အုပ်ထိန်းခွင့် လျှောက်ကြတဲ့အကြောင်း တွေ ပါလာတယ်။ အဖြစ်မှန်မှာတော့ ဒီလိုမဟုတ်ဘူး၊ ခင်မောင်လတ်နဲ့ ဟသ်ာကြည်တို့ လင်မယား ကွဲကြတဲ့အချိန်မှာ ခင်မောင်လတ်နဲ့အတူ ချစ်ရအောင် ပါသွားတယ်၊ တစ်ခြားမှာနေတာ၊ ဇာတ်လမ်းထဲကလို တစ်အိမ်တည်း ထက်ခြမ်းခွဲနေကြတာမျိုး မဟုတ်ဘူး။

ခင်မောင်လတ်နဲ့အတူ ချစ်ရအောင် ပါသွားပြီးတဲ့နောက် ဟသ်ာကြည် သူ့သားကိုလွမ်းတယ်၊ သားကိုတွေ့ချင်တယ်။ ခင်မောင် လတ်က ပေးမတွေ့ဘူး။ တစ်ရက် နှစ်ရက် ခေါ်ထားပါရစေဆိုပြီး လူကြီးတွေနဲ့ တောင်းတောင်းပန်ပန် လွှတ်ပြီးပြောခိုင်းတယ်၊ မိခင် တစ်ယောက်ရဲ့ အခွင့်အရေးကို အသိအမှတ်ပြုတဲ့အနေနဲ့ ခင်မောင် လတ် လိုက်လျောလိုက်တယ်။

ဒါနဲ့ ချစ်ရအောင်ကို ခေါ်သွားတယ်၊ နှစ်ရက်ပြည့်တဲ့နေမှာ ချစ်ရအောင် အပို့ကို ခင်မောင်လတ် စောင့်တယ်၊ တစ်နေကုန်စောင့် လည်း ပေါ်မလာဘူး၊ ကလေးကို ပြန်မပို့ဘူး၊ နောက်ပိုင်း ချစ်ရအောင် ကို ခင်မောင်လတ်လက်ထဲ ပြန်မပို့တော့ဘဲ ဟသ်ာကြည်က သူ့သားကို သူခေါ်ထားတယ်။

ခင်မောင်လတ် အကြီးအကျယ် ဒေါသူပုန်ထတော့တာပဲ။ မိတ်ဆွေ အပေါင်းအဖော်တွေနဲ့ တိုင်ပင်ပြီး ဟသ်ာကြည်တို့အလစ်မှာ ကလေးကို တိတ်တဆိတ် ခိုးယူလာခဲ့တယ်။

ပထမတော့ ကလေးပျောက်တယ်ဆိုပြီး စခန်းမှာ သွားတိုင်တယ်။ နောက်တော့မှ ခင်မောင်လတ်ခေါ် သွားမှန်း သိတယ်။ ဒီတော့ ကလေးခိုးသွားတဲ့အတွက် အရေးယူပေးဖို့ ရဲသွားအကြောင်းကြားတယ်။

ကလေးခိုးသွားတဲ့ ပုဂ္ဂိုလ်ဟာ ကလေးရဲ့ဖခင်အရင်း ဖြစ်နေတယ်။ ဒါကြောင့် ဖခင်အရင်းကို ကလေးခိုးမှုနဲ့ အရေးယူလို့မရနိုင်တဲ့ အကြောင်း စခန်းက ရှင်းပြတယ်။ ဟသ်ာကြည်က မကျေနပ်ဘူး။

ဟသ်ာကြည် အကြံထုတ်တယ်။ မထူးဘူး။ သူက ငါ့လက်ထဲက ခိုးသွားတယ်။ ဒီတော့ ဒင်းလက်ထဲက ပြန်ခိုးယူမယ်ဆိုပြီး ခင်မောင်လတ် လက်ဝယ်က ကလေးပြန်ရအောင်ခိုးဖို့ စီစဉ်တယ်။

ဟသ်ာကြည် အငြိမ့်အဖွဲ့မှာ ပါဝင်တဲ့ လူမိုက် ဗိုက်ကြီး(ခ)ငတေ ဆိုတာရှိတယ်။ သူက မိုက်ကန်းကန်း၊ ရုပ်ပေါက်ဆိုးဆိုး၊ လူက အရက်အိုး၊ အရက်တိုက်ပြီး မြှောက်ပေးရင် ဘာမဆိုလုပ်တဲ့လူစား။

ဟသ်ာကြည်က ဗိုက်ကြီး(ခ)ငတေကို တာဝန်ပေးတယ်၊ ကလေးကို ရတဲ့နည်းနဲ့ သူ့ဆီပြန်ခေါ်ခဲ့ဖို့ ဗိုက်ကြီးနဲ့အတူ အဖော်အဖြစ် လွမ်းမောင်ပါ ပါသွားတယ်၊

ခင်မောင်လတ်တို့အိမ်ကို ညနေဘက် လာချောင်းကြတယ်။ အရိပ်အခြည် လာကြည့်တာ၊ ကားလည်း ပါလာတယ်။ လူလစ်ရင် တစ်ပါတည်း ကလေးခိုးဖို့ပဲ၊ အဆင်သင့် ဆိုသလို ချစ်ရအောင်ကို အိမ်ရှေ့မှာ တွေ့ရတယ်၊ တခြားကလေးငယ် နှစ်ယောက်နဲ့ ကစားနေကြတယ်။ ဗိုက်ကြီးက ချစ်ရအောင်ဆီ ပြေးသွားပြီး မ,ချီလိုက်တယ်။ ပြီးတော့ မော်တော်ကားရှိရာ နေရာကို အသော့နှင်တော့တာပဲ၊

ဒါကို အိမ်ထဲမှာရှိတဲ့ ခင်မောင်လတ် မြင်သွားတယ်။ နံရံက ငှက်ကြီးတောင်ဓားဆွဲပြီး ပြေးလိုက်သွားတယ်။ ဗိုက်ကြီးက နောက်က လိုက်လာမှန်းသိလို့ ကလေးအောက်ချပြီး ခင်မောင်လတ်ကို အတင်း ဝင်ပူးတယ်။ ဓားကိုလုတယ်။ ခင်မောင်လတ်ထက်စာရင် ဗိုက်ကြီးက လူကောင်လည်းထွားတယ်။ အားလည်းသန်တယ်။

ခင်မောင်လတ် မျက်နှာတည့်တည့် လက်သီးတစ်ချက် ပစ်ထိုး လိုက်တာ ဖင်ထိုင်ကျသွားတယ်။ ဗိုက်ကြီးက ငှက်ကြီးတောင်ဓားကို ကောက်ယူလိုက်တယ်။ လွမ်းမောင်က ချစ်ရအောင်ကို ကားပေါ် ရောက်အောင် အတင်းဆွဲတင်နေတယ်။ ခင်မောင်လတ် ထလိုက် တယ်။ လွမ်းမောင်ဆီကို ပြေးသွားပြီး ကလေးကို အတင်းပြန်ဆွဲတယ်။

ဒီအချိန်မှာ ဗိုက်ကြီးက ဓားဆွဲပြီး ခင်မောင်လတ်ကို ပြေးခုတ် တယ်။ ဝင်ကာနီး နေရောင်ခြည်ကြောင့် ဓားဟာ လက်ကနဲ ဖြစ်သွား တယ်။

ခင်မောင်လတ် လှည့်ပြီး ရှောင်လိုက်တယ်။ ဓားချက်က ခင်မောင်လတ်နဲ့ လွဲသွားတယ်။ ခင်မောင်လတ် ဘာမှမဖြစ်လိုက်ဘူး။ ဗိုက်ကြီး ဓားကိုပြန်နုတ်အသိမ်းမှာ ဓားသွားနဲ့အတူ သွေးတွေဖြာပြီး ပန်းထွက်သွားတယ်။

ဘုရား၊ ဘုရား၊ မြတ်စွာဘုရား။

အဖြစ်က ဆိုးလှပါလား။ မကြည့်ရက်စရာ၊ မရှုရက်စရာ မြင်ကွင်း။ အသည်းနင့်စရာ၊ နာကျည်းစရာမြင်ကွင်း။

ဗိုက်ကြီး(ခ)ငတေနဲ့လွမ်းမောင်တို့ လူသတ်မှု၊ လူခိုးမှု တရားခံ အဖြစ် တရားစွဲ အရေးယူခံရတယ်။ အမှုတွဲမှာ တရားလိုက ခင်မောင် လတ်၊ တရားခံက ဗိုက်ကြီး(ခ)ငတေနဲ့ လွမ်းမောင်။ ဟသ်ာကြည် နာမည်ကိုတော့ တရားလိုပြသက်သေ စာရင်းထဲမှာတွေ့ရတယ်။ အမှုတွဲကို လှန်ကြည့်မိတယ်။ အမှုတွဲနဲ့အတူ အခင်းဖြစ်နေရာမှာ

ရိုက်ကူးထားတဲ့ သေသူရဲ့ ဓာတ်ပုံကို သက်သေခံပစ္စည်းအဖြစ် ပူးတွဲတင်ပြထားတာ တွေ့ရတယ်။ ချစ်ရအောင်လေးရဲ့ အလောင်းပုံပါပဲ။

အသုဘဖိတ်စာမှာ နာမည်ပြောင်းလိုက်ဖို့တောင် ကောင်းတယ်။ ဦးခင်မောင်လတ်၊ ဒေါ်ဟသာကြည်တို့ရဲ့သား 'မုန်းရအောင်' လို့။ အန္တတ္တသညာက ဒီလိုပဲ ဖြစ်နေတယ်။

ကံကြမ္မာသည် လိုလားသောသူများအား ဦးဆောင်၍ မလိုလားသူများအား တရွတ်တိုက်ဆွဲခေါ်သည် ဆိုတဲ့စကားလိုပဲ။

ဒီအမှုစစ်ခဲ့တဲ့ ကာလတလျှောက်လုံးမှာ အမှုထဲ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေအားလုံး ရင်နာမဆုံး ကြိမ်မီးအုံး ဖြစ်ခဲ့ကြတယ်။ တချို့ဆိုရင် အူတုတု ကြောင်တောင်တောင် ကယောင်ချောက်ချား ဖြစ်နေတယ်။ အမှုစစ်ခံရင်း ရှိက်ကြီးတငင် ငိုချလိုက်တဲ့ အသံတွေ၊ မေးတာကို မဖြေနိုင်ပဲ ဆို့ဆို့နင့်နင့်ဖြစ်သွားတာတွေ တွေ့ရတယ်။ ဝမ်းနည်းချောက်ချားစရာ ကောင်းတဲ့ အမှုစစ်ကာလပဲ။ ဒီအမှုကို မေ့ပစ်ဖို့ ကြိုးစားမိတယ်။ သတိရတိုင်း ရင်ထဲမှာ နင့်နင့်လာတယ်။ ဒါပေမယ့် အမှုစစ်ကာလတွေကို မေ့ဖျောက်လို့ မရနိုင်ခဲ့ပါ။ အထူးသဖြင့် ချစ်ရအောင်ကလေးကို မေ့ပျောက်လို့ မရနိုင်ခဲ့ပါ။

မေ့ပျောက်လို့ မရနိုင်မယ့်အတူတူ စိတ်သက်သာရအောင်ဆိုပြီး အထက်ပါ ဇာတ်လမ်းကလေးကို မိမိဘာသာမိမိ ဖန်တီးမိတယ်၊ အနိဋ္ဌာရုံ အတွေ့အမြင်တွေကို ဣဋ္ဌာရုံအသွင်ကြည့်မိတယ်။ သူတို့ ဇာတ်လမ်းကလေးဟာ ဒီလိုများဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲဆိုတဲ့ အတွေးမျိုးနဲ့ပါပဲ။

စိတ်ကူးယဉ်တာနဲ့ ဒိဋ္ဌဖြစ်နေတာ တသီးတခြားပဲ ဆိုတာ သိတယ်။ ဒိဋ္ဌဘဝဆိုတာ မိမိစိတ်ကူးယဉ်သလို ဖြစ်မလာမှန်းလည်း သိတယ်။

ဒါပေမယ့် ခင်မောင်လတ်နဲ့ ဟသာကြည်တို့ရဲ့ ဒိဋ္ဌဘဝမှာ ဘာကစမှားခဲ့ကြတာလဲ။ ဒီလိုဇာတ်သိမ်းခဲ့ရတာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို ဆုပ်ဖမ်းနိုင်ဖို့ ကြိုးစားကြည့်မိတယ်။

အများရဲ့ အမြင်နဲ့တော့ ခြားနားကောင်း ခြားနားနေပေလိမ့်မယ်။ ရှေ့နေတစ်ယောက်ပီပီ မြင်တာကတော့ တရားဥပဒေကို မျက်ကွယ်ပြုခြင်း၊ ဥပဒေအခွင့်အရေးကို သိရှိအသုံးမချတတ်ခြင်းနဲ့ မိမိဓလေ့၊ မိမိယဉ်ကျေးမှုကို ပစ်ပယ်ခြင်းဆိုတဲ့ ကောက်ချက်ကို တွေ့လိုက်ရတယ်။

တကယ်လို့သာ ခင်မောင်လတ်နဲ့ ဟသာကြည်တို့ဟာ အဲဒီ အကြိတ်အခဲထုကို ချေနိုင်ခဲ့ရိုးမှန်ရင် သူတို့ရဲ့ ဒိဋ္ဌအဖြစ်အပျက်ဟာ စိတ်ကူးယဉ် ဇာတ်လမ်းထဲကလို အဆုံးသတ်ဖို့ပဲရှိတယ်လို့ ထင်တယ်။

အသိုင်းအဝိုင်းထဲမှာနေရင် ဒီ အသိုင်းအဝိုင်းရဲ့ ဓလေ့၊ ယဉ်ကျေးမှု ဥပဒေဆိုတာတွေကို သိသင့်တယ်။ တာဝန်နဲ့ အခွင့်အရေးကိုလည်း သိထားရမယ်။ မိမိ လက်လှမ်းမမီတဲ့ အဆင့်မျိုးဆိုရင် လက်လှမ်းမီပြီး စေတနာကောင်းရှိတဲ့ပုဂ္ဂိုလ်ထံ ချဉ်းကပ် အကြံဉာဏ်ယူသင့်တယ်။

'နည်းမှန်လျှင်ကံမလို၊ လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုရိုးရှိတယ်။

တရားဥပဒေကို မျက်ကွယ်ပြုခြင်း၊ ဥပဒေ အခွင့်အရေးကို သိရှိအသုံးမချတတ်ခြင်းနဲ့ မိမိဓလေ့၊ မိမိယဉ်ကျေးမှုကို ပစ်ပယ်ခြင်းဆိုတဲ့ အမှောင်ထုကို ဖြိုခွင်းထားနိုင်ရင် နေလာနှင်းကွဲဖြစ်ပြီး ချစ်ရအောင် တို့လို ဒိဋ္ဌအနိဋ္ဌာရုံ အဖြစ်အပျက်မျိုးတွေ နောက်ထပ် ပေါ်ပေါက်လာစရာ ရှိမှာမဟုတ်ဘူးလို့ ယုံကြည်နေမိတယ်။

## အခန်း (၇)

## ပုလဲများကို ရှာဖွေလိုက နက်နက်ငုပ်ပါ

တရားစီရင်ရေး အောင်မြင်ဖို့ အရေးကြီးတဲ့ အဆစ်အပိုင်း တချို့ကို ပြောပြချင်တယ်။

ကြုံဖူးတဲ့ အမှုတစ်မှုအကြောင်း ပြောပြပါ့မယ်။

ကားမောင်းရင်း ကားတိုက်လို့ လူသေတဲ့အမှုပဲ။ ပုဒ်မ ၃၀၄ (က)နဲ့ တရားစွဲတင်တဲ့အမှုဖြစ်တယ်။

ကားပေါ်မှာ လူနှစ်ယောက်ပါလာတယ်။ ကားမောင်းလာသူက ဆရာဝန်ဖြစ်တယ်။ အခြားတစ်ယောက်က ကျောင်းသား။ ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက် လမ်းမတစ်နေရာမှာ ကားကိုအရှိန်နဲ့ မောင်း လာရင်း မိန်းမနှစ်ယောက်ကို ဝင်တိုက်မိတယ်။ တစ်ယောက်က အချင်းဖြစ်နေရာမှာပဲ ပွဲချင်းပြီးသေဆုံးသွားတယ်။ တစ်ယောက် ကတော့ အပြင်းအထန် ဒဏ်ရာရပြီး ဆေးရုံကိုပို့လိုက်ရတယ်။

တရားရုံးကို အမှုစွဲတင်တော့ တရားခံက ကျောင်းသား မောင်သန်း ဖြစ်နေတယ်။ ကားမောင်းလာတဲ့ ဆရာဝန် မောင်ညာဏ်က သက်သေဖြစ်နေတယ်။ မောင်ညာဏ်ကပြောတယ်။ အခင်းဖြစ်စဉ်က ကားကို မောင်သန်း မောင်းလာခြင်းဖြစ်တယ်တဲ့။ သူကတော့ နံဘေးမှာ လိုက်ပါလာသူ ဖြစ်တယ်ဆိုပဲ။ အခင်းဖြစ်နေရာ အရောက်မှာ ကား

ဘရိတ် ပေါက်သွားရာက အရှိန်မသတ်နိုင်ဘဲ ခုလိုဖြစ်သွားရတာပါလို့ ပြောတယ်။ ရဲရှေ့မှာလည်းဒီအတိုင်းပြောတယ်။ တရားရုံး ရောက်တော့လည်း ဒီအတိုင်းပဲ ထွက်ဆိုတယ်။

မောင်သန်းကလည်း ဝန်ခံတယ်။ ကားမောင်းလာသူဟာ သူဖြစ်ပါတယ်တဲ့။ အခင်းဖြစ်ပုံ ပြောပြတော့လည်း မောင်ညာက်ပြောသလိုပဲ။ ရဲရှေ့မှာလည်း ဒီအတိုင်းပြောတယ်၊ တရားရုံးရှေ့ရောက်တော့လည်း ဒီအတိုင်းပဲ။

တရားခံကိုလည်း သိနေပြီ၊ တရားခံကလည်း ဝန်ခံနေပြီမို့ ကားတိုက်ခံရတဲ့ နေရာအနီးအပါးက သက်သေတွေကို ရဲက နှိုက်နှိုက်ချွတ်ချွတ် စုံစုံစေ့စေ့ မစစ်ခဲ့ဘူး။ သာမန် သက်သေတစ်ယောက်နှစ်ယောက်ကိုသာ စစ်မေးခဲ့တယ်။

အခင်းဖြစ်ပွားပုံကို အစအဆုံး တွေ့လိုက်တဲ့ ကွမ်းယာသည် ဒေါ်အေးဆိုတာရှိတယ်။ အခင်းဖြစ်တာလည်း သူ့ဆိုင်နားမှာဖြစ်တာ။

ဒေါ်အေးရဲ့အစ်ကို မောင်လှ ဆိုတာက တရားရုံးမှာ စာရေး။ တိုက်ဆိုင်ချင်တော့ အဲဒီအမှုကို စစ်တဲ့ရုံးမှာ သူက တာဝန်ကျတယ်။ အမှုစစ်တဲ့အကြောင်းတွေ အိမ်ရောက်တော့ အတွေ့အကြုံ ပြန်ပြောတယ်၊ ကားတိုက်မှု အကြောင်းလည်း ပါတယ်။ ဒေါ်အေးက အဲဒီအမှု စစ်ဆေးပြီလားလို့ မေးတယ်၊ စစ်နေပြီလို့ မောင်လှက ပြန်ဖြေတယ်။ အခင်းဖြစ်တုန်းက သူကိုယ်တိုင် မြင်လိုက်ရတယ်လို့ ဒေါ်အေးက ဆက်ပြောတယ်။ ကားမောင်းလာတဲ့အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ပုဂ္ဂိုလ်က ကပျာကယာ ကားပေါ်ကဆင်းလာပြီး သေသူရဲ့လက်ကို ကိုင်တာ၊ သွေးခုန်နှုန်းစမ်းတာ သူတွေ့လိုက်ရသေးတယ်လို့ ဒေါ်အေးက ပြောတယ်။

မောင်လှစိတ်ထဲ ဇဝေဇဝါ ဖြစ်သွားတယ်။ မဟုတ်သေးပါဘူး။ တရားခံ ကားမောင်းလာသူက အရပ်ပုပု အသားမည်းမည်းပါလို့

ဒေါ်အေးကို ပြန်ပြောတယ်။ ကားမောင်းလာတဲ့ ပုဂ္ဂိုလ်ဟာ အသား မည်းလည်း မမည်းဘူး။ အရပ်လည်းမပုဘူး။ သူ့ဘေးက ပါလာတဲ့ ပုဂ္ဂိုလ်ကသာ ပုပုမည်းမည်းဖြစ်တယ်လို့ ဒေါ်အေးက အခိုင်အမာ ငြင်းတယ်။ မယုံရင် မိပေါက်ကိုမေးကြည့်၊ မိပေါက်တောင် မြင်လိုက် သေးတယ်လို့ ဒေါ်အေးက သက်သေထူပြောတယ်။

မောင်လှနဲ့ ဒေါ်အေး အငြင်းအခုံ ဖြစ်လိုက်ကြသေးတယ်။ နောက်တော့ ဒေါ်အေးက အမှုရုံးချိန်းနေ့ရောက်ရင် ပြောစမ်းပါ။ လိုက်ကြည့်ဦးမယ်လို့ ပြောတယ်။ ရုံးချိန်းရက်မှာ ဒေါ်အေး လိုက်ကြည့် တယ်။ တရားခံအဖြစ် စွဲခံနေရတဲ့ပုဂ္ဂိုလ်ဟာ အခင်းဖြစ်တုန်းက ကားမောင်းသူ တရားခံအစစ် မဟုတ်ဘူးဆိုတာ သိလိုက်တယ်။

မောင်လှက အဖြစ်အပျက်အားလုံးကို တရားရုံးကို ပြောပြလိုက် တယ်။ ဒီတော့မှ တရားခံ အစားထိုးထားမှန်း တရားသူကြီးတွေက သိသွားကြတယ်။

## ဆင်ခြေရာရှာဖို့မပျင်းနဲ့

အမှုတစ်မှု ရုံးရှေ့ကို ရောက်လာတယ်။ အပြစ်ရှိသလား၊ မရှိဘူး လားလို့ မေးတယ်။ တရားခံက အပြစ်ရှိတယ်လို့ ဖြေတယ်။ ဒီတော့ ရုံးက အမိန့်ချတယ်။ ပြစ်ဒဏ်ပေးတယ်။

ဆင်တစ်ကောင်လုံးတွေ့မှ ဆင်ခြေရာကို ရှာနေစရာမလိုပါဘူး လို့ တချို့ကပြောတယ်။ ဝင်စစ် အမှုတစ်မှုကို ဖော်ထုတ်တယ်၊ စစ်ဆေး တယ်၊ စီရင်တယ်ဆိုတာ ဆင်ကိုတွေ့ဖို့ အဓိကထား လုပ်ကိုင်နေတာ မဟုတ်ဘူး။ ဆင်ခြေရာ ဘယ်ကစသလဲဆိုတာကို ရှာဖို့သာ အဓိက ဖြစ်တယ်။ အပြစ်ရှိသလား၊ မရှိဘူးလား ဆိုတာထက် ဘာကြောင့် အပြစ်ကျူးလွန်ရတာလဲဆိုတဲ့ အတွင်းအနာဆူးကို စီရင်ပိုင်ခွင့် ဇာဂနာနဲ့ ဆွဲကလော်နိုင်ဖို့ပဲ။

## ရှေ့နေအတတ်

ရှေ့နေလုပ်စားရင် လိမ်တာနဲ့ ပရိယာယ်ဆိုတာကို ခွဲခြားထား တတ်ရတယ်။ ဘယ်ရှေ့နေမဆို ဒီလုပ်ရပ်နှစ်ခုအနက် တစ်ခုခုကို ကိုးကျင်းကိုးကျင်း ကိုင်ဆွဲလုပ်ဆောင်နေကြတာပဲ။ တစ်ချို့က လိမ် တယ်၊ တစ်ချို့က ပရိယာယ်ကို သုံးတာပဲ။

စင်စစ် ရှေ့နေပညာဟာ ပရိယာယ် အရာသာဖြစ်တယ်၊ လိမ်ညာမှုကင်းတဲ့ ပရိယာယ်ကြွယ်ဝမှုမျိုးပဲ။

မောင်ခွေးဆိုတဲ့ပုဂ္ဂိုလ် ပစ္စည်းခိုးတယ်။ တရားစွဲခံရတယ်။ တရားရုံးရောက်တော့ ရှေ့နေငှားတယ်။ ရှေ့နေက မောင်ခွေးကိုယ်စား အမှုလိုက်ပါဆောင်ရွက်တယ်။ ရှေ့နေက တရားရုံးမှာ လျှောက်လဲချက် ပေးတယ်။ (မောင်ခွေးဟာ ပစ္စည်းကို ခိုးသူမဟုတ်ပါ၊ မောင်ခွေး ပစ္စည်းမခိုးတတ်ပါ) လို့ ဆိုတယ်။ ဒါ လိမ်တာပဲ။

ရှေ့နေပညာဆိုတာ ပရိယာယ်အရာသာဖြစ်တယ်လို့ အထက်က ဆိုထားတယ်။ ဒီတော့ ရှေ့နေက ပရိယာယ်နဲ့ လျှောက်လဲရတယ်။ (မောင်ခွေး ပစ္စည်းခိုးတယ်လို့ သက်သေအထောက်အထား မတင်ပြ နိုင်သေးသမျှ မောင်ခွေးကို သူခိုးလို့ မပြောနိုင်ပါ။ သက်သေက မောင်ခွေး ပစ္စည်းခိုးကြောင်း ထွက်ဆိုထားသည့်တိုင်အောင် သက်သေ ရဲ့ ထွက်ဆိုချက်ဟာ မောင်ခွေးအပေါ် တမင် အပြစ်ရလိုတဲ့ဆန္ဒနဲ့ ပြောတာလားဆိုတဲ့ သံသယကင်းမှ မောင်ခွေးကို သူခိုးဖြစ်ကြောင်း ပြောနိုင်မှာဖြစ်ပါတယ်)လို့ လျှောက်လဲတယ်။ အဲဒီလို လျှောက်လဲပုံ မျိုးကို ရှေ့နေပညာ ပရိယာယ်ဗျူဟာလို့ ခေါ်တယ်။

သင်္ချာဆရာတော်ဘုရားရဲ့ ပုံတိုပတ်စလေးတစ်ပုဒ်ကို ကြားဖူး ကြလိမ့်မယ်ထင်တယ်။

Generated by CamScanner from intsig.com

တစ်နေ့ ဆရာတော်ဘုရား ကျောင်းဥယျာဉ်အတွင်းမှာ သီတင်းသုံးနေတယ်။ ဒီအချိန်မှာ ရာဇဝတ်သားတစ်ယောက် ထွက်ပြေးလာတယ်။ ဆရာတော် သီတင်းသုံးရာ နေရာကနေ တခြားတစ်ဖက်ကို ရှောင်တိမ်းသွားတယ်။ နောက်က မင်းလုလင်တွေလိုက်လာကြတယ်။ ရာဇဝတ်သား မျက်ခြည်ပြတ်သွားတဲ့နေရာမှာ ဆရာတော်ကို တွေ့တယ်။ ဒီတော့ ရာဇဝတ်သားကို တွေ့လိုက်မတွေ့လိုက် ဆရာတော်ကို မေးမြန်းလျှောက်ထားတယ်။ ဆရာတော်က စဉ်းစားတယ်။ ရာဇဝတ်သားကို မတွေ့ဘူး ပြောလွှတ်လိုက်ရင် မုသားပြောမိရာကျမယ်။ တစ်ခါ တွေ့လိုက်တယ်ဆိုပြီး ရာဇဝတ်သား ထွက်ပြေးရာဘက်ကို ညွှန်ပြလိုက်ရင်လည်း ကိုယ့်ကစိပါတ်နဲ့ ရာဇဝတ်သား ဘေးဒုက္ခရောက်မှာကိုလည်း စိုးမိတယ်။ ဒီတော့ ဆရာတော်ဘုရားက မျက်နှာထားတည်တည်နဲ့ "ငါတွေ့လိုက်တယ်လို့ မင်းကို ဘယ်သူပြောသလဲ" လို့ ပြန်ပြောလိုက်တဲ့အခါ မင်းလုလင်တွေလည်း ဆရာတော်အပါးက ခပ်ကုတ်ကုတ် ထွက်သွားကြတယ်။ ဆရာတော်က ပရိယာယ်ကို အသုံးပြုလိုက်ခြင်းပဲ ဖြစ်တယ်။

ရှေ့နေဖြစ်ပြီး ပရိယာယ်မတတ်ရင် ရှေ့နေပညာ မတတ်ဘူးလို့ ဆိုရလိမ့်မယ်။ တစ်ချို့က ပရိယာယ်မတတ်ဘဲ ရှေ့နေလိုက်ကြတယ်။ ဒီတော့ လိမ်သလိုမျိုး ဖြစ်တော့တာပဲ။ လိမ်တာကို ရှေ့နေပညာလို့ ထင်ကြရင် မှားလိမ့်မယ်။ စင်စစ် ရှေ့နေပညာဆိုတာ အမှန်တရား ပေါ်လွင်အောင် မှတ်ကျောက်တင်ပေးတဲ့ ပညာဖြစ်တယ်။

## လူမိတာ နာတယ်

ရှေ့နေတစ်ယောက်ရဲ့ တူတော်မောင်တစ်ယောက် လမ်းထဲက ကောင်မလေးကို စာလိုက်ပေးတယ်။ ကောင်မလေးက သူ့အမေကို ပြန်တိုင်တယ်။ သူ့အမေက စုံစမ်းပြီး ကောင်လေးရဲ့ ဦးလေးရှေ့နေကို

ဆုံးမပေးဖို့ လာပြောတယ်။ ဒီတော့ ရှေ့နေက ဆုံးမပေးပါ့မယ်။ နောင်မဖြစ်စေရပါဘူးလို့ တာဝန်ယူလိုက်တယ်။

ရိုးရိုးတန်းတန်းမေးရင် တူတော်မောင်က မဟုတ်ရပါဘူး၊ မပေးရပါဘူး ငြင်းမှာသေချာတယ်။ ဒါ့ကြောင့် သူ့တူ အပြင်က ပြန်ရောက်အလာမှာ ရှေ့နေကခေါ်ပြီး ဒီလိုမေးတယ် "ဟေ့ကောင် မင်း လမ်းထဲက ဒေါ်ကြည်ရဲ့ သမီးကို လမ်းလယ်မှာစာလိုက်ပေးတာ ဆယ့်ခုနစ်ကြိမ်ရှိပြီလို့ ငါ့ကိုလာပြောတဲ့သူက ပြောနေတယ်" လို့ ပြောလိုက်တယ်။ ဒီတော့ တူတော်မောင်က ဗျာဗျာသလဲပြန်ဖြေတယ်။ " မဟုတ်ရပါဘူး ဦးလေးရာ၊ ကျွန်တော်စာလိုက်ပေးတာ တစ်ကြိမ်တည်း ရှိပါသေးတယ်၊ ဘုရားစူးရစေရဲ့၊ ကျိန်ပြောရဲပါတယ်။ ဆယ့်ခုနစ်ကြိမ်ဆိုတာ မလိုတဲ့လူတွေက မဟုတ်တရား ပြောကြတာပါ" လို့ဖြေတယ်။ "အေး ဒီလိုဆို စာလိုက်ပေးတာကိုတော့ မင်း ဝန်ခံပြီးသားဖြစ်နေတယ်၊ နောက်တစ်ခါလိုက်ပေးတယ်ကြားရင် မင်းနဲ့ငါ အတွေ့ပဲ" လို့ ရှေ့နေဦးလေးက ပြောပြောဆိုဆို စွာလောင်ဟောင်ဖွာ ဆူပူကြိမ်းမောင်းလိုက်တယ်။ တူတော်မောင်လည်း သူ့အပြစ်နဲ့သူမို့ အသာငြိမ်နေလိုက်ရတယ်။

## မအော်မိလို့

ဟာသဖြစ်ရပ်ကလေးတစ်ခု ပြောပြမယ်။ ကောင်မလေးက ကောင်လေးကို မတရားအမှုဆင်ပြီး တရားစွဲတယ်။ သူ့ အလိုမတူပဲ သားမယားအဖြစ် ကျင့်ပါတယ်လို့ ဆိုတယ်။ အောက်ရုံးမှာ အမှုကို စစ်ဆေးတယ်။

ကောင်လေးက မတရားခံရတာမို့ ရှေ့နေငှားပြီး ကောင်မလေးကို ပြန်တရားစွဲတယ်။ ကောင်မလေးကြောင့် ကောင်လေး နားအုံကွဲသွားပြီး နားမကြားတော့အောင် ဖြစ်သွားပါတယ်လို့ဆိုတယ်။ အခင်းဖြစ်ချိန်က ကောင်မလေး အော်လိုက်တဲ့အတွက် ဒီလိုဖြစ်ရတာပါလို့

ဆိုတယ်။ ကောင်မလေးက ပြန်ထုချေတယ်။ ကောင်လေးစွပ်စွဲတဲ့အတိုင်း မဟုတ်ရကြောင်း ပြောတယ်။ အခင်းဖြစ်ချိန်က သူအော်လည်း မအော်မိဘူးလို့လည်းဆိုတယ်။

ဒီတော့မှ ရှေ့နေက လျှောက်ထားတယ်။ မတရားကျင့်ကြံတယ်ဆိုတဲ့အချိန်က ကောင်မလေး အော်ဟစ်ခြင်း မရှိကြောင်း၊ ကောင်မလေးကိုယ်တိုင်က ထိုသို့ မအော်မိကြောင်း ထွက်ဆိုထားတဲ့ ထွက်ဆိုချက်ရှိကြောင်း၊ ဒါကြောင့် မတရားပြုကျင့်တာကို အလိုတူလက်ခံရာသဘောသက်ရောက်ကြောင်း၊ အလိုမတူကျင့်ကြံရာ သဘောမဟုတ်တော့တဲ့အတွက် တရားခံကို အမှုမှ လွှတ်သင့်ကြောင်း လျှောက်လဲတယ်။ ကောင်မလေးဘက်က မတရားတိုင်ကြားတယ်ဆိုတဲ့ အချက် ပေါ်ပေါက်သွားတယ်။ အကွက်မလည်ရင် ဒီလိုပဲ ဖြစ်တတ်တယ်။

## ရှေ့နေပညာမှာ မပါတဲ့ပညာ

ရှေ့နေတိုင်းမှာ ရှေ့နေပညာတစ်ခုကောင်းစီ ရှိကြတယ်။ တစ်ချို့ရှေ့နေတွေ စကားပြော သိပ်ကောင်းတယ်။ တရားရုံးမှာ လျှောက်လဲတင်ပြပုံတွေက သိပ်နားထောင်လို့ကောင်းတယ်။ ကျောက်ဆစ်ရုပ်က ခေါင်းညိတ်လောက်အောင်ကို အပြောပိုင်တယ်။ တစ်ချို့ရှေ့နေတွေကျတော့ အမှုစစ်တဲ့ ဆေးတဲ့နေရာမှာ သူမတူအောင်တော်တယ်။ မေးပုံ မြန်းပုံ၊ မေးခွန်းထုတ်ပုံတွေဟာ ငြီးငွေ့စရာ မရှိလောက်အောင်ပဲ။ အချို့ ရှေ့နေတွေ စကားပြောညံ့ပေမယ့် ဥပဒေဆိုင်ရာ လေ့လာချက်တွေ လက်ဖျားခါလောက်အောင် တော်တယ်။ မဟုတ်ကဟုတ်က ကြံကြံဖန်ဖန် လုပ်ဇာတ်ဖန်တီးတဲ့နေရာမှာ တစ်ဖက်ကမ်းခတ်တော်တဲ့ ရှေ့နေမျိုးလည်းရှိတယ်။ တစ်ချို့ကျတော့ ကပ်ဖဲ့ရပ်ဖဲ့ ကော်လုံးကပ်လုံး လုပ်တဲ့နေရာမှာ စူပါစတားပဲ။

တစ်ခို့ရွှေနေတွေကျတော့ အမှုလိုက်တော်တယ်။ ဘယ်လောက်အထိ တော်သလဲဆိုရင် အမွေမှုတစ်မှု လိုက်တယ်။ သူလိုက်တဲ့ အမှုသည်က မုဆိုးမ။ အဲဒီအမွေမှုကိုလိုက်ရင်း လိုက်ရင်း သူ့အသားအရေ မွဲခြောက်ခြောက်ကြီးက စိုစိုပြည်ပြည် ဝင်းဝင်းအိအိ ဖြစ်လာတယ်။ ခြေကျင် ဘတ်စ်ကားနဲ့ သွားလာနေရာက ကိုယ်ပိုင်ကားတွေဘာတွေ ဖြစ်လာတယ်။ သူ့ဗိုက်က အရင်လို ပြားကပ်ကပ် မဟုတ်တော့ဘူး။ တဖြည်းဖြည်း ပူပူပြီး ရွဲရွဲလာတယ်။ လေးငါးနှစ် အတွင်းမှာ အမွေမှုကြီး ပြတ်သွားတယ်။ သူ့အမှုသည် အနိုင်ရသွားတယ်။ ပြီးတော့ အမွေရလိုက်တဲ့ သူ့အမှုသည် မုဆိုးမလေးကို ရွှေနေက လက်ထပ်ယူလိုက်တယ်။ တရှိန်ထိုး အောင်မြင်ကျော်ကြားတဲ့ ရွှေနေကြီးဖြစ်သွားတယ်။ အမွေမှုကြီး နိုင်အောင်လိုက်နိုင်လို့ နာမည်ကြီးသွားတာလည်း ဖြစ်နိုင်တယ်။

ရွှေနေပညာမှာမပါတဲ့ ရွှေနေပညာတွေလည်း သူ့မှာ ရှိနေပါတယ်။

## ယုတ္တိဗေဒ နားလည်မှု

စာအုပ်ရဲ့ ရှေ့ပိုင်းမှာဖော်ပြထားတဲ့ ယုတ္တိ ပဟေဠိ ပုစ္ဆာကလေးရဲ့ အဖြေကို သိချင်ကြလိမ့်မယ်။ ဒီအဖြေကို မရှင်းပြမီ ပြောချင်တာ တစ်ခုရှိတယ်။ အဲဒါကတော့ ရွှေနေလုပ်စားမယ့်သူ ယုတ္တိဗေဒ နားလည်ရမယ်ဆိုတဲ့ အချက်ပဲ။

ရွှေနေဆိုတာ လာဘ်မြင်ရတယ်။ အရိုပ်ပြရုံနဲ့လည်း အကောင်ထင်တတ်ရတယ်။ အကင်းလည်း ပါးရတယ်။ ဒါတွေအားလုံးဟာ ယုတ္တိဗေဒကို အခြေခံတယ်။ ယုတ္တိဗေဒကို နားမလည်ရင် အရိပ်ပြရုံနဲ့လည်း အကောင်ထင်တတ်မှာ မဟုတ်ဘူး။ လာဘ်မမြင်သလို အကင်းလည်းပါးမှာမဟုတ်ဘူး။ ဗူးလုံးနားမထွင်းဖြစ်နေမှာပဲ။

မေးခွန်းထုတ်တဲ့နေရာ၊ အယူအဆ ကောက်ယူတဲ့ နေရာတွေမှာ ယုတ္တိကျကျ လုပ်ဆောင်တတ်ဖို့လိုတယ်။ (လူသတ်တရားခံ ဘောင်းဘီရှည် ဝတ်ထားတယ်ဆိုရင် မမှန်ပါ) ဆိုတဲ့ ထွက်ဆိုချက်ကို ကြည့်ပါ။ ဒီထွက်ချက်ကိုကြည့်ရင် လူသတ်တရားခံဟာ ဘောင်းဘီရှည် ဝတ်မထားဘူး ဆိုတာကလွဲပြီး အခြားဘာကိုမှ ယူဆလို့မရတာကို တွေ့ရလိမ့်မယ်။

လူသတ်တရားခံ လုံချည်ဝတ်ထားတယ်လို့လည်း ယတိပြတ် ပြောလို့ မရဘူး။ ဘာမှ ဝတ်မထားတာမျိုးလည်း ဖြစ်နိုင်တယ်။ ဘောင်းဘီ ဝတ်မထားတာတော့ သေချာပြီလို့လည်း ပြောမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မေးခွန်းက ဘောင်းဘီရှည်ကိုသာ အထူးပြုမေးထားတာ ဖြစ်နေလို့ပဲ။ ဒါကြောင့် ဘောင်းဘီတိုဝတ်ထားတာလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။

ယုတ္တိဗေဒကို နားမလည်ရင် အထက်က ထွက်ဆိုချက်ကို ကြည့်ပြီး တရားခံ ဘောင်းဘီရှည်ဝတ်ထားတာ မဟုတ်တဲ့အတွက် လုံချည်ဝတ်ထားတာပဲ ဖြစ်ရမယ်လို့ ယူဆမိတတ်ကြတယ်။ အယူအဆ တစ်ချက်လွဲရင် အဖြေလည်း လွဲသွားတတ်တယ်။

လက်သမားတွေ စရွေးတိုင်းသလိုပေါ့။ မူလတိုင်းတဲ့နေရာမှာ နည်းနည်းလေးလွဲတာ မသိသာလှပေမယ့် မျဉ်းရှည်ရှည် ဆက်ဆွဲလိုက်တဲ့အခါမှာ အင်မတန်သိသာတဲ့ ကွာဟချက်ကြီး ဖြစ်သွားတယ်။

ကဲ ရှေ့စာမျက်နှာမှာ ဖော်ပြထားတဲ့ ယုတ္တိပဟေဠိအဖြေကို ပြောပြမယ်။

ရှေ့နေက ဘယ်လိုများ အဖြေပေးလိုက်ပါသလဲ။

ရှေ့နေက လူရိုင်းခေါင်းဆောင်ကို အောက်ပါအတိုင်း အဖြေပေးလိုက်တယ်။ "ခင်ဗျားတို့ ကျွန်တော့်ကို အမည်းရောင်ကားစင်မှာပဲ သတ်ကြမှာပါ" လို့ ဖြေလိုက်တယ်။

ဒီတော့ လူရိုင်းခေါင်းဆောင်က "မင်းဖြေတာ မှားတယ်၊ ဒါကြောင့် မင်းကို အမည်းရောင်ကားစင်မှာ သတ်မယ်" လို့ ဆိုပြီး အမည်းရောင်ကားစင်မှာ သတ်ဖို့ စီစဉ်တယ်။ ဒီတော့ ရှေ့နေက ရှင်းပြတယ်။ "ကျွန်တော့်အဖြေက ကျွန်တော့်ကိုခင်ဗျားတို့ အမည်းရောင် ကားစင်မှာ သတ်မယ်လို့ ဖြေထားတယ်၊ အခု ခင်ဗျားတို့က အမည်းရောင် ကားစင်မှာပဲ သတ်ဖို့ စီစဉ်နေပြန်တယ်၊ ဒါကြောင့် ကျွန်တော်ဖြေခဲ့တဲ့ အဖြေဟာ မမှားဘူး၊ အမှန်ဖြစ်နေတယ်၊ ခင်ဗျားတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းအတိုင်း ကျွန်တော့်ကို အမည်းရောင် ကားစင်မှာ သတ်ပိုင်ခွင့်မရှိဘူး" လို့ ဖြေလိုက်တယ်။

ဒီတော့ လူရိုင်းခေါင်းဆောင်က 'အင်း၊ မင်းပြောတာမှန်တယ်။ ဖြေတာလည်းမှန်တယ်။ ဒါကြောင့် မင်းကို အဖြူရောင်ကားစင်မှာ သတ်မယ်' လို့ဆိုပြီး အဖြူရောင်ကားစင်မှာသတ်ဖို့ စီစဉ်ပြန်တယ်။

ရှေ့နေကပြောတယ်။ 'ကျွန်တော်ဖြေခဲ့တဲ့အဖြေက ကျွန်တော့်ကို အမည်းရောင်ကားစင်မှာသတ်မယ်လို့ ဖြေထားတယ်။ အခု ခင်ဗျားတို့ ကျွန်တော့်ကို အဖြူရောင်ကားစင်မှာသတ်ဖို့ စီစဉ်နေကြတယ်။ ဒီတော့ ဖြေဆိုတဲ့အဖြေ မှားနေတဲ့အတွက် ခင်ဗျားတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းအရ ကျွန်တော့်ကို အဖြူရောင်ကားစင်မှာ သတ်ခွင့်မရှိဘူး' လို့ ပြန်ပြောလိုက်တယ်။

လူရိုင်းဗိုလ်လည်း ဖမ်းမိထားတဲ့ ရှေ့နေကို အမည်းရောင် ကားစင်မှာရော၊ အဖြူရောင် ကားစင်မှာရော သတ်လို့မရနိုင်တော့တဲ့ အတွက် လွှတ်လိုက်ရတယ်။

## လွှတ်စေ

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာရှိသတဲ့။ တရားစီရင်ရာမှာ အဲဒီရွာရဲ့ ထုံးစံအရ စီရင်လေ့ရှိတယ်။ စီရင်ပုံ စီရင်နည်းကတော့

ဖလားတစ်ခုထဲမှ မဲလိပ်နှစ်လိပ် ထည့်ထားလိုက်တယ်။ တစ်လိပ်မှာ လွတ်စေလို့ ရေးထားတယ်။ တစ်လိပ်မှာတော့ သတ်စေလို့ ရေးထားတယ်။

အစွပ်အစွဲခံရတဲ့လူကို မဲလိပ်နှစ်လိပ်အနက် တစ်လိပ်ကို နှိုက်ယူနိုင်းလေ့ရှိတယ်။ သူနှိုက်ယူလိုက်တဲ့ မဲလိပ်ဟာ လွတ်စေလို့ရေးထားတဲ့ မဲလိပ်ဖြစ်နေခဲ့လို့ရှိရင် အပြစ်မပေးပဲ လွှတ်လေ့ရှိသတဲ့။ တကယ်လို့ သူနှိုက်လိုက်တဲ့ မဲလိပ်ဟာ သတ်စေလို့ ရေးထားတဲ့မဲလိပ် ဖြစ်နေခဲ့လို့ရှိရင်တော့ အသတ်ခံရဖို့ပဲ ရှိတယ်ဆိုပဲ။

အမှုတစ်မှုမှာ စွပ်စွဲသူက တရားခံကို လုံးဝမလွတ်အောင်၊ မလွတ်နိုင်တဲ့နည်းကို လုပ်သတဲ့။ ဘယ်လို လုပ်သလဲဆိုတော့ မဲလိပ်နှစ်လိပ်စလုံးမှာ သတ်စေလို့ရေးပြီး ထားလိုက်သတဲ့။ လွတ်စေဆိုတဲ့ မဲလိပ်မပါဘဲ မဲလိပ်နှစ်လိပ်စလုံး သတ်စေလို့ ရေးထားတယ်။ ဘယ်လို နှိုက်နှိုက် အပြစ်ရဖို့ပဲရှိတယ်။

ဒါကို တရားခံကသိတယ်။ ဒါပေမဲ့ သူ့မှာဘာမှ ပြောပိုင်ခွင့် မရှိဘူး။ မဲလိပ်နှစ်လိပ်ထဲက တစ်လိပ်ကိုသာ နှိုက်ယူရမယ့် တာဝန်ပဲရှိတယ်။ စည်းကမ်းချက်အရ မဲလိပ်နှစ်လိပ်အနက် ကြိုက်ရာ တစ်လိပ်နှိုက်ရမယ်။ အခြားသူကိုလည်း နှိုက်ခိုင်းပိုင်ခွင့် မရှိစေရဘူး။ နှိုက်လိုက်တဲ့ မဲလိပ်မှာပါတဲ့အတိုင်း ခံစားရမယ်။

သင်သာ ရှေ့နေဖြစ်ခဲ့ရင် တရားခံကို ဘယ်လိုလွတ်အောင် အကြံဉာဏ်ပေးမလဲ။ ဦးနှောက်အခြောက်ခံပြီး တွေးတောနေစရာ မလိုဘူး။ မဲလိပ်နှစ်လိပ်အနက် တစ်လိပ်ကို ရဲရဲဝံ့ဝံ့ နှိုက်ယူလိုက်ဖို့ လိုတယ်။ ပြီးတော့ မိမိနှိုက်ယူလိုက်တဲ့ မဲလိပ်ကို ဖြန့်မကြည့်ဘဲ တမင်ဟုတ်ချင်း ပါးစပ်ထဲထည့်ပြီး မျိုချလိုက်ဖို့ပဲ။ မိမိမျိုချလိုက်တဲ့ မဲလိပ်မှာ ဘာရေးထားတယ်ဆိုတာ ဘယ်သူမှ မသိလိုက်ဘူး။

ဖလားထဲမှာ ကျန်တဲ့မဲလိပ်ဟာ သတ်စေလို့ ရေးထားတဲ့ မဲလိပ်ပဲ ဖြစ်လိမ့်မယ်။ ထုံးစံအရ ကျန်တဲ့မဲလိပ်ဟာ သတ်စေဆိုရင် ဖျဲ့ချလိုက်တဲ့ မဲလိပ်ဟာ လွတ်စေလို့ရေးထားတဲ့ မဲလိပ်ပဲ ဖြစ်ဖို့ရှိတယ်။

## တခ်ထုပွဏ္ဏိုဉာဏ်

ရွှေနေဟာ ယုတ္တိဗေဒကို နားလည်တဲ့အပြင် တခ်ကုပ္ပဏ္ဏိုဉာဏ် လည်း ရှိရတယ်။ ဒါမှ ဉာဏ်ရွှင်တယ်၊ တမုဟုတ်ချင်း ချေပပြောဆိုနိုင် တယ်။ ကာလိဒါသ လျှောက်ထုံးထဲက အမေးနှစ်ထွေ အဖြေတစ်ခု ဖြေဆိုခန်းဟာ စိတ်ဝင်စားဖို့ ကောင်းတယ်။ ဘုရင်က မေးပြီး ကာလိဒါသ က ဖြေတယ်။

**အမေး။** မမာမကျန်းသူတို့သည် အဘယ်ကြောင့် အသားကို မစားနိုင် ကုန်သနည်း။ သီချင်းသည်တို့သည် သီချင်းကို အဘယ့် ကြောင့် မသီဆိုနိုင်ကြပါကုန်သနည်း။

**အဖြေ။** လည်ချောင်းနာ၍ ဖြစ်ပါသည်။

**အမေး။** ပစ္စည်းဥစ္စာတို့သည် အဘယ်ကြောင့် ပြုန်းတီးကုန်ပါသနည်း။ နွားကလေးတို့သည် အဘယ်ကြောင့် ဒဏ်ရာရကြကုန် သနည်း။

**အဖြေ။** ကစားသောကြောင့် ဖြစ်ပါသည်။

**အမေး။** ကြေးအိုးသည် အဘယ်ကြောင့် မတောက်ပပါသနည်း။ မိန်းမတို့သည် အဘယ်ကြောင့် ညစ်ပတ်ကြကုန်သနည်း။

**အဖြေ။** ပွတ်တိုက်ခြင်း မပြုသောကြောင့် ဖြစ်ပါသည်။

**အမေး။** လူသည် အဘယ်ကြောင့်မကျန်းမာတတ်သနည်း။ ကြက်တူ ရွေးသည် အဘယ်ကြောင့် ဆည့်နေပါသနည်း။

**အဖြေ။** အိပ်မပျော်သောကြောင့် ဖြစ်ပါသည်။

## ဒေါ်ဒေါင်းဝါကို ဘယ်သူသတ်

မြန်မာသက္ကရာဇ် ၁၃၃၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ နံနက် (၄)နာရီက ရန်ကုန်မြို့ အနောက်ပိုင်းမှာ ဒေါ်ဒေါင်းဝါကို လူဆိုးတစ်ဦးက ပစ္စတိုသေနတ်နဲ့ ပစ်သတ်သွားတယ်။

ဒီလူသတ်မှုနဲ့ ပတ်သက်ပြီး နာမည်ကြီး လူဆိုးတွေဖြစ်ကြတဲ့ မောင်က၊ မောင်ခ၊ မောင်ဂ၊ မောင်ဃနဲ့ မောင်င တို့ ငါးယောက်ကို ဖမ်းဆီးလိုက်တယ်။

သူတို့ငါးဦးအနက် တစ်ဦးဟာ ဒေါ်ဒေါင်းဝါကို သတ်ခဲ့တဲ့ တရားခံ ဖြစ်တယ်။ တစ်ဦးစီက ထွက်ဆိုချက် လေးခုစီပေးတယ်။ အဲဒီထွက်ဆိုချက်လေးခုအနက် သုံးခုကတော့ အမှန်အတိုင်း ထွက်ဆိုပေမယ့် တစ်ခုမှာတော့ လိမ်ညာထွက်ဆိုနေကြတယ်။

အမှုကို ရှေ့နေကြီး ဦးဖိုးသိက တာဝန်ယူစစ်ဆေး ဖော်ထုတ်ပေးရတယ်။ လူဆိုးငါးယောက်ရဲ့ ထွက်ဆိုချက်တွေကတော့ ...

**မောင်က။** (၁) လူသတ်မှုဖြစ်ခဲ့တဲ့ မနက်က ကျွန်တော်ရန်ကုန်မှာ မရှိပါ။
(၂) ကျွန်တော်ဘယ်သူ့ကိုမှ မသတ်ပါ။
(၃) ဒေါ်ဒေါင်းဝါကို မောင်င သတ်လိုက်ပါတယ်။
(၄) ကျွန်တော်နဲ့ မောင်ဃတို့ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်။

**မောင်ခ။** (၁) ဒေါ်ဒေါင်းဝါကို ကျွန်တော်မသတ်ပါ။
(၂) ကျွန်တော့်မှာ ကိုယ်ပိုင်ပစ္စတိုမရှိပါ။
(၃) ကျွန်တော့်ကို မောင်င သိပါတယ်။
(၄) အဲဒီလပြည့်နေ့ မနက်က ကျွန်တော်ဟာ ပျဉ်းမနားမှာ ရှိနေပါတယ်။

မောင်ဂ။ (၁) မောင်ခက သူ့မှာကိုယ်ပိုင်ပစ္စတိုမရှိဘူးဆိုတာ တမင်သက်သက်လိမ်ပြောတာပါ။
(၂) အဲဒီလူသတ်မှုဟာ လပြည့်ကျော်တစ်ရက်နေ့မှာ ဖြစ်ပွားခဲ့ပါတယ်။
(၃) လပြည့်နေ့မနက်က မောင်က ပဲခူးမှာရှိနေပါတယ်။
(၄) ကျွန်တော်တို့ ငါးယောက်အနက် တစ်ယောက်ယောက်က ဒေါ်ဒေါင်းဝါကို သတ်ခဲ့တယ် ဆိုတာ အမှန်ပါ။

မောင်ဃ။ (၁) ကျွန်တော်ဒေါ်ဒေါင်းဝါကို မသတ်ပါ။
(၂) မောင်ငမှာ ကိုယ်ပိုင်သေနတ်မရှိပါ။
(၃) မောင်ကကိုလည်း ကျွန်တော်မသိပါ။
(၄) လူသတ်မှုဖြစ်တဲ့ မနက်က ကျွန်တော်ဟာ မောင်ခနဲ့ အတူ ပျဉ်းမနားမှာရှိနေပါတယ်။

မောင်င။ (၁) ဒေါ်ဒေါင်းဝါကို ကျွန်တော်မသတ်ပါ။
(၂) ကျွန်တော့်မှာ ကိုယ်ပိုင်သေနတ်မရှိပါ။
(၃) မောင်ခကို ကျွန်တော်တစ်ခါမှ မမြင်ဘူးပါ။
(၄) မောင်က က ကျွန်တော်သတ်တယ်လို့ပြောတာဟာ တမင်သက်သက်လုပ်ကြံပြီး ပြောလိုက်တာပါ။

ရှေ့နေကြီး ဦးဖိုးသိအနေနဲ့ သူတို့ရဲ့ ထွက်ချက်တွေကို နားဆင်ပြီး ဘယ်သူဟာ လူသတ်တရားခံဖြစ်တယ် ဆိုတာကို အဖြေထုတ်ဖို့ ဖြစ်ပါတယ်။

ကဲ ဒေါ်ဒေါင်းဝါကို ဘယ်သူသတ်သလဲ။

အမှန်အမှား တစ်ခုချင်း စိစစ်ကြည့်ရင် အဖြေပေါ်လာပါလိမ့်မယ်။

ရှေ့နေတို့ရွာ

ရွာနှစ်ရွာရှိတယ်။ ပထမရွာမှာ ရှေ့နေကောင်းတွေနေကြတယ်။ ဒါကြောင့် အဲဒီရွာကို ရှေ့နေကောင်းရွာ လို့ခေါ်တယ်။ ဒုတိယရွာမှာတော့ ရှေ့နေဆိုးတွေ နေကြတယ်။ ဒီရွာကို ရှေ့နေဆိုးရွာလို့ ခေါ်တယ်။

ရှေ့နေကောင်းရွာမှာနေကြတဲ့ ရှေ့နေတွေဟာ မေးသမျှမေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုတတ်ကြတယ်။ တစ်နည်းပြောရရင် အဖြေမှန်ကိုသာ ဖြေလေ့ရှိတယ်။

ရှေ့နေဆိုးရွာမှာနေကြတဲ့ ရှေ့နေတွေကတော့ မေးသမျှ မေးခွန်းတွေကို အမှန်အတိုင်း ဘယ်တော့မှ မဖြေကြဘူး။ လိမ်ညာပြီးသာ ဖြေတတ်ကြတယ်။

ဒီရွာနှစ်ရွာဟာ တစ်ရွာနဲ့တစ်ရွာ မလှမ်းမကမ်းမှာ တည်ရှိနေတဲ့အတွက် ရှေ့နေကောင်းရွာက ရှေ့နေဆိုးရွာဘက် အလည်သွားကြသလို ရှေ့နေဆိုးရွာက ရှေ့နေတွေလည်း ရှေ့နေကောင်းရွာဘက်ကို မကြာခဏ ဝင်ရောက် လည်ပတ်သွားလာလေ့ရှိတယ်။

တစ်နေ့တော့ ဧည့်သည်တစ်ယောက်ဟာ အဲဒီရွာနှစ်ရွာအနက် ရွာတစ်ရွာကို ရောက်ရှိသွားတယ်။ ရွာရဲ့ သာယာပုံလေးကို ငေးမောနေတုန်း သူ့ရှေ့က ရှေ့နေတစ်ယောက် လျှောက်သွားတာကို တွေ့လိုက်တယ်။ ဒီတော့ ဧည့်သည်က “ဒီရွာလေးဟာ သိပ်လှတာပဲ၊ ဒါဟာ ခင်ဗျားတို့ရဲ့ ရွာလား” လို့မေးတယ်။ ရှေ့နေက “မဟုတ်ပါဘူး” လို့ ပြန်ဖြေတယ်။

ဧည့်သည်ဟာ ရှေ့နေကောင်းရွာကို ရောက်နေတာလား၊ ရှေ့နေဆိုးရွာကို ရောက်နေတာလား၊ ဘယ်လို မြင်ပါသလဲ။

## အခန်း (၈)

## မှန်ကန်သောစကားသည် မလှပ၊ လှပသောစကားသည် မမှန်ကန်

သမားဆိုဘိုမှ၊ ရှေ့နေဆိုပျို့မှဆိုတဲ့ စကားပုံရှိတယ်။ ရှေ့နေဆို ပျို့မှ ဆိုတာက ရှေ့နေဆိုရင် အသက်ငယ်ငယ် ရွယ်ရွယ်လေး ဖြစ်ရမယ် လို့ဆိုလိုတာ မဟုတ်ဘူး။ အယူအဆ အတွေးအခေါ် ဉာဏ်ပညာ အရာများ ပျိုဖြစ်လက်ဆတ်ရမယ်လို့ ဆိုတာသာဖြစ်တယ်။

ပညာအရာမှာ ပျိုဖြစ်ရှင်သန်နေရမယ်။ ဥပဒေပညာနဲ့ ရှေ့နေ ပညာရယ်လို့ရှိတယ်။ ဒီနှစ်ခု တူတာမှမဟုတ်ဘဲ။ ကျောင်းတုန်းက သင်ခဲ့တာတွေက ဥပဒေပညာဖြစ်တယ်။ သင်တဲ့ ပုဂ္ဂိုလ်တွေကလဲ ဥပဒေပညာကို သင်ခြင်းဖြစ်တယ်။ ဒီတော့ ဥပဒေအတန်း အောင်ခဲ့ တယ်ဆိုရင် ဥပဒေပညာတွေ တတ်ခဲ့တယ်လို့ ဆိုရမှာပဲ။

ဥပဒေပညာတတ်ပြီး ရှေ့နေလုပ်စားတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ။ ဥပဒေကို ပတ်ပတ်နပ်နပ်တတ်ပေမယ့် ရှေ့နေကောင်းတစ်ယောက် ပေါက်ပေါက်မြောက်မြောက် ဖြစ်မလာတာတွေ ရှိတယ်။ ဒါဟာ ဘာဖြစ် လို့လဲဆိုတော့ ဥပဒေပညာ တတ်လျက်နဲ့ ရှေ့နေပညာ မတတ်လို့ပဲ။

ရှေ့နေလုပ်စားပြီး ဥပဒေ မတတ်လို့တော့ မဖြစ်ဘူးဆိုတာ လက်ခံရမယ်။ ဥပဒေတတ်ရုံနဲ့ ရှေ့နေကောင်း ဖြစ်မလာနိုင်ဘူး ဆိုတာကိုလည်း လက်ခံရမယ်။

ဒီတော့ ရှေ့နေပညာဆိုတာ ဘယ်လိုဟာမျိုးလဲ။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်တာမျိုးလား။ သောင်မတင် ရေမကျ လျှာကြောရှည် စကားဖောင်ဖွဲ့ နေတတ်တာမျိုးလား။ ဥပဒေဘောင်အပက မဟုတ်ကဟုတ်က ထိုးဇာတ်ဖန်တီးတတ်တာမျိုးလား၊ ငတေမာရင်ပြီးရောဆိုတဲ့ လုပ်နည်းလုပ်ဟန်မျိုးလား၊ စကားကုပ်ကပ် ဖွဲ့နွဲ့ ပြောတတ်တဲ့အတတ်မျိုးလား၊ တစ်ဖက်ရဲ့ အားနည်းချက်ကိုထောက်ပြီး ပုံကြီးချဲ့တတ်တဲ့ အတတ်မျိုးလား။

ရှေ့နေပညာဆိုတာ ခေတ်တစ်ခေတ်နဲ့တစ်ခေတ် လုပ်နည်းလုပ်ဟန် မတူဘူးဆိုတာကိုတော့ သိဖို့လိုလိမ့်မယ်ထင်တယ်။

ခေတ်တစ်ခေတ်မှာ လုပ်နည်းလုပ်ဟန် အသုံးတဲ့ပေမယ့် ခေတ်တစ်ခေတ်မှာ အသုံးတည့်ချင်မှတည့်မယ်။ သူ့ခေတ်နဲ့သူ့ဘောင်က သူ့အရောင် သူ့အဆင်းကို ထင်ဟပ်ပေးတယ်။ သူ့အရောင် သူ့အဆင်းနဲ့ မဖက်ညီတော့ရင် အရုပ်ဆိုး အကျည်းတန်သွားလေ့ရှိတယ်။ ဒီအခါမှာ အများရဲ့ဖယ်ကြဉ်ခြင်းကို ခံရမှာဖြစ်တယ်၊ ကျဆင်း ဆုံးရှုံးသွားရမှာ ဖြစ်တယ်။

ဒါကြောင့်လဲ တစ်ခေတ်တစ်ခါက လျှမ်းလျှမ်းတောက် အကျော်အမော် ရှေ့နေကြီးတစ်ချို့က (Advocate roll is finish) တရားရုံး ရှေ့နေတို့ရဲ့ အခန်းကဏ္ဍဟာ အဆုံးသတ်သွားပါပြီလို့ ပြောကြတယ်။

မှန်တယ်၊ သူတို့ခေတ် သူတို့ကျင့်သုံးခဲ့တဲ့ အခန်းကဏ္ဍ အတတ်ပညာတွေ အဆုံးသတ်သွားတာကတော့ အမှန်ပဲ။ သူ့ခေတ်သူ့ဘောင် သူ့အရောင် သူ့အဆင်းနဲ့ မလိုက်ဖက်လို့ အကျည်းတန် ဖယ်ကြဉ်သွားရတဲ့သဘော၊ ဘေးဖယ်သွားရတဲ့ သဘောပဲ။

တစ်ခါက ရှေ့နေများ လောကမှာ သက်ကြီးစကား သက်ငယ်ကြား ဆိုသလို သိခွင့်ကြုံခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုရှိတယ်။

ရွှေနေကြီး တစ်ယောက်က အလွန်တရာ ရှုပ်ထွေးနက်နဲပြီး ခက်ခဲလှတဲ့ အမှုကြီးတစ်မှုကို လက်ခံခဲ့တယ်ဆိုပဲ။ အမှုလိုက်ပါ ဆောင်ရွက်ဆဲမှာ မပျော်လင့်ဘဲ အိပ်ထောင်ကျခဲ့တယ်။ သား တစ်ယောက် ထွန်းကားခဲ့တယ်။ သား အရွယ်ရောက်လာတော့ နာမည်ကြီးကျောင်းကို တက်ရောက် ပညာသင်ကြားစေခဲ့သတဲ့။ အထက်တန်းအောင်လို့ ကောလိပ် ဆက်တက်တော့လည်း ဒီဂရီတွေ ဘွဲ့တွေရခဲ့သတဲ့။ ဒီတော့ ဖခင်ရွှေနေကြီးက သူ့သားကို ဘိလပ်ကို ပညာသင်လွှတ်သတဲ့။ ဘိလပ်ကအပြန်မှာ ဥပဒေဘွဲ့ကြီး ပိုက်ခဲ့တယ် ဆိုပဲ။

အဲဒီအချိန်မှာ ဖခင်ရွှေနေကြီးရဲ့ ကျန်းမာရေး အခြေအနေ ကြောင့် လိုက်နေတဲ့အမှုတွေကို သူ့သား ရွှေနေကို ဆက်လိုက်ခိုင်း သတဲ့။ သူ့သားဆက်လိုက်တဲ့ အမှုတွေထဲမှာ အလွန်တရာ ခက်ခဲ နက်နဲပါတယ်ဆိုတဲ့ အမှုကြီးလည်း ပါသတဲ့။ မကြာမီမှာပဲ သား ရွှေနေရဲ့ အစွမ်းထက်မြက်မှုကြောင့် အဲဒီအရှုပ်တော်ပုံ အမှုကြီး အဆုံးသတ်သွားပါလေရောတဲ့။

သားက ဂုဏ်ယူဝင့်ကြွားစွာပဲ သူအနိုင်ယူဖြေရှင်းပေးလိုက်ပုံကို သူ့ဖခင်ကို အားပါးတရ ပြောပြလိုက်သတဲ့။

ဒီတော့မှ ဖခင်ရွှေနေကြီးက သားရွှေနေကို အပြစ်တင် ရှုတ်ချ ပါလေရောတဲ့။ ဒီအမှုကြီးကြောင့် ငွေပြောက်ပြောက်များများ ရရှိခဲ့ပုံ၊ သားကို ဘွဲ့ရတဲ့အထိ ပညာသင်ကြားနိုင်ခဲ့ပုံ၊ ဒီအမှုက ရတဲ့ငွေတွေနဲ့ ဘိလပ်ကို ပညာသင် စေလွှတ်နိုင်ခဲ့ပုံ၊ ဒီအမှုကြီးက မိမိတို့တစ်သက် အလုပ်အကျွေးပြုခဲ့ပုံ၊ ဒီလို အလုပ်အကျွေးပြုနေတဲ့ အမှုကြီးကိုမှ ပြီးအောင်အဆုံးသတ်လိုက်တဲ့အတွက် မိုက်လိုက်တဲ့သား၊ အ,လိုက်တဲ့သား၊ ညံ့လိုက်တဲ့သားဆိုပြီး ရှိပါတော့တယ်ဆိုတဲ့ အပြစ် အပျက်လေးပါပဲ။

ဒီအဖြစ်အပျက်ဟာ တကယ့်အဖြစ်အပျက် ဟုတ်မဟုတ် မသိပေမယ့် ဒီအတွေးအခေါ်ကတော့ ရှေ့နေလောကကို ဩဇာတော်တော်ညောင်းခဲ့ပုံရတယ်။

စင်စစ် ရှေ့နေပညာဟာ ပုံစံတစ်မျိုးမဟုတ် တစ်မျိုးနဲ့တော့ ရှိနေဦးမှာဖြစ်တယ်။ သူ့ခေတ် သူ့ဘောင်နဲ့ ဟပ်တဲ့၊ အပ်စပ်တဲ့ အရောင်သွေးညှိ၊ ပုံစံညှိ ရှေ့နေပညာဟာ ရှင်သန်ဖွံ့ထွားနေဦးမှာပဲ။

ရှေ့နေပညာကို စနစ်တကျ သင်ကြားပေးတဲ့ကျောင်းဆိုလို့ မြန်မာပြည်မှာ မရှိသေးဘူး။ အစဉ်အလာအားဖြင့် လုပ်သက်ရင့် ရှေ့နေကြီးတွေထံမှာ အလုပ်သင်ရှေ့နေဘဝနဲ့ တစ်နှစ်တာလက်တွဲပြီး နည်းနာခံယူ သင်ကြားကြရတာပဲ။

ရှေ့နေကြီးတွေ အမှုလိုက်ပုံလိုက်နည်းက တစ်ဦးနဲ့တစ်ဦး တူတာမဟုတ်ဘူး။ ခံယူပုံခြင်းလည်း မတူဘူး။ အမှုအပေါ် ချဉ်းကပ်ပုံခြင်းလည်း မတူဘူး။ တွေးတောပုံ၊ အယူအဆ ကောက်ပုံ၊ အမှုစစ်ပုံ၊ မေးပုံမြန်းပုံ၊ သင်ကြားပြသ လမ်းညွှန်ပေးပုံ စသည်တို့လည်း တစ်ဦးနှင့် တစ်ဦး တူကြတာမဟုတ်ဘူး။ သူ့ဆရာ ငါ့ဆရာ အသီးသီးထံက သူ့နည်းသူ့ဟန်နဲ့ လက်ဆင့်ကမ်း သင်ယူနေကြရတာပဲ။

အရေးကြီးတာက ကိုယ်ကျင့်တရား ခိုင်မာဖို့ပဲ။ ကိုယ်ပိုင်ကိုယ်ကျင့်တရား ခိုင်မာမှုမရှိရင် လူမှုဆက်ဆံရေးနယ်ထဲ တိုးဝင်ထိုးဖောက်နိုင်ပေမယ့် နောက်ဆုံးတစ်နေ့ နှာခေါင်းကျည်ပွေ့ လှလှ တွေ့မှာပဲ။ ကိုယ်ကျင့်တရားဆိုတဲ့ မိမိတာမိမိ လုံနေဖို့လိုတယ်။ မိမိတာမှမလုံရင် "ကြံ့ပျော့"တစ်ဦး ဖြစ်သွားမှာပဲ။ လူမှုဆက်ဆံရေးအရ အထိုက်အလျောက် သောက်စားရာက "ဂိုးကပ်" သွားတာတွေရှိတယ်။ တော်နေတတ်နေပေမယ့် ကိုယ်ကျင့်တရားယိုယွင်းရင် ပွဲလယ်မတင့်လို့ ဘယ်သူမှမသုံးချင်ဘူးဆိုတာ နားလည်သဘောပေါက်ရမယ်။

ရွှေနေဆိုတာ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ မိမိကိုယ် မိမိ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင် နေတတ် ထိုင်တတ်ရမယ်၊ ကိုယ်တိုင်လည်း ခံယူထားရမယ်၊ အားထုတ်ဖြည့်ဆည်းရမယ်၊ ပြုစု စောင့်ထိန်းရမယ်။

ရွှေနေဆိုတာ အင်မတန်လွတ်လပ်မှုကြိုက်တဲ့ သတ္တဝါပဲ။ မိမိ ဘဝနဲ့မိမိ ထင်သလို နေတတ်ကြတယ်။ အချုပ်အချယ်၊ အကွပ်အကဲ ပြုလာတာမျိုးကို ကြောက်မုန်းကြီး ဖြစ်နေလေ့ရှိတယ်။ ပြောဆို ဆုံးမ ကွပ်ကဲထိန်းကျောင်းသူမဲ့တဲ့ သတ္တဝါမျိုးလိုပဲ။ ဒါကြောင့် ကိုယ့်ကိုယ်ကို ပြန်အုပ်ချုပ်ရတယ်၊ ကွပ်ကဲထိန်းကျောင်း ဆုံးမနေရတာပဲ။

တစ်ခါတခါ ထင်ရာစိုင်းတတ်တယ်။ တစ်ခါတခါတော့လည်း ကလေးငယ်လိုပဲ အမိပွါယ်မရှိ အားငယ်ငယ်နေတတ်တယ်။ အားငယ် လွန်းပြီး ကြောက်ကန်ကန်တာမျိုးလည်းရှိတယ်၊ တစ်ခါတခါတော့ လည်း ရောမခွန်အားရှင်ကြီးလို ကိုယ့်ကိုယ်ကို သမုတ်နေပြန်တယ်။

## ရှေ့နေနဲ့ သူ့ပတ်ဝန်းကျင်

စိတ်မာတ်ခိုင်မာဖို့ လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူပုဂ္ဂိုလ် အမျိုးမျိုး၊ အကြောင်းအရာ အဖြစ်အပျက် အမျိုးမျိုးနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့နေရလို့ပဲ။ ဖအေ့ နောက်မယားကို သားကကြံတဲ့ကိစ္စတွေလည်း ကြားရတယ်။ မိဘကို အိမ်ပေါ်ကနှင်ချမရလို့ တရားစွဲဆိုတာမျိုးတွေ လည်း ကြုံရတယ်။ ငွေတစ်ဆယ်နဲ့ အငြင်းအခုန်ဖြစ်ပြီး ဓားနဲ့ထပိုင်း ရာက လူသတ်တရားခံဖြစ်သွားရတဲ့ အကြောင်းတွေလည်း ကြားရ တယ်။ "ငွေဘယ်လောက်လိုသလဲ"၊ "အာမခံရမှာလား" "နိုင်ရင် ဝမ်းတေဘယ်လ်(One table)" ၊ "တွယ်ပစ်လိုက်စမ်းပါဆရာ"၊ "လုပ်သင့်လုပ်ထိုက်တာတွေအားလုံး လုပ်ထားပြီးပြီ၊ ဘာမှမပူနဲ့"၊

"ဒီကိစ္စတာဝန်ယူပါ"၊ "အဲဒီလူ အချုပ်ခန်းထဲရောက်ရင် ကျေနပ်ပြီ"၊ "ပိုင်ရဲ့လားဆရာ" အမျိုးမျိုး . . . အမျိုးမျိုးပဲ။

စကားအမျိုးမျိုး ကြားရတယ်။ မကြားရာသည် ရှေ့နေရှေ့ရပ်လို့တောင် ဆိုရိုးရှိတယ် မဟုတ်လား။ ပြီးတော့ လူအမျိုးမျိုးလည်း တွေ့ရတယ်။ သူဌေး၊ လက်လုပ်လက်စား၊ ဂျပိုး၊ သူခိုး၊ ကြာကူလီ၊ သူတော်ကောင်း၊ လူယုတ်မာ၊ နှာဘူး၊ ကုတ်ကမြင်း၊ လူလိမ်လူကောက်၊ လူဖြောင့်စိတ်တို၊ လူအို ... လူငယ် ... မိန်းမ ... ။

ဒီလူအမျိုးမျိုးဟာ တခြားမှာ သူတို့ဖြစ်ချင်တာတွေ ဖြစ်ခဲ့ပြီး အရှုပ်အထွေး ပြဿနာအထုပ်ကြီး ရှင်းမရတဲ့အဆုံး ရှေ့နေဆီယူလာပြီး ရှေ့နေခေါင်းပေါ် တစ်နင့်တစ်ပိုး တင်ထားခိုင်းတော့တာပဲ။

တစ်ချို့က အမှုအကြောင်း ရှေ့နေနဲ့ လာတိုင်ပင်တယ်။ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ဖြစ်နိုင်ပါ့မလား စသဖြင့်ပေါ့။ ဒီလိုတိုင်ပင်ပြီး နောက်ပိုင်း ပေါ်မလာတာတွေရှိတယ်။ ရှေ့နေဆီကရသွားတဲ့ အကြံဉာဏ်တွေနဲ့ သူဟာသူ လုပ်တော့တာပဲ။ ဒါကြောင့် တစ်ချို့ရှေ့နေတွေဟာ အမှုအကြောင်း လာဆွေးနွေးရင် ဆွေးနွေးတဲ့အချိန်ကို ကြည့်ပြီး ဆွေးနွေးခ (Consulting Fees) တောင်းကြတယ်။

ဒီလို ဆွေးနွေးခတောင်းတာကို တစ်ချို့က သိပ်ကြီးကျယ်တယ် ထင်တယ်။ ဒါနဲ့ပတ်သက်ပြီး အတွေ့အကြုံတစ်ခုပြောပြမယ်။ ယခင်က မြန်မာပြည်မှာ ရှေ့နေတွေ ဒီကနေ့လောက် များများစားစား ရှိတာ မဟုတ်ဘူး။ နာမည်ကြီး ရှေ့နေဦးရေလဲ ဒီလိုပဲ။ ပြောပလောက်အောင် ရှိတာမဟုတ်ဘူး။

တစ်ချို့ကုလားသူဌေးကြီးတွေဟာ တရားမ အမှုခင်း တရားစွဲတော့မယ်ဆိုရင် တရားမစွဲမီ နာမည်ကြီး ရှေ့နေကြီး သုံးလေးဦးနဲ့ အမှုအကြောင်း သွားရောက်ဆွေးနွေးလေ့ရှိတယ်။ ဆွေးနွေးတဲ့ ရှေ့နေတိုင်းကို တစ်ခြား ဘယ်ရှေ့နေနဲ့ ဆွေးနွေးခဲ့ပါတယ်လို့ မပြောဘူး။

ဒီလိုရှေ့နေကြီးတွေနဲ့ ဆွေးနွေးတိုင်း ဆွေနွေးတိုင်း အမှုဆွေးနွေးခ ကိုလည်း ပေးလေ့ရှိပါတယ်။ ဘယ်ရှေ့နေကြီးတွေနဲ့ ဘယ်နေ့ဘယ်အချိန် က အမှုအကြောင်း ဆွေးနွေးခဲ့ကြောင်းကိုလည်း မှတ်သားထားတယ်။ ပြီးတော့မှ သူ့အကြိုက် ရှေ့နေတစ်ယောက်ကိုငှားပြီး အမှုစွဲတယ်။ ဒီတော့ ဘာဖြစ်သလဲ။

တစ်ဖက်အမှုသည်က သူ့ကိုတရားစွဲတော့ သူကလည်း ရှေ့နေ လိုက်ငှားရတာပဲ။ ကျန်ရှိတဲ့ နာမည်ကြီးရှေ့နေတွေထံ လိုက်ငှားတဲ့ အခါကျတော့ နာမည်ကြီး ရှေ့နေကြီးတွေအဖို့ အမှုကိုလက်ခံရမှာ အခက်အခဲဖြစ်ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီလာငှားတဲ့ အမှုဟာ တစ်ချိန်တုန်းက တစ်ဖက်အမှုသည် လာတိုင်ပင်ဖူးတဲ့အမှု ဖြစ်နေလို့ပဲ။

တစ်ဖက်အမှုသည်အဖို့ နာမည်ကြီး ရှေ့နေကြီးတွေကို လိုက် ငှားတာ။ နာမည်ကြီးရှေ့နေကြီးတွေက အမှုလက်မခံတော့လို့ နာမည် မကြီးတဲ့ ရှေ့နေကိုပဲငှားပြီး အမှုကို ရင်ဆိုင်ရတော့တာပဲ။ ဒီလို နည်းမျိုးစုံနဲ့ မိမိဘက်က အားကောင်းအောင် ကုလားသူဌေးကြီးတွေ လုပ်လေ့လုပ်ထရှိတယ်။

ရှေ့နေကြီးတွေအဖို့ အမှုလိုက်ပါဆောင်ရွက်မယ်ဆိုရင် သိန်းနဲ့ ချီပြီး အမှုလိုက်ခရမှာဖြစ်ပေမယ့် ယခင် အမှုအကြောင်း ဆွေးနွေး ထားမိလို့ ဆွေးနွေးခ အနည်းငယ်နဲ့ပဲ ကျေနပ်လိုက်ရတယ်။

ရှေ့နေများ အက်ဥပဒေနဲ့ ရှေ့နေကျင့်ဝတ်မှာ ဖော်ပြထားတာ ရှိတယ်။ အဖြစ်အပျက် အကြောင်းအရာတွေကို သိရှိထားမယ်၊ အမှုသည်နဲ့ ဆွေးနွေးထားပြီးဖြစ်မယ်ဆိုရင် အဲဒီရှေ့နေအဖို့ တစ်ဖက်မှ လိုက်ပါဆောင်ရွက်လို့ မရဘူး ဆိုတဲ့အချက်ပဲ။ မိမိကို လာငှားရမ်းတဲ့ အခါမှာ တစ်ဖက်အမှုသည်နဲ့ တိုင်ပင်ဆွေးနွေးထားပြီးဖြစ်လို့ လိုက်ပါ

ဆောင်ရွက်မရ ဖြစ်ရတယ်။ ဒါကြောင့် အမှုဆွေးနွေးခယူတဲ့ ရှေ့နေကိုလည်း အဆိုးမဆိုလောက်ဘူးလို့ ထင်တယ်။

တစ်ချို့က ရှေ့နေကို သူတို့ကိစ္စမှာ အသုံးချတယ်။ တစ်နည်းပြောရရင် လူမိုက်ငှားတာမျိုး၊ ဥက္ကပြကောင်းအောင် လုပ်တာမျိုးတွေ ရှိတယ်။ ရှေ့နေက မိမိအနေအထားကို မမေ့သင့်ဘူးလို့တယ်။

အမှုသည် ပြောသမျှကိုယုံ၊ အမှုသည်ပေးသမျှကိုယူ၊ အမှုသည် ခိုင်းသမျှကိုလုပ်တာဟာ ရှေ့နေအလုပ် မဟုတ်ဘူးဆိုတာ နားလည်ရမယ်။ နို့မဟုတ်ရင် ရှေ့နေဟာ ခိုင်းဖတ်ပဲ။

အမှုဆိုင်ခြင်းသည် ကြောင်တစ်ကောင်အတွက် နွားမ တစ်ကောင် ဆုံးရှုံးသွားခြင်းဖြစ်သည်ဆိုတဲ့ စကားပုံ မကြားဖူးကြဘူးနဲ့ တူတယ်။

ရပ်ကွက်ထဲမှာ တစ်ယောက်တစ်ခွန်း စကားများ ရန်ဖြစ်ကြ၊ အပြန်အလှန် တရားစွဲဆိုကြတဲ့ အမှုတွေရှိတယ်။ ရုံးရောက်တဲ့အခါမှာ အပြန်အလှန် ရှေ့နေရှေ့ရပ်တွေငှားပြီး အမှုကို ရင်ဆိုင်ကြတယ်။ ဒီလို အမှုရင်ဆိုင်ကြရာမှာ အမှုသည်တွေဟာ မခံချင်စိတ် ပြင်းထန်နေလေ့ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အာယာတတွေ ပွားကြတယ်။ သူက ရှေ့နေငှားတော့ တို့ကလည်း ငှားပြမယ်ဆိုပြီး သူ့ထက်သာတဲ့ ရှေ့နေကိုငှားပြီး ရင်ဆိုင်တာတွေရှိတယ်။

နောက်ရှိသေးတယ်။ ရှေ့နေကို အမှန်အတိုင်းမပြောဘဲ ကိုယ့်ဖက်က တစ်ဖက်ချန်ပြောတာမျိုး၊ ဒါကတော့ သဘာဝပဲ။ ဒါကို ရှေ့နေက နားလည်ရမယ်။ ဒါကို နားမလည်ရင် လူမိုက်ပဲ။

ရှေ့နေကို မြှောက်ပေးတာမျိုးလည်း ရှိတယ်။ ဟိုဟာ ဒီဟာ ထည့်မေးပေးဖို့လည်း ပြောတယ်။ တစ်ဖက်ကို နာနာနက်နက်ကလေး ဆင့်မေးပေးလိုက်တယ်ဆိုရင်ပဲ သိပ်သဘောကျသွားတတ်ကြတယ်။ ပြီးတော့ ရပ်ထဲရွာထဲ သူ့ရှေ့နေက သာတယ်၊ ကိုယ်ရှေ့နေက သာတယ်၊

ကြွားတတ်ကြတယ်။ မခံချင်အောင် ပြောတတ်ကြတယ်။ ငါ့ရှေ့နေက ဘယ်လိုမေးလိုက်တာ၊ ဘယ်ရမလဲ ခွေးအကြီး လှည်းဘီးနင်းမိသလိုပေါ့ ဆိုတာမျိုး စုံစီနဖာ စောင်းလားမြောင်းလား ပြောလားပြောရဲ့။ အမှုသည်အလိုလိုက်မိတဲ့ ရှေ့နေရဲ့အနေအထား ဘယ်ရောက်သွားတယ်မှတ်သလဲ၊ အရပ်ထဲက မအေနှမစကားတွေကြားထဲ ကန့်လန့်ကန့်လန့် ရောက်သွားတာပဲ။ မည်သူမပြု မိမိမှုပေါ့။

ဒါဖြစ်ရင် အမှုသည်ရဲ့ဘဝကို မစာနာရဘူးလား၊ မခံစားရဘူးလားလို့ မေးစရာရှိတယ်။ အမှုသည်ရဲ့ ဘဝကို စာနာခံစားရတယ်။ ခံစားချက်နဲ့ အမှုလိုက်ရတယ်လို့ တစ်ချို့က ဆိုတယ်။ ဒါပေမဲ့ ဒီအယူအဆကို သိပ်လက်မခံချင်ဘူး။

အမှုသည် ပြောသမျှအပေါ် အမှုသည်နဲ့ထပ်တူ ခံစားရမယ်ဆိုတော့ တကယ်လို့ ကိုယ့်အမှုသည်က မှားမှားယွင်းယွင်း၊ လွန်လွန်ကဲကဲ လုပ်ခဲ့တဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ။ လွန်လွန်ကဲကဲ လုပ်ခဲ့တဲ့ မိမိအမှုသည်ရဲ့ ခံစားချက်အတိုင်း ရှေ့နေက လိုက်ခံစားရမှာပဲလား။ ခံစားလို့ကော ရမှာတဲ့လား။ မဟုတ်တာကြီးကို အဟုတ်လုပ်ပြီး ရှေ့နေက နားလည်ပါးလည် လုပ်ရမှာလား။

အမှုလာအပ်လို့ အမှုအကြောင်း ရုပ်ဖမ်းသံဖမ်း ပြောဆိုမေးမြန်းကြည့်ရုံနဲ့ အဖြစ်အပျက် အနေအထားကို လုပ်သက်ရလာတဲ့ ရှေ့နေတစ်ယောက်အဖို့ အကဲခတ်တတ်လာတာပဲ။ အမှုအဖြစ်အပျက်ကို စေ့စေ့စပ်စပ် မေးကြည့်ဖို့လိုတယ်။ မိမိအမှုသည်ရဲ့ အားနည်းချက်ကိုလည်း တွေ့အောင်ရှာတတ်ဖို့လိုတယ်။ လူဆိုတာ လှတာကိုဖော်ပြပြီး မလှတာကို ဝှက်ထားတတ်စမြဲပဲ။ မိမိအနေအထားထက် တစ်ဖက်အနေအထားကိုသာ အမှုသည်တိုင်း အပြောများကြတယ်။ မိမိအနေအထားကို ပြောရင်လည်း ဖေးဖေးဖော့ဖော့ ပြောတတ်တယ်။ ဒီတော့ ရှေ့နေက တစ်ဖက်အမှုသည်ရဲ့ အနေအထားကိုလည်း

မှတ်သားရတယ်။ ပတ်ဝန်းကျင် အနေအထားကိုလည်း မှတ်သားရတယ်။ မိမိအမှုသည်ရဲ့ ဖြစ်စဉ်တစ်လျှောက် အနေအထားကိုလည်း မလစ်လပ်အောင် မေးခွန်းမေးပြီး ထောက်လှမ်းနေရတယ်။ ပြီးတော့မှ အခြေအနေနဲ့ အချိန်အခါကိုပါ ထည့်သွင်းသုံးသပ်ပြီး ဘယ်သူလွန်တယ်၊ ဘယ်သူမှားတယ်ဆိုတဲ့ အဖြစ်မှန်ကို အကြမ်းဖျဉ်း ပုံဖော်ကြည့်တတ်ရမယ်။

ဒါကြောင့် မိမိအမှုသည်ရဲ့ အကျိုးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးချင်ရင် အဖြစ်မှန်ကိုသိအောင် ကြိုးစားဖို့ပဲ။ ဥပဒေအချက်အလက် (Law) နဲ့ အကြောင်းအရာ အချက်အလက် (Fact) ဆိုတာရှိတယ်။ တစ်ချို့အမှုကိစ္စတွေမှာ ဥပဒေအငြင်းပွားမှု ပေါ်သလို အကြောင်းအရာ အငြင်းပွားမှုလည်း ပေါ်တယ်။

လူသတ်မှုဆိုပါတော့။ သတ်သလား၊ မသတ်ဘူးလား ဆိုတာ အကြောင်းအရာပြဿနာဖြစ်တယ်။ အဲ ... တကယ်လို့ သတ်ခဲ့လို့ရှိရင် သတ်ပိုင်ခွင့် ရှိမရှိဆိုတာက ဥပဒေပြဿနာ ဖြစ်တယ်။ သတ်တဲ့ သတ်မှုတိုင်းကို အပြစ်ရှိတယ်လို့ မပြောနိုင်ဘူး။ ကာကွယ်ခုခံပိုင်ခွင့်အရ၊ တာဝန်အရ သတ်တာမျိုးလည်း ရှိတယ်။ ဒီလိုသတ်ခြင်းဟာ ကင်းလွတ်ခွင့်ရတယ်။ ဒါ ဥပဒေအချက်အလက်ပဲ။ ကိုယ့်အမှုသည်က လွန်လွန်ကဲကဲလုပ်တာမဟုတ်ဘဲ တစ်ဖက်က လွန်လွန်ကဲကဲလုပ်လို့ ဖြစ်တဲ့ ကိစ္စမျိုးမှာ ရှေ့နေဟာ အကြောင်းအရာကိုကော ဥပဒေကိုကော ကြည့်ရတယ်။ အဖြစ်မှန်က ကိုယ်ဘက်မှာရှိတယ်။ ဒါဆို ခံစားချက်နဲ့ အမှုလိုက်ပါဆောင်ရွက်လို့ ရတယ်။ စိတ်ပါလက်ပါ တတ်တတ်ကြွကြွ အမှုကို လိုက်တယ်။

ကိုယ့်အမှုသည်က လွန်လွန်ကဲကဲ ပြုလုပ်ထားတဲ့ ကိစ္စမျိုးမှာ အပြစ်မှန်က ကိုယ့်ဘက်ရှိတာမဟုတ်တော့ ဒီလိုအခါမျိုးမှာ အကြောင်းအရာကို သိပ်အားကိုးလို့ မဖြစ်ဘူး။ ခံစားချက်သွင်းပြီး လိုက်လုပ်လို့

လည်း မရဘူး။ အဲဒီအခါ ဥပဒေပြဿနာကို အားကိုးရတာပဲ။ ဒီနည်းက ဉာဏ်ကစားနည်း။ ဉာဏ်ကို လွှာလွှာပြီး သုံးရတဲ့နည်း၊ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် လိုက်ပါဆောင်ရွက်ရတဲ့နည်းပဲ။

နှလုံးသားနဲ့ အမှုလိုက်တဲ့နည်း၊ ဦးနှောက်နဲ့ အမှုလိုက်တဲ့နည်းလို့ ဆိုရလိမ့်မယ်။ ဒီနည်း နှစ်နည်းအနက် ဘယ်နည်းနဲ့လိုက်ရမယ်ဆိုတာ အဖြစ်မှန်ကိုသိမှ ရွေးချယ်လို့ရတယ်။ ဒါကြောင့် အဖြစ်မှန်ကိုသိဖို့ ကြိုးစားသင့်တယ်။

ပြီးတော့ ရှေ့နေလုပ်မယ့်သူဟာ နှုတ်လုံဖို့ အရေးကြီးတယ်။ မိမိအမှုသည်အကြောင်းနှင့်တကွ အမှုအကြောင်းကို မိမိမှတစ်ပါး တခြားသူကို ဖွင့်မပြောအပ်ဘူး။ စကားမဖွာရဘူး။ အတွင်းရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေဖြစ်တယ်။ ဒါကြောင့် ကိုယ်ရေးကိုယ်တာ ကိစ္စလို့ သဘောထားရမယ်။

အမှုရဖို့ အချို့က အမှုပွဲစားကို အားကိုးတယ်။ တစ်ချို့ကလည်း ကြိုက်မရှက်၊ ငိုက်မရှက်ဆိုသလို အတင်းဝင်လုံးပြီး အမှုရအောင် လုပ်တယ်။ ရှေ့နေဟာ အမှုရအောင် ဘယ်တော့မှ မိမိကိုယ်မိမိ မဆွယ်ရဘူးဆိုတာ သတိရှိရမယ်။ ရှေ့နေကျင့်ဝတ်သိက္ခာမှာလည်း ပါတယ်။ တားမြစ်ထားတာလည်း ရှိတယ်။

အမှုများများရဖို့ အကောင်းဆုံးနည်း ရှိပါတယ်။ သစ္စာရှိရှိ ကြိုးကြိုးစားစား အလုပ်လုပ်နေဖို့ပဲ။ အလုပ်ကောင်းလုပ်ရင် နာမည်ကောင်းရမှာပဲ။ နာမည်ကောင်းရရင် လာဘ်လာဘဆိုတာ အလိုလို ရောက်လာမှာဖြစ်တယ်။ ဒီကနေ့ အလုပ်အပ်သူရှိပြီး နောက်နေ့ ဘယ်သူမှ လာအပ်မှာမဟုတ်တော့တဲ့ တစ်နပ်စားနည်း၊ သစ္စာမဲ့တဲ့ နည်းကို ရှောင်သင့်တယ်။ သိက္ခာသမာဓိရှိရှိ အလုပ်လုပ်ရမယ်။ နာမည်ကောင်းရမှုဟာ မိမိဂုဏ်သတင်းကို ဝင်းသထက် ဝင်းလက်လာအောင် တိုက်ချွတ်ပေးနေတဲ့ အရောင်တင်ဆေးပဲဖြစ်တယ်။

အမှုများများ လက်ခံရရှိပြီး ရှေ့နေခ နည်းတာမျိုးလည်း ရှိတယ်။ အမှုနည်းနည်းနဲ့ ရှေ့နေခအရများတာလည်းရှိတယ်။

တစ်ချို့ရှေ့နေတွေ အမှုမှာ စိတ်ဝင်စားမှုနည်းတယ်။ ငွေရပေါက်ရလမ်းဖြင့်သာ စိတ်ဝင်စားကြတယ်။ အမှုတွေ မဆုံရင်ကာ လက်ခံကြတယ်။ မနိုင်မနင်းတွေဖြစ်ပြီး ရက်ချိန်းပျက်လာ၊ အမှုတွဲ မျက်ခြေပျက်တာတွေ ဖြစ်လာတယ်။ အမှုသည်တွေ ကိုယ်တိုင်က စိတ်ပျက်လာတတ်တယ်။ အလုပ်သာ ဟုတ်တိပတ်တိ မလုပ်တာ၊ ရှေ့နေက ကျန်ငွေကျတော့ နားပူနားဆာ ခဏခဏ တောင်းတယ်၊ အကြောင်းအမျိုးမျိုးပြ ငွေတောင်းတယ်။ ရက်ချိန်းမမှန်တဲ့ရှေ့နေကို ဘယ်သူအားကိုးချင်မှာလဲ။ အားအားယားယား ဘယ်သူက ငွေထပ်ပေးချင်မှာလဲ။

တစ်ချို့က နည်းနည်းနဲ့ ကျဲကျဲဝိုင်းတယ်။ အမှုနည်းပေမယ့် လိုက်တဲ့အမှုတိုင်းကို ထိုက်ထိုက်တန်တန်တောင်းတယ်။ ထိုက်ထိုက်တန်တန်ပဲ အလုပ်လုပ်ပေးတယ်။ ဒီတော့မှလည်း ရှေ့နေရဲ့ တန်ဖိုးဟာ ပေါ်လွင်တယ်။ ခိုင်ခိုင်ခန့်ခန့်၊ အဝွန့်ရှည်ရှည် ရပ်တည်သွားနိုင်တယ်၊

တစ်ချို့ လူသာမသေတယ် နာမည်ကျတော့ အရင်သေနှင့်နေတယ်။ လူသာသေတယ် နာမည်သေမခံတဲ့ ဂုဏ်ပုဒ် ပိုင်ဆိုင်ထားဖို့ ကြိုးစားရမယ်။

အင်မတန် တိမ်းလွယ် ညွတ်လွယ်စေတဲ့ မာယာတောကြီးက ရှေ့နေဆိုတဲ့ သတ္တဝါကို အမျိုးမျိုး သွေးစမ်းနေတယ်။ ဒီလို သွေးတိုးစမ်းတိုင်း စမ်းတိုင်းမှာ မှတ်ကျောက် အတင်ခံနိုင်၊ မခံနိုင်ဆိုတာ မိမိကိုယ်ပိမိ ဆန်းစစ်ရင် တွေ့နိုင်တယ်၊

အမှုမှာ တရားခံနှစ်ယောက် သုံးယောက် ပူးပေါင်းကြံစည်မှုနဲ့ တရားစွဲတင်ခံရတဲ့ အမှုမျိုးတွေရှိတယ်၊ အလွန်ရင်းနှီးတဲ့ အပေါင်းအဖော်တွေဖြစ်တယ်၊ ဒါပေမယ့် နှစ်ယောက်က ရှေ့နေမငှားနိုင်လို့

တတ်နိုင်တဲ့တရားခံက သူ့ငွေနဲ့စိုက်ထုတ်ပြီး သုံးဦးအတွက် ရှေ့နေတစ်ယောက်ငှားပြီး အမှုကိုထုချေတယ်။ ဒါပေမယ့် ငွေစိုက်ထုတ်တဲ့တရားခံက ရှေ့နေကို နှစ်ကိုယ်ကြားတွေ့တော့ လက်သိပ်ထိုးမှာတယ်။ ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ် မရသာတဲ့အဆုံး ဟိုနှစ်ယောက်ကို ပုံချပြီး သူ့ကိုအရဆွဲထုတ်ပေးဖို့ ဖြစ်တယ်။ သူလွတ်ရင် လိုသလောက် ထပ်ပေးပါဦးမယ်လို့လည်း ကတိပေးပြီး ရှေ့နေကို စည်းရုံးတယ်။

ဘယ်လောက်ကြောက်စရာကောင်းသလဲ။ လူတွေဟာ အတ္တနဲ့ယှဉ်လာရင် ဘီလူးသဘက်တွေ ဖြစ်ကြတာပဲ။

ဒီတော့ ရှေ့နေရဲ့ အနေအထားဟာ ဘယ်လောက် တိမ်းလွယ်ယိမ်းလွယ်တဲ့ အနေအထားမျိုးမှာရှိတယ်ဆိုတာ တွေ့လိမ့်မယ်။ ရှေ့နေတစ်ယောက်ရဲ့ သိက္ခာဟာ သိပ်အရေးကြီးတယ်။

တစ်ခါတစ်ခါ ခေါင်းမြီးခြုံလာတဲ့ ညှော်သည်တစ်ချို့ မိမိထံ အလည်လာလေ့ရှိတယ်။ မိမိနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အမှုသည်တွေ မိမိထံရောက်လာတာပါပဲ။ ကိုယ်တိုင်လာတာမျိုးလည်း ရှိတယ်၊ ကြားလူ လွှတ်လိုက်တာမျိုးလည်း ရှိတယ်။

ငွေဟာ သည်းခြေခိုက်တဲ့ အစာတစ်မျိုးပဲ၊ ငွေနဲ့ဆွယ်တယ်၊ မိမိလိုက်တဲ့ဘက်က လျော့လျော့ပေါ့ပေါ့ လိုက်ပေးဖို့ ငွေတွေပုံပြီး လာပေးတတ်တယ်၊ ခံတွင်းခိုက်စေတဲ့ အစာလေးတွေပြပြီး စည်းရုံးတာမျိုးလည်း ကြုံတတ်တယ်။ ကဲ ... ဘယ်လမ်းကိုလိုက်မလဲ။

ခြိမ်းလား၊ ခြောက်လား လုပ်ကြည့်သေးတယ်။ ပစ်စာနဲ့ခြောက်တာလည်းရှိရဲ့။ ခြောက်မရမှန်း သိတော့လည်း နည်းအဖုံဖုံနဲ့ချော့ပြန်တယ်။

ငွေနဲ့ဆွယ်၊ အရက်နဲ့လည်းဆွယ်၊ မိန်းမနဲ့လည်းဆွယ်၊ ဆွယ်တာပဲ။ ကြိုက်တတ်တဲ့အစာကိုကျွေးဖို့ အဆင့်သင့်ပဲ။

သိထားဖို့ကတော့ မပဟုတ်ဘဲနဲ့လည်း မကျော်ဘူး။ မပုပ်ဘဲနဲ့လည်း မပေါ်ဘူး ဆိုတာပဲ။ ဒီနယ်က ကျဉ်းပါတယ်။ သတင်းကတော့ မီးလိုပြန့်လွယ်တယ်။ သစ္စာမဲ့တဲ့ ရှေ့နေ၊ နှစ်ဖက်ခွတဲ့ ရှေ့နေရဲ့ သတင်းဟာ မွှန်းလွဲတောင် မစောင့်တတ်ဘူး။ ပုပ်တာနဲ့ ပေါ်တာပါပဲ။

နာမည်တစ်လုံး သိပ်အရေးကြီးတယ်။ နာမည်နဲ့ ဂုဏ်သိက္ခာ သတင်းဟာ ရှေ့နေတစ်ယောက်အဖို့ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲ။ တစ်ချို့ရှေ့နေတွေ နာမည်ကြီးအောင် ဂိုက်ဆိုက် လုပ်လေ့လုပ်ထ ရှိတယ်။ ဟိတ်လုံး ဟန်လုံးကြီးတွေနဲ့ ပြောပုံဆိုဟန်ကို အထက်လေနဲ့ တင်တင်စီးစီးပြောတယ်။ သူတို့ကို လူတွေစိတ်ဝင်စားအောင်၊ အားကျအောင် အမှုစစ်ပေးလေ့ရှိတယ်။

အမှုပွဲစား ဒလန်သုံးပြီး နာမည်ကြီးအောင် လုပ်တာမျိုးတွေလည်းရှိတယ်။ အမှုရအောင် ပွဲစားက လော်ပေးတာမျိုး၊ အမှုဆွယ်ပေးတာမျိုးတွေလည်း ရှိတယ်။ စင်စစ် ဒလန်ပွဲစားဆိုတာ ရှေ့နေကို ဘမ်းပေါ်တင်လည်း သူတို့ပဲ၊ လည်စီ ဖိသတ်လည်း သူတို့ပဲ။

အမှုပွဲစားဆိုတာ ရှေ့နေကိုအမှုရှာပေးပြီး အမှုလိုက်ခထဲက (၂၀%)၊ (၂၅%) စသဖြင့် တောင်းယူလေ့ရှိတဲ့ လူစားမျိုးဖြစ်တယ်။ ရှေ့နေလိုလူစားမျိုးကိုမှ ခေါင်းပုံဖြတ်နိုင်တာ အမှုပွဲစားပါပဲ။

သူ့ထက် ကြောက်စရာပိုကောင်းတဲ့ အမှုပွဲစားမျိုးလည်းရှိတယ်။ တစ်ချို့အမှုသည်တွေက ငိုးကြတယ်၊ အ,ကြတယ်။ တရားရုံးမပြောနဲ့ ရပ်ကွက်ထဲက သူကြီးအိမ်တောင် မရောက်ဖူးပါဘူးဆိုတဲ့ လူစားမျိုးတွေပဲ။ အဲ ... အမှုအခင်း ဖြစ်လာတဲ့အခါ ဘယ်ကိုလိုက်လို့ ဘယ်လိုလုပ်ရမယ် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတတ်ကြတယ်။ ဒီအခါမှာ အကွက်ကောင်းစောင့်နေတဲ့ အမှုပွဲစားတွေ ဝင်လာလေ့ရှိတယ်။

အမှုပွဲစားက အမှုဖြစ်ရင် ဟိုလိုက်၊ ဒီလိုက် မလိုက်သင့်ကြောင်း၊ မလိုက်တတ်ရင် ငွေသာကုန်ပြီး အရာမထင် ဖြစ်တတ်ကြောင်း၊ ရှေ့နေ

ငှားတယ်ဆိုတာလည်း ရမ်းသမ်းငှားလို့ မကောင်းကြောင်း၊ သင့်တော်တဲ့ရှေ့နေ၊ တတ်ကျွမ်းတဲ့ ရှေ့နေကိုသာ ငှားသင့်ကြောင်း၊ ရှေ့နေငှားတယ်ဆိုတာ အိမ်ထောင်မှု၊ ဘုရားတည်ဆိုတာမျိုးနဲ့တူကြောင်း၊ ဆိုးကံ၊ ကောင်းကံဟာ မိမိငှားတဲ့ရှေ့နေပေါ် မူတည်ကြောင်း၊ ၄င်းနှင့်သိကျွမ်းတဲ့ ရှေ့နေတွေထဲက သင့်တော်မယ့် ရှေ့နေတစ်ဦး ရှိကြောင်း၊ စိတ်ချရကြောင်း၊ တော်လည်းတော်ကြောင်း၊ ၄င်းလိုက်သမျှ အမှုတွေထဲမှာ ရှုံးတယ်ဆိုတဲ့အမှု တစ်မှုမှ မရှိခဲ့ဖူးသေးကြောင်း၊ အမှုတိုင်းကိုလည်း လက်မခံကြောင်း၊ လက်ခံပြီးရင်လည်း လက်ခံတဲ့အမှုတိုင်း ရှုံးတယ်လို့ မရှိကြောင်း၊ ဒါပေမယ့် ကြေးတော့ကြီးကြောင်း၊ သူက ထိုက်ထိုက်တန်တန်ယူပြီး ထိုက်ထိုက်တန်တန် လုပ်ပေးသူလည်း ဖြစ်ကြောင်း၊ သို့သော် ၄င်းနဲ့ ရင်းရင်းနှီးနှီးရှိလို့ သက်သက်ညှာညှာ အနည်းဆုံးရအောင် ပြောပေးမည် ဖြစ်ကြောင်း၊ စားစရာမရှိ လျော်စရာတော့ ရှိရမည်ဆိုတဲ့အတိုင်း လုပ်သင့်လုပ်ထိုက်တာကို မြန်မြန်ထက်ထက် လုပ်ဖို့လိုကြောင်း၊ ဒါမှ အာမခံမြန်မြန်ရပြီး အပြင်မြန်မြန်ထွက်ရမှာဖြစ်ကြောင်း၊ ရှေ့နေထံလည်း အမြန်ဆုံးသွားပြောပြီး အမှုချက်ချင်းအပ်မှ ဖြစ်မည်ဖြစ်ကြောင်း၊ ရှေ့နေခရီးထွက်သွားရင် အမှုရုံးချိန်းမမီလို့ အာမခံမရဘဲ ဖြစ်သွားနိုင်ကြောင်း၊ ဒီရှေ့နေက အလုပ်ကိုပြတ်ပြတ်လုပ်တတ်ကြောင်း၊ ခဏခဏ နားပူတာမျိုးကိုလည်း မကြိုက်ကြောင်း၊ ချက်ဆို နားရွက်က မီးတောက်ပြီး တစ်ထွာလောက်ပြုရုံနဲ့ တစ်တောင်လောက် မြင်နှင့်နေတတ်သူဖြစ်ကြောင်း အမျိုးမျိုးမွမ်းကာ ရှေ့နေငှားခတောင်းယူပြီး ရှေ့နေဆီ လာတတ်ပါတယ်။

ရှေ့နေဆီရောက်တော့ ရှေ့နေကို ဘယ်လိုပြောတယ်မှတ်သလဲ။ တရားခံမိသားစုက သူနဲ့ ဆွေရင်းမျိုးရင်း မကင်းသူတွေဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးကြောင်း၊ ရှေ့နေငှားနိုင်တဲ့ အရည်အချင်း မရှိကြောင်း၊ ဘယ်သူ့ကိုအားကိုးလို့ ကိုးရမှန်းလည်း မသိကြောင်း၊ ဆရာက သဘော

လည်းကောင်းပြီး စာလည်းစာနာတတ်တယ်ဆိုတာသိလို့ သတင်းမေး လာခဲ့ခြင်းဖြစ်ကြောင်း၊ ဒါကြောင့် ဆရာ့ထံ အားကိုးတစ်ကြီးနဲ့ ရောက်ရှိလာကြောင်း၊ ဒါပေမယ့် ဆရာမနစ်နာအောင် ကျေးဇူး တုန့်ပြန်ရန် ရည်ရွယ်ထားကြောင်း၊ တရားခံရဲ့သမီးလေး သူ့ဖွားအေ ဆီက ရထားတဲ့ ကလေးရွှေနားကပ်တစ်ရံ ပေါင်နှံရောင်းချပြီး ညက် ပူဇော်ခသဘော ကုတ်ခြစ်ရှာဖွေ တုန့်ပြန်မည်ဖြစ်ကြောင်း၊ လက်ခံ စေလိုကြောင်း ပြောပြောဆိုဆို အမှုအပ်သွားပါတယ်။

ဒါကြောင့် သတိပြုရမှာက အမှုလာအပ်တိုင်း လာအပ်တိုင်း ကာယကံရှင် အမှုသည်နဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံပြီးမှ အမှုကို လက်ခံဖို့ပဲ။

ကာယကံရှင်အမှုသည်နဲ့ ကိုယ်တိုင်ကိုယ်ကျ မတွေ့ဘဲ အမှုကို လက်ခံမိလို့ ဒုက္ခရောက်ရတဲ့ အဖြစ်အပျက်ကလေးတစ်ခု ရှိတယ်။

အမှုသည်တစ်ယောက် ရှေ့နေဆီရောက်လာတယ်။ လက်ထပ် စာချုပ် တစ်ခုကိုလည်း ထုတ်ပြတယ်။ စာချုပ်ထဲက သတို့သမီးဟာ သူ့တူမဖြစ်ကြောင်း၊ အိမ်ထောင်ကျတာ သုံးလလောက်ပဲ ရှိသေး ကြောင်း၊ အခု ယောကျ်ားလေးရဲ့ အိမ်ပေါ်က ဆင်းလာရကြောင်း၊ ယောကျ်ားလေးက နှိပ်စက်လွန်းလို့ ဒဏ်မခံနိုင်ဖြစ်ရကြောင်း၊ ယခု လည်း လိုက်နှောင့်ယှက်နေလို့ တောကအမျိုးတွေဆီကို ခဏ ပို့ထားရ ကြောင်း၊ ဆရာ့ထံ လာရောက်ရခြင်းမှာ ယောကျ်ားလေးဘက်ကို နို့တစ်စာပို့ပေးဖို့ဖြစ်ကြောင်း၊ မိန်းကလေးက ဆက်လက်မပေါင်းချင် တော့လို့ လိုက်လံမနှောင့်ယှက်ဖို့နဲ့ နှောင့်ယှက်ရင် တရားစွဲရလိမ့်မည် ဆိုတဲ့အကြောင်း နို့တစ်ရေးပို့ပေးစေလိုကြောင်း လာရောက်ပြောကြား အပ်နှံတယ်။ ကုန်ကျစရိတ်နဲ့ ညက်ပူဇော်ခ အစစကိုလည်း ပေးသွား တယ်။

အမှုအပ်တဲ့ပုဂ္ဂိုလ် ပြန်သွားပြီးတဲ့နောက် ရွှေနေက ယောကျ်ားလေးဆီ နို့တစ်ပို့တယ်။ ပို့လိုက်တဲ့ နို့တစ်စာကြောင့် အကြီးအကျယ် ဒုက္ခတွေ့တော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရက်တစ်ရက်မှာ ယောကျ်ားလေးနဲ့ ကောင်မလေး ရွှေနေဆီ ရောက်လာတယ်။ ကောင်မလေးက ရွှေနေကို တရားစွဲမယ် လုပ်တယ်။ သူမပို့နိုင်းပါပဲနဲ့ ဘာဖြစ်လို့ ဒီလို မဟုတ်မဟပ် ရေးရတာလည်းဆိုပြီး ကြိမ်းလား မောင်းလား လုပ်တယ်။

အဖြစ်မှန်က ဒီလိုကွဲ့၊ ကောင်လေးနဲ့ကောင်မလေး လက်ထပ်တာကို သဘောမတူတဲ့ မိန်းကလေးရှင် မိဘ၊ ဦးလေးတွေက ကောင်မလေးကို အိမ်ကိုချော့မော့ပြန်ခေါ်လာပြီး ပြန်မလွှတ်ဘဲ ကောင်လေးနဲ့ ခွဲထားတယ်။ ပြီးတော့မှ ရွှေနေဆီလာရောက် နို့တစ်စ ပို့နိုင်းတာဖြစ်တယ်။ ဒါပေမယ့် ကောင်မလေးက မိဘနေအိမ်က ထွက်ပြေးပြီး ကောင်လေးဆီ ပြန်သွားတယ်။ ကောင်လေးဆီ ရောက်တော့ ရွှေနေပို့ထားတဲ့ နို့တစ်စာကို တွေ့ရတယ်။ သူ့ဆန္ဒ သူ့သဘော မပါဘဲ သူ့ညွှန်ကြားချက်အရ ပို့နိုင်းသလို ရေးထားတဲ့အတွက် ရွှေနေကို တရားစွဲမယ် တကဲကဲ လုပ်တော့တာပဲ။ ရွှေနေအဖို့ ခေါင်းငုံ့ခံရုံပဲရှိတယ်။

လင်နဲ့မယား ကြားမှာတောင် ဒီလိုအဖြစ်မျိုး တွေ့ရတယ်။ ယောကျ်ားက အချုပ်ထဲမှာ လူသတ်မှုနဲ့ ရောက်နေတယ်။ အမှုစွဲတင်တော့ အပြင်မှာရှိတဲ့မယားက ယောကျ်ားအတွက် ရွှေနေလိုက်ငှားတယ်။ ရွှေနေအဖို့ အင်မတန် အံ့ဩစရာကောင်းတဲ့စကားမျိုး မယားထံက ကြားရတာမျိုးရှိတယ်။

အမှုငှားတာကတော့ သူ့ယောကျ်ား အမှုအတွက် လာငှားတာပဲ။ ရွှေနေကိုပြောတော့ သူ့ယောကျ်ားနဲ့ သူအိမ်ထောင်ကျခဲ့ရပုံ၊ မိဘက အတင်းပေးစားလို့ ယူခဲ့ရပုံ၊ အိမ်ထောင်ကျပြီးတော့လည်း အရက်

သောက်၊ ဖဲရိုက်နဲ့ အမျိုးမျိုး နှိပ်စက်ခဲ့ပုံ၊ လက်မောင်းကြောတင်းအောင် ဘာအလုပ်မှမလုပ်ဘဲ မိမိကသာ ဈေးဘမ်းခေါင်းတင် ရှာကျွေးခဲ့ရပုံ ပြောပြတယ်။ နောက်ပြီး အိမ်ထောင်ရေးကို စိတ်ကုန်ခမ်းပြီဆိုတဲ့ စကားမျိုး၊ သူ့ယောက်ျား ထောင်ကျသွားလည်း တစ်မျိုးကောင်းတာပဲ ဆိုတာမျိုး၊ ကျမယ့်ကျ တစ်သက်လုံးကျသွားလည်း အေးတာပဲ ဆိုတာမျိုး၊ တဖြည်းဖြည်း စကားစကားပြောပါများ၊ စကားထဲက ဇာတိပြ ဆိုသလိုပေါ့။ စကားနောက် တရားပါ ဖြစ်လာတယ်၊ နောက်တော့ ပြောင်ပဲပြောတယ်၊ သူ့ယောက်ျားအတွက် အမှုလိုက်ပေးပါ၊ အမှုလိုက်ခ တောင်းပါ၊ ဒါပေမယ့် လွတ်အောင် အမှုလိုက်ပေးစရာ မလိုဘူးတဲ့။

ကဲ ... ဘယ့်နှယ်ရှိစ။

ဘယ်လောက် ဆန်းကျယ်သလဲ၊ ယုံကြည်လောက်စရာ မကောင်းတဲ့ အဖြစ်သနစ်မျိုးပဲ။ အဖြစ်သနစ်တွေ ဆန်းကျယ်သလောက် ရှေ့နေကပါ ပါဝင်ဆန်းကျယ်နေရင်တော့ ငမိုက်သားပဲ။

ဒီလိုဟာမျိုး ငွေဘယ်လောက် ပုံပေးပေး လက်မခံရဘူး။ မိမိ ခွေးဖြစ်မယ့် အမဲရိုးကို ဘယ်တော့မှ ရှေ့နေဟာ ကုန်းကုန်းဟပ်ဖို့ မကြိုးစားရဘူး။ အကျင့်သိက္ခာ မာနတော့ ရှိရတယ်။

ဆန်းကျယ်တဲ့ အဖြစ်တွေ။

ဗဟုသုတအနေနဲ့ သိထားဖို့ပဲ။ ကိုယ်ကျိုးစီးပွားအတွက် လူတွေ ဖန်တီးကြတဲ့ ဖန်တီးကွက်ကလေးတွေ၊ အမှုဆင်ကြပုံတွေဟာ လက်ဖျားခါလောက်စရာပဲ။

အခုပြောမယ့် ကိစ္စမျိုးကတော့ ချမ်းသာတဲ့ လူတန်းစားကို အခြေခံပြီး ဖြစ်လာတာမျိုးပဲ။ မိဘ ဘိုးဘွားတွေ၊ သားသမီး မြေး အပေါ် အလိုလိုက်လွန်းရာက ပေါ်ပေါက်လာတဲ့ကိစ္စပဲ။

မိဘတွေ ချမ်းသာသလောက် သားက သုံးဖြုန်းတယ်။ တစ်ဦးတည်းသားမို့ တုန်မလောက်ချစ်တယ်။ သားကလည်း အရွယ်သာ

ရောက်တယ် ကလေးလိုပဲ နွဲ့ဆိုးဆိုးတယ်။ ချစ်လွန်းမှန်းသိလို့ ခပ်သဲသဲပဲ။ အပေါင်းအဖော်တွေနဲ့ ပျော်လား ဝါးလား နေတယ်။ အသောက်အစား အကစားလည်း ဖက်တယ်။ မုန့်ဖိုးဆိုတာ ပေးမလောက်ပဲ။ သူ့တစ်နေ့မုန့်ဖိုးဟာ သောင်းဂဏန်းလောက်ရှိတယ်။ အဖေက ပေးလိုက်၊ အမေက ပေးလိုက်၊ အဘိုးဆီက တောင်းလိုက်၊ အဘွားဆီက တောင်းလိုက်။ ကြာတော့ မိဘလည်း ဒဏ်မခံနိုင်အောင်ဖြစ်ရတယ်။

တဖြည်းဖြည်း သားရဲ့ဒဏ်ကို မိဘတွေ မခံနိုင်အောင် ဖြစ်လာတယ်။ ဟန့်တားကြည့်တယ်၊ ဆုံးမကြည့်တယ်။ ဒါပေမယ့် မရဘူး၊ ခုမှတော့ ဘယ်ရတော့မှာလဲ။ ပြောမရ ဆိုမရတဲ့အဆုံး ဥပေက္ခာပြုထားလိုက်တယ်။

သားဖြစ်သူဟာ အသောက်အစားအပြင် အကစားပါ ဖက်တာမို့ သိန်းနဲ့ချီပြီး အကြွေးတင်လာတယ်။ လူကြီးတွေဆီတောင်းရင် ဆူမှာစိုးလို့ မတောင်းရဲဘူး။ ဒီတော့ သူဘာလုပ်တယ်မှတ်လဲ။

သူငယ်ချင်းတစ်ယောက်နဲ့ တိုင်ပင်တယ်။ သူငယ်ချင်းကို သူက တရားလို လုပ်ခိုင်းတယ်။ သူ့ကို တရားစွဲဖို့ပဲ။ ငွေလိမ်ယူသွားပါတယ်ဆိုပြီး စခန်းမှာ အမှုဖွင့် တရားစွဲခိုင်းတယ်။ ဒီလို အမှုဖွင့်ရင် ရဲက သူ့ကိုလာဖမ်းလိမ့်မယ်ဆိုတာ သူသိတယ်။ သူအချုပ်ထဲရောက်ရင် သူ့မိဘတွေသိမယ်၊ ပြီးတော့ အဘိုးတွေ အဘွားတွေလည်း သိမယ်။ မသိရင်လည်း သိအောင် တစ်ယောက်ယောက်နဲ့ အကြောင်းကြားဖို့ စီစဉ်ထားတယ်။ ဒီအခါမှာ အဘိုး အဘွားတွေ ရင်ပတ်စည်တီး ဖြစ်ကြမယ်။ မြေးဖြစ်သူ အနေဆင်းရဲ၊ အစားဆင်းရဲ ဖြစ်မှာ၊ အချုပ်ထဲ နေရမှာကို မကြည့်ရက်၊ မမြင်ရက် ဖြစ်မယ်။

ဒီအခါမှာ သူ့သူငယ်ချင်းက သူ့အဘိုးအဘွားတွေဆီ သွားမယ်။ ဒီလို ဒီလိုပဲ ငွေလိမ်သွားတဲ့အကြောင်း၊ အမှုလုပ်ချင်လို့ လုပ်ရတာ

မဟုတ်တဲ့အကြောင်း၊ သူ့ငွေလည်း မဟုတ်ကြောင်း၊ ငွေပြန်ရရင် ပိုင်ရှင်ကိုပြန်ပေးရမည်ဖြစ်ကြောင်း၊ ငွေရရင် အမှုကိုလည်း ရုပ်သိမ်းမှာဖြစ်ကြောင်း သူ့သူငယ်ချင်းက အဘိုးအဘွားတွေကို ပြောမယ်။

ဒီတော့ မြေးကို တုန်မလောက်ချစ်တဲ့ အဘိုးအဘွားတွေက သူ့သူငယ်ချင်းကို ငွေစိုက်ထုတ်ပေးလျော်လိမ့်မယ်။ ဒီနည်းနဲ့ အမှုပြီးအောင်၊ မြေးအပြင်ရောက်အောင် လုပ်ကြမှာပဲ။ အမှုကျေအေးပြီးရင် သူလည်း အပြင်ရောက်မယ်။ ပြီးတော့ သူ့သူငယ်ချင်းကို မုန့်ဖိုးပေးပြီး ကျန်တာ သူယူမယ်။

အချုပ်ထဲမှာ တစ်ပတ်၊ နှစ်ပတ်လောက် သွားနေရတာကတော့ အတွေ့အကြုံတစ်ခု ရှာတယ်လို့ပဲ သဘောထားလိုက်မယ်။ ယောက်ျားလေးပဲ ဒီလောက်တော့ ခွန့်စားရမှာပဲ။

သူ့အစီအစဉ်က သူ့ဟာနဲ့သူ အကွက်ကျတယ်။ သူ့အဘိုးအဘွားတွေရဲ့ စိတ်ထားကို သူက နှောကျေထားတယ်။ ဒါကြောင့် အမှုကို ကိုယ်တိုင်ဖန်ဆင်းပြီး ကိုယ်တိုင် တရားခံလုပ်လိုက်တယ်။ ကဲ ... ဘာပြောချင်သေးလဲ။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ။

ကြီးသောအမှုငယ်စေ၊ ငယ်သောအမှု ပလပ်စေဆိုတဲ့ ဆောင်ပုဒ်ကို ကြားဖူးကြလိမ့်မယ်။ တရားလို၊ တရားခံ နှစ်ဦးနှစ်ဖက် ကျေအေးကြလို့ ကျေအေးခွင့်ပေးတာ၊ ရုပ်သိမ်းခွင့်ပေးတာဟာ ဒီဆောင်ပုဒ်နှင့် အညီ ကျင့်သုံးတာ ဖြစ်တယ်။

ဒါပေမယ့် အထက်က အဖြစ်အပျက်မျိုးကျတော့ ကျေအေးခွင့် အလွယ်တကူ ပေးသင့် မပေးသင့်ဆိုတာ စဉ်းစားစရာပဲ။ ဒါကြောင့်လည်း လက်ရှိတရားရုံးတွေမှာ အခြေအနေနဲ့အချိန်အခါအလျောက် ပြီးစလွယ် ကျေအေးခွင့်၊ ရုပ်သိမ်းခွင့်မပေးဘဲ စိစိစစ်စစ်လုပ်ပြီးမှ ကျေအေးရုပ်သိမ်းခွင့်ပေးခြင်း ဖြစ်တယ်။

ကျော်နသန်ဆွက်ဆိုသူက "ရှေ့နေဆိုတာ ငယ်ငယ်ကတည်းက စကားအရာမှာ အဖြူကို အမဲဖြစ်အောင် ပြောဆိုတတ်တဲ့ လူမျိုးတွေ ဖြစ်တယ်။ သူတို့ကို ငွေပေးရင် ပေးသလောက် ပြောပေးတတ်တဲ့ လူစားမျိုးတွေဖြစ်တယ်" လို့ ပြောခဲ့ဖူးပါတယ်။

"ရှေ့နေတွေကို အကြင်နာကင်းမဲ့စွာနဲ့ တုပ်နှောင်ထားပြီး သူတို့ရဲ့ဘေးမှာ ရက်စက်ကြမ်းကြုတ်တဲ့ ခွေးတစ်ကောင်ကို ချုပ်နှောင်ထားသင့်တယ်" လို့လဲ ဗရက်ဒရစ်သည်ဂရိတ်က ပြောဖူးတယ်။

"မိမိအစိုးရကို ဆန့်ကျင်တဲ့ ရှေ့နေမှန်သမျှ လျှာကို ဖြတ်ပစ်ရမယ်" လို့လည်း နပိုလီယန်က ပြောခဲ့တယ်။

ရှေ့နေနှစ်ယောက်ကြား ရောက်ရှိနေသော တောသူတောင်သားသည် ကြောင်နှစ်ကောင်ကြား ရောက်နေသည့် ငါးတစ်ကောင် ဖြစ်သည်။ [ A country man between two lawyers is like a fish between two cats ] လို့ Franklin ဆိုသူက ဆိုတယ်။

ဒီလို ပုဂ္ဂိုလ်တွေတောင် ဒီလောက်ပြောနေကြမှတော့ဖြင့် ရိုးရိုးသာမန်လူတွေ ဘယ်လောက်ပြောလိုက်ကြမယ်ဆိုတာ စဉ်းစားကြည့်ဖို့ပဲ။

ဒါပေမဲ့ ရှေ့နေလူစားတွေ ပျောက်သွားသလား၊ မပျောက်ပါဘူး။ ရှိဆဲပါပဲ၊ ရှိတုန်းပါပဲ။ ဘယ်ဆိတ်သုဉ်းပါ့မလဲ။

အမှန်က အမြင်လွဲတာ၊ ခံယူပုံလွဲတာတွေက အစပြုပြီး ဒီလိုဖြစ်ကုန်ကြတာလို့ ထင်တယ်။

ဆိုပါတော့ ... ရှေ့နေဆိုတာ ဘာလဲ။

ရှေ့နေရဲ့ အလုပ်နဲ့ ဝတ္တရားဟာ ဘာလဲ။ ဒါအရေးကြီးပါတယ်။ ရှေ့နေဆိုတာ ဘာကောင်ပါပဲလို့ သတ်မှတ်ခံယူလိုက်ရင် သူ့အပေါ် ရှုမြင်တဲ့ အမြင်ဟာလည်း ဒီသတ်မှတ်ခံယူတဲ့အပေါ် ရှုမြင်တာမျိုးပဲ ဖြစ်လာလိမ့်မယ်။ ရှေ့နေဆိုတာ ဘာကောင်ပဲလို့ သတ်မှတ်ခံယူ

လိုက်တဲ့ သတ်မှတ်မှု၊ ခံယူမှုဟာ အလွဲဆံပင် ကောင်းတာမျိုး ဆိုရင်တော့ နပိုလီယန်ပြောသလို အပြောခံရဖို့ပဲရှိတယ်။

ရှေ့နေဆိုတာ ဘာကောင်ပဲလို့ သတ်မှတ်ခံယူတာမျိုးက ခေတ်ရဲ့ ပြဋ္ဌာန်းမှုအပေါ် မူတည်နေတာမျိုးလဲရှိတယ်။

ရှေ့နေတွေရဲ့ ကိုယ်ပိုင် လုပ်နည်းလုပ်ဟန်၊ ခံယူသတ်မှတ်မှုကလည်း ဖာသာလဝါ ပြဋ္ဌာန်းပြီးသား ဖြစ်တယ်။ ရှေ့နေရဲ့ အမူအကျင့်၊ ရှေ့နေရဲ့ စရိုက်လက္ခဏာ၊ ဒါတွေက ဘာလဲဆိုတာကို ထင်ဟပ်စေတယ်။

ရှေ့နေတွေ ကျင့်ဝတ်သိက္ခာ တကယ်ရှိရင် ရှေ့နေရဲ့ အခန်းကဏ္ဍဟာ ရေမြင့်ကြာလို ဝင့်ဝင့်ထည်ထည် ရှိလိမ့်မယ်။ ရှေ့နေတွေ ကျင့်ဝတ်သိက္ခာမရှိရင်တော့ ရှေ့နေရဲ့ အခန်းကဏ္ဍဟာ လူတကာနှပ်ပစ်စရာ ကောင်းနေမှာ အမှန်ပဲ။

## ရှေ့နေဈေးကွက်

အကြမ်းဖျင်း ဈေးကွက်သုံးခု ဖြစ်ပေါ်နေတာကို တွေ့ရတယ်။

(က) ပညာရှင် ဈေးကွက်

(ခ) ပွဲစား ဈေးကွက်

(ဂ) ကိုယ်ပိုင် ဈေးကွက်

## ပညာရှင်ဈေးကွက်

ရှေ့နေလောကရဲ့ ဒိတ်ဒိတ်ကြဲ ပညာရှင်ကြီးတွေရဲ့ ဈေးကွက်ဖြစ်တယ်။ များသောအားဖြင့် တရားမမှုကြီးတွေမှာ ဟိုဘက်ဒီဘက် အလုအယက် ဈေးကောင်းပေးပြီးငှားနေကြတဲ့ ဈေးကွက်ဖြစ်တယ်။ 'တရားမမှု ဘုရင်များ' လို့ အမည်ကင်ပွန်းအတပ်ခံရလောက်အောင်

လေးစားထိုက်တဲ့ ပညာရှင်တွေရှိတယ်။ အထူးသဖြင့် အမွေမှုတွေ၊ အမွေပုံပစ္စည်း ခွဲဝေပေးစေလိုမှုမျိုးတွေ၊ အမွေထိန်း လျှောက်ထားမှုမျိုးတွေနဲ့ အခြား ခဲရာခဲဆစ် ပညာသားပါတဲ့ အမှုမျိုးတွေမှာ အားကိုးအားထားပြုရတဲ့ ပညာရှင်များဖြစ်တယ်။

ပညာရှင်အပိုင်းမှာ အမွေမှုလိုက်ရာမှာ သီးခြား ပြောင်မြောက်တဲ့ ရှေ့နေ၊ အိမ်ရှင်အိမ်ငှားအမှုမျိုးမှာ နာမည်ရတဲ့ရှေ့နေ၊ အိမ်မြေနဲ့ ပတ်သက်ပြီး တရားဝင်အမည် မပေါက်သေးတာကို တရားဝင် အမည် ပေါက်လာအောင် နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် အထစ်အငေါ့ မရှိ ဆောင်ရွက်ပေးနိုင်တဲ့ရှေ့နေ၊ ဥပဒေဘောင်လွတ်နေတဲ့ ကိစ္စရပ်တွေကို ဥပဒေဘောင်ဝင်အောင် အဆင့်ဆင့် ပါးပါးနပ်နပ် လုပ်ယူပေးနိုင်တဲ့ရှေ့နေ စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာ လိမ္မာကျွမ်းကျင်ရာ စွမ်းဆောင်ပေးနိုင်တဲ့ ရှေ့နေတွေရှိတယ်။ အဲဒီ ရှေ့နေကြီးတွေဟာ သူတို့နယ်မှာသူတို့ အရေးပါနေကြတာချည်းပဲ။

ဒီ ရှေ့နေကြီးတွေရဲ့ ဂုဏ်သတင်းဟာ ကြော်ငြာပေးနေစရာ မလိုဘဲ ပင်ကိုယ်ကောင်းသတင်းမွှေးမှုမျိုးနဲ့ ကျော်ကြားနေတယ်။

ပညာဂုဏ်၊ လုပ်သက်ဂုဏ်နဲ့တကွ သိက္ခာသမာဓိ ဂုဏ်ရည်တွေအပေါ် မူတည်ပြီး ရှေ့နေခဟာလည်း ထိုက်ထိုက်တန်တန် ရှိနေတတ်တယ်။

စီးပွားရေးလုပ်ငန်းကြီးတွေ ငွေကြေးပမာဏကြီးမားပြီး အတိမ်းအစောင်းမခံ လုပ်ရတဲ့ လုပ်ငန်းကြီးတွေရဲ့ ကဏ္ဍမှာ ရှေ့နေကြီးတွေရဲ့ ပညာအပိုင်းဟာ အခရာလို့တောင် ဆိုနိုင်တယ်။

ဒါကို အမှန်တကယ်သိတဲ့ ပုဂ္ဂိုလ်တွေကတော့ လေးလေးစားစား တန်ဖိုးထားတယ်။ ထိုက်ထိုက်တန်တန်ကြီး ဂုဏ်ပြုတယ်။ တန်ဖိုးမသိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘယ်နားလည်မလဲ။ ဘယ်သူ နားလည်လည် မလည်လည် ပညာရှင် ရှေ့နေကြီးတွေရဲ့ ဈေးကွက်ဟာ သူ့ဟာနဲ့သူ ထိုက်ထိုက်တန်တန် ရှိနေတယ်။

ပွဲစားရေးကွက်

အလုပ်သင် ရှေ့နေဘဝကနေ လိုင်စင်ရ ရှေ့နေတစ်ယောက် ဖြစ်လာခဲ့ပေမယ့် အမှုရဖို့ဆိုတာ ရှေ့နေတစ်ယောက်အဖို့ သိပ်လွယ်တဲ့ကိစ္စ မဟုတ်ပါ။ ကိုယ့်အရည်အသွေးကိုလည်း မပြင်ဘူး၊ မတွေ့ဘူး၊ နာမည်ကလည်း မရသေးဘူးဆိုတော့ အသိမိတ်ဆွေတွေနဲ့ ဆွေမျိုးတွေလောက်ပဲ အကူအညီ တောင်းတတ်ကြတာ။ ဒါတောင် သူတို့က သိပ်ယုံချင်ပုံ၊ အားကိုးချင်ပုံ မရသေးဘူး။ တီးခေါက် မေးစမ်းကြည့်တဲ့ သဘော သာသာပဲရှိတာ။ လုပ်သက်ကလည်း နုသေးကိုး။

အဲ- အရေးကြီးတာက အလုပ်သင်ဆရာ။ ကိုယ့်ရဲ့အလုပ်သင်ဆရာက နာမည်ကြီး ရှေ့နေဆိုရင်တော့ ဆရာအရှိန်နဲ့ နည်းနည်းပါးပါး အားကိုးချင်ပုံရှိရဲ့။ အလုပ်သင်ဆရာက နာမည်ကြီး မဟုတ်ဘူးဆိုရင်တော့ သိပ်လေးစား ယုံကြည်ပုံမရ။

ကိုယ့်ဆရာက နာမည်လည်းရှိတယ်။ အမှုလည်း လက်မလည်အောင် လိုက်နေရတယ်။ ဒီလိုဆိုရင် ဆရာ့ကိုမှီပြီး ဆရာရဲ့ခွင့်ပြုချက်နဲ့ တွဲလိုက်ချင်လိုက်၊ ဒါမှမဟုတ် ဆရာခွဲပေးတဲ့ အမှုလေးတွေ လိုက်ချင်လိုက်၊ အမှုကတော့ သိပ်ရှားမှာ မဟုတ်ဘူး။

ကိုယ့်ဆရာက နာမည်လည်း သိပ်မကြီးဘူး၊ အမှုလည်း သူ့ဟာနဲ့သူတောင် အရနည်းနေတယ်ဆိုရင် တပည့်အဖို့ ကိုယ့်ဟာကိုယ် အမှုရဖို့ လမ်းရှာရတော့တာပဲ။ ဒီအခါမှာ အမှုပွဲစားကို အားကိုးကြတာ မမှတာပါ။

အမှုပွဲစားဆိုတာ ပွဲစားသက်သက် လုပ်စားတဲ့အပြင် ဝန်ထမ်းထဲကလည်း ကြုံရင်ကြုံသလို ပွဲစားဝင်လုပ်တဲ့ လူတွေလည်းရှိတယ်။ ရှေ့နေမရှိသေးတဲ့ အမှုသည်တစ်ယောက်ကို လိုအပ်ချက်နဲ့အညီ ရှေ့နေတစ်ယောက်နဲ့ တွေ့ဆိုင်ပေးလိုက်ပြီး အမှုသည်က အဲဒီရှေ့နေကို

ငှားရမ်းဖြစ်တယ်ဆိုရင် ရွှေနေထံက ပွဲခရတတ်တာပဲ။ ကြုံရင်ကြုံသလို ကြုံတဲ့လူက ပါးစပ်ပွဲစားဝင်လုပ်ကြတာများတယ်။

ရွှေနေအလုပ် ဆိုတာမျိုးကလည်း အမှုရအောင် ကိုယ့်ကိုယ်ကို ကြော်ငြာလို့ရတာမျိုး၊ အမှုဆွယ်လို့ရတာမျိုး မဟုတ်၊ လုပ်ခွင့်လည်းမရှိ။ ဒီတော့ကိုယ့်ကို ဆွယ်ပေးမယ့်၊ ကိုယ့်ကိုကြော်ငြာပေးမယ့် ပွဲစားကိုပဲ အားကိုးရတာပဲပေါ့။

ပွဲစားဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်။ သူတို့ လိုလားရင် ရွှေနေကို သိကြားမင်းကြီးလားလို့ အမှုသည်က ထင်ရ လောက်အောင် အပို့အညွှန်း မွှမ်းတတ်သလို သူတို့ မလိုလားတဲ့အခါ မှာလည်း ရွှေနေကို ခွေးလေးကြမ်းပိုး သာသာဖြစ်အောင်၊ ဒီနယ် ဒီ ဝန်းကျင်မှာ ရွှေဆက်ရပ်တည်လို့မရအောင် လုပ်ပစ်တတ်တယ်။

အမှုပွဲစား အားကိုးပြီး ရပ်တည်တဲ့ ရွှေနေတွေ၊ အမှုပွဲစားကြောင့် ဒီနေ မော်တော်ကားတဝီဝီ စီးနေရပြီး နောက်တစ်နေ့ ဘဝပျက်သွား တဲ့ ရွှေနေတွေ ရွှေနေနယ်ပယ်မှာရှိတယ်။

ပွဲစားဈေးကွက်ပေါ် မူတည်တဲ့ ရွှေနေခဟာ ပွဲစားရဲ့ အဆွယ် အဟော အညွှန်းအမွှမ်းပေါ် မူတည်ပြီး အတက်အကျ အမျိုးမျိုး ရှိတတ် တယ်။ ဆဲပ္ပကလေးဖြစ်ပေမယ့် နင့်နေအောင်ရတာမျိုးလည်း ဖြစ်တတ် တယ်။ လူသတ်မှုကြီး ဖြစ်ပေမယ့်လည်း အရာမရောက်တဲ့ ဈေးမျိုး လည်း ဖြစ်တတ်ပါတယ်။ ပင်ကိုယ် အရည်အသွေးပေါ် မူတည်ပြီး ဖြတ်တဲ့ဈေးကွက်မျိုးမှ မဟုတ်ဘဲ။

## ကိုယ်ပိုင်ဈေးကွက်

ပွဲစားကို မသုံးလို့ဘဲ ဖြစ်ဖြစ်၊ ပွဲစားကို အားမကိုးလို့ဘဲ ဖြစ်ဖြစ် ကိုယ့်ဟာကိုယ် ရပ်တည်ပြီး အမှုရအောင် ကြိုးပမ်းကြတဲ့ ရွှေနေ ဈေးကွက်လည်း ရှိတယ်။

ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားရတယ်။ ပေါင်းသင်း ဆက်ဆံရေး တော့ လိုတာပေါ့။ ပေါင်းတတ်သင်းတတ်ရင် အမှုရတာပါပဲ။

## အရည်အသွေးရှိသော ရှေ့နေ

ရှေ့နေဈေးကွက် သုံးခုရှိတဲ့အနက် ပွဲစားဈေးကွက်နဲ့ ကိုယ်ပိုင် ဈေးကွက်အတွင်းမှာ ရပ်တည်နေတဲ့ ရှေ့နေတွေဟာ များသော အားဖြင့် အရည်အချင်းထက် အမှုအရေအတွက်နောက်ကိုသာ မသိ မသာ လိုက်မိလျှက်သား ရှိနေကြတယ်။

အမှုမရရင်နေပါစေ၊ ပွဲစားတော့ အားမကိုးဘူးဆိုပြီး ကိုယ့် မာနနဲ့ကိုယ်နေတဲ့ ရှေ့နေဟာ ကိုယ်ပိုင်ဈေးကွက်ထဲ ရပ်တည်တဲ့အခါ မိမိအရည်အသွေးကို ပိုမိုတောက်ပြောင်အောင် ကြံ့ကြံ့ခိုင် ကြိုးပမ်း နေသင့်တယ်။ အမှုအရေအတွက်နောက် လိုက်မိလို့ ငွေသာအဓိက ဖြစ်လာတဲ့အခါမှာ ပညာပိုင်း ဖြည့်ဆည်းမှု အားနည်းသွားတတ်တယ်။ တစ်စစ မှေးမှိန်ပျောက်ကွယ်သွားမှာ အမှန်ပဲ။

အခြေနေအရ ပွဲစားဈေးကွက်နဲ့ ကိုယ်ပိုင်ဈေးကွက်အတွင်းမှာ လုံးပမ်းရုန်းကန်နေရပေမယ့် ပညာရှင်ဈေးကွက်ကို တစ်လှမ်းပြီး တစ်လှမ်း မှန်မှန် ခွဲရှိရှိ၊ ခံနိုင်ရည် အပြည့်နဲ့ လှမ်းနေမယ်ဆိုရင် ပညာရှင်ဈေးကွက်အတွင်းကို ထိုးဖောက်ရောက်ရှိသွားမှာ အမှန်ပဲ။

ရှေ့နေဆိုတာ ပညာရှင်ဈေးကွက် အတွင်းမှာသာ အထိုက် အတန် တည်အပ်တာပဲ မဟုတ်လား။

## အခန်း(၉)

## ရယ်ပြုံးနိုင်သော ဗွပ်အားရှိသူတို့အတွက် ဟာသများ

### ရှေ့နေလိုင်း

အဖေ။ ငါ့သား၊ မင်း ဆယ်တန်းအောင်ရင် ရှေ့နေလိုင်း လိုက်ရမယ်။

သား။ ဘို၊ အဖေကလဲ မဖြစ်နိုင်တာ။ ဘယ်ဟာ လိပ်၊ ဘယ်ဟာ ကြွမ်းပိုးမှန်းတောင် သားက သိသေးတာမှ မဟုတ်တာ။

### အကြံပိုင်သော ရှေ့နေ

ရှေ့နေ။ မင်းတို့ သုံးယောက်ထဲမှာ အန္တရာယ်ကင်းဂါထာ ဘယ်သူရသလဲ။

တရားခံ(က)။ ကျွန်တော်ရပါတယ်။

ရှေ့နေ။ အတော်ပဲ၊ တရားသူကြီးက မင်းတို့သုံးယောက်ထဲမှာ ပြစ်မှုကျူးလွန်သူတစ်ယောက်တော့ ပါမယ်လို့ ပြောတယ်။ ဒီတော့ တရားခံ(က)က အန္တရာယ်ကင်းဂါထာ ရတယ်ဆိုတော့ အဲဒီဂါထာ နာနာရွတ်ပြီး ဝန်ခံလိုက်၊ ကျန်တဲ့တရားခံ (ခ)နဲ့(ဂ) အပြစ်မရှိဘူးလို့ ငြင်းလိုက်။

## သခင်ရှေနေ

မြင်းတစ်ကောင်က အခြားမြင်းတစ်ကောင်ကို ပြောသည်မှာ-

'ငါ့ကံကိုက ဆိုးပါတယ်ကွာ။ ငါ ရတဲ့ပိုင်ရှင်က ရှေ့နေလေ၊ မနက်ကနေ ညပိုင်းရောက်တဲ့အထိ တစ်နေ့လုံး မနားတမ်းကိုခိုင်းတာ'

'ဒါဆိုရင် တိရစ္ဆာန်များကို ညှဉ်းဆဲမှုက ကာကွယ်တဲ့အဖွဲ့ကို စာရေးပြီး တိုင်ပါတော့လား'

'သွားမလုပ်နဲ့မောင်ရေ၊ ငါ စာရေးတတ်မှန်းသိသွားရင် တရားရုံးမှာ တင်ရမယ့် သူ့ရဲ့လျှောက်လွှာတွေကို ငါ့ကို အတင်းထပ်ရေးခိုင်းနေဦးမှာ'

တိုင်ပင်ခ

လက်တက်ရည်ဆိုင်ပိုင်ရှင်။ ခွေးက ပစ္စည်းတစ်ခုခုကို အကျိုးပျက်စီးအောင်လုပ်ရင် ခွေးရှင်မှာ တာဝန်ရှိပါသလား။

ရွှေနေ။ ရှိတာပေါ့ဗျာ။ ခွေး အပြစ်လုပ်ရင် ခွေးရှင်တာဝန်ပေါ့။

လက်တက်ရည်ဆိုင်ပိုင်ရှင်။ ဒါဆိုရင် ဝတ်လုံကြီးရဲ့ခွေးက ကျွန်တော့်ဆိုင်ထဲက ကိတ်မုန့်တစ်လုံးကို စားပစ်လိုက်တဲ့အတွက် ငွေ ၅၀၀ဝိ/- လျော်ရမှာပြုပါ။

ရွှေနေ။ ရပါတယ်။ အဲ၊ ရွှေနေထံ လာရောက်တိုင်ပင် ဆွေးနွေးခက ၅၀၀၀ဝိ/- ကျပါတယ်။ မုန့်ဖိုး ၅၀၀ဝိ/- နုတ်ပြီး တိုင်ပင်ဆွေးနွေးခ ၄၅၀၀ဝိ/- ပြန်မ,စ ပါခင်ဗျား။

ရှေ့နေပေးတဲ့အကြံ

ဂျင်မီသည် ရည်းစားဟောင်းနှင့် ချိန်းတွေ့ပြီးနောက် နံနက် ၄ နာရီတွင် နေအိမ်သို့ပြန်ရောက်လာသည်။ အိမ်ဝအရောက်တွင် မိတ်ဆွေရှေ့နေ အကြံပြုသည့် အစီအစဉ်အတိုင်း ဆေးဖြူသုတ်ထားသော နံရံကို လက်နှစ်ဖက်ဖြင့်ပွတ်သည်။ ထို့နောက် ဆေးဖြူပေကျံနေသော လက်ဖြင့် နဖူး၊ ကုတ်အင်္ကျီနှင့် ဘောင်းဘီတို့ကို သုတ်လိမ်းသည်။ တံခါးကို ခေါက်လိုက်သည့်အခါ ဇနီးဖြစ်သူ တံခါးလာဖွင့်သည်။

ယောက်ျား။ မိန်းမရေ မနေ့က ရည်းစားဟောင်းနဲ့တွေ့လို့ စိတ်မထိန်းနိုင် ဖြစ်ခဲ့တယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ။

မိန်းမ။ တော်စမ်းပါ။ ကျွန်မကို လာဖြီးဖြန်းမနေနဲ့။ ရှင်တစ်ညလုံး ဘိလိယက်ကစားလာပြန်ပြီ မဟုတ်လား။

ကာကွယ်ခုခံခွင့်

မိန်းကလေးတစ်ဦးကို ဖက်နမ်းသဖြင့် လူငယ်တစ်ဦးကို တရားရုံးသို့ တရားစွဲတင်သည်။ ရုံးတွင် တရားခံရှေ့နေက မိန်းကလေးကို မေးသည်။

တရားခံရှေ့နေ။ မင်းရဲ့အလိုဆန္ဒမပါဘဲ ဒီလူငယ်ကမင်းကိုနမ်းတယ်ဆိုတာ ဟုတ်သလား။

မိန်းကလေး။ ဟုတ်ပါတယ်။ သူ ကျွန်မကို ဆယ့်နှစ်ကြိမ်ထက်မနည်း နမ်းပါတယ်။

တရားခံရှေ့နေ။ သူက ဒီလိုနမ်းနေတုန်းမှာ မင်းကရော သူ့ကို ပြန်နမ်းသေးသလား။

[ထိုမေးခွန်းကို တရားလိုရှေ့နေက ကန့်ကွက်သည်။ သို့သော် ကန့်ကွက်ချက်ကို ရုံးက ပယ်သည်။ တရားခံရှေ့နေအား ဆက်မေးခွင့်ပြုသည်။]

တရားခံရှေ့နေ။ ကဲ၊ မေးတဲ့မေးခွန်းကိုဖြေပါ။ မင်းကရော တရားခံကို နမ်းသေးသလား။

မိန်းကလေး။ နမ်းတယ်လေ။ ဒါက ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ နမ်းတာပဲဥစ္စာ။

အမြည်းရှာနည်း

ရှေ့နေနှစ်ယောက် သစ်ပင်အောက်တွင်ထိုင်ကာ အရက်သောက်နေကြသည်။ သူတို့တွင် မြည်းစရာအမြည်းမရှိဘဲ ဖြစ်လေရာ သစ်ပင်ပေါ်တွင် ဝက်အူချောင်းကိုက်ထားသော ကျီးကန်းကို မြင်သည်တွင် ၎င်းထံမှ ဝက်အူချောင်းကို မည်သို့ရအောင် လုပ်ရမည်ကို ရှေ့နေတစ်ယောက်က စဉ်းစားသည်။

'ဟေ့ ကျီးကန်း၊ မင်းဆီမှာ ဖန်ခွက်ပါသလား'

'မပါဘူး'

ထိုသို့ဖြေစဉ် ကျီးကန်းပါးစပ်မှ ဝက်အူချောင်း ကျလာသည်။

အမြည်းရသဖြင့် ရှေ့နေနှစ်ယောက် ဝမ်းသာအားရ သောက်စားကြသည်။

ဒုတိယပုလင်းကို ဖွင့်ချိန်တွင် မြည်းစရာအမြည်း မကျန်တော့သဖြင့် သစ်ပင်ပေါ်သို့ မော့ကြည့်ပြန်ရာ ကျီးကန်း၏ ပါးစပ်တွင် ထောပတ်ခဲ ကိုက်ထားသည်ကို တွေ့ကြသည်။

'ဟေ့ ကျီးကန်း၊ မင်းဆီမှာ ဖန်ခွက်ပါသလား'

ကျီးကန်းက ဘာမှမပြောဘဲနေသည်။

'ကျီးကန်း၊ မင်းကော အရက်မသောက်ချင်ဘူးလား'

'သောက်ချင်တာပေါ့'

ထောပတ်ခဲကျလာသည်။ ရှေ့နေနှစ်ယောက် စားလိုက် သောက်လိုက် ကြပြန်သည်။

တတိယပုလင်းကို ဖွင့်ကြပြန်သည်။ မြည်းစရာအမြည်း မရှိတော့သဖြင့် သစ်ပင်ပေါ်သို့ ကြည့်ပြန်ရာ စောစောက ကျီးကန်း ကြက်ကင်တစ်ကောင် ကိုက်ထားသည်ကို တွေ့ရပြန်သည်။

'ဟေ့ ကျီးကန်း၊ မင်းဆီမှာ အရက်ခွက်ပါလား'

ကျီးကန်းက ဘာမှပြန်မပြောဘဲ နေသည်။

ဤတွင် ရွှေနေတစ်ဦးက ၄င်းအဖော်ရွှေနေအား ပြောလိုက်သည်။

'ကျီးကန်းကို သွားမစနဲ့၊ ဒီကောင် တော်တော်မူးနေလောက်ပြီကွ'

'ဘယ်ကလာမူးရမှာလဲ၊ အရက်ဖြင့် ပေးမသောက်ဘဲနဲ့' ဟု ကျီးကန်းက မကျေမနပ် ပြောလိုက်သည်။

•

ငါ့အကြောင်းမေးရင်

မြို့လေးတစ်မြို့တွင် ဖြစ်သည်။ အမျိုးသမီးကြီး တစ်ဦးအား အမှုတစ်မှုတွင် ဂျူရီလူကြီးတာဝန်ထမ်းဆောင်ရန် တရားရုံးက ခေါ်ယူသည်။ ထုံးစံအတိုင်း ရုံးတော်က ၎င်းအား မေးသည်။

'တရားခံရဲ့ရှေ့နေကို သိပါသလား ခင်ဗျာ'

'သိတာပေါ့။ ဒီကောင် နည်းနည်းလေးမှ ကောင်းတဲ့ကောင် မဟုတ်ဘူး'

'ဒါဆို တရားလိုရှေ့နေကြီးကိုကော သိပါသလား'

'သူ့ကိုလဲ သိတာပဲပေါ့။ ဒီကောင်က ပိုတောင်ဆိုးသေး'

ထို့နောက် နှစ်ဖက်စလုံးမှ ရှေ့နေနှစ်ယောက်ကို တရားသူကြီးက ခေါ်၍ သတိပေးလိုက်သည်။

'ခင်ဗျားတို့ နှစ်ယောက်စလုံး ကျွန်တော့်ကို သိလားလို့ အဲဒီ အမျိုးသမီးကြီးကိုမေးရင် ရုံးတော်ကို စော်ကားမှုနဲ့ အရေးယူရလိမ့်မယ် သိလား'

•

## တားတာမရှိလို့

မိန်းမပျိုတစ်ဦး ကန်ထဲ ရေဆင်းကူးရန် ပြင်ဆင်သည်။ ငါးမျှား နေသူက တစ်နေရာမှ လှမ်းကြည့်သည်။ အဝတ်အစားများချွတ်ပြီး ရေထဲဆင်းမည့်ဆဲဆဲ မိန်းမပျိုကို ငါးမျှားသမားက လှမ်းသတိပေး သည်။

'ဒီမှာ ရေမကူးရဘူး၊ ဥပဒေထုတ်ထားတယ်'

'ဒါဖြင့် ကျွန်မ အဝတ်အစားမချွတ်ခင်က ရှင် ဘာဖြစ်လို့ သတိ မပေးတာလဲ'

'အဝတ်အစားချွတ်တာကိုတော့ ဒီမှာ ဥပဒေနဲ့ တားထားတာ မရှိလို့ပါ'

စာသုံးစောင်

ကုမ္ပဏီပိုင်ရှင် အဘိုးကြီးသည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့် သားဖြစ်သူအား စာအိတ်သုံးခုပေး၍ မှာစရာရှိသည်များကို မှာသည်။

'မင်း ကုမ္ပဏီပိုင်ရှင် ဖြစ်လာတဲ့အခါမှာ မင်းကိုယ်တိုင် ဘယ်လိုမှ ဖြေရှင်းလို့မရတဲ့အဆုံး ဒီစာအိတ်တွေကို အမှတ်စဉ်အတိုင်း ဖွင့်ပါ။ စာအိတ်ထဲမှာပါတဲ့ ညွှန်ကြားချက်အတိုင်းလုပ်ပါ' ဟု မှာကြားထားပြီး များမကြာမီ ကွယ်လွန်သွားသည်။

သားလက်ထက် ရောက်သောအခါ ပြဿနာ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ယင်းပြဿနာများကို ၄င်း မဖြေရှင်းနိုင်သည့်အတွက် ပထမစာအိတ်ကို စတင်၍ ဖောက်သည်။

'ဝတ်လုံတော်ရမင်းနဲ့ တိုင်ပင်ပါ' ဟူသော စာကို ဖတ်ရသည်။ ဝတ်လုံတော်ရမင်းအတွက် ပေးရမည့် အမှုတိုင်ပင်ခ လုံလုံလောက်လောက် ရှိနေချိန်ဖြစ်သည်။ ယင်းစာပါအတိုင်း ဆောင်ရွက်လိုက်သည်။

များမကြာမီ ဒုတိယစာအိတ်ကို ထပ်ဖောက်ရမည့် အခြေအနေသို့ ရောက်သည်။ ဒုတိယစာတွင်-

'တရားရုံးချုပ်ရှေ့နေနဲ့ တိုင်ပင်ပါ' ဟု ပါသည်။ တရားရုံးချုပ်ရှေ့နေအတွက် ပေးရမည့် အမှုတိုင်ပင်ခ ရှိနေချိန်ဖြစ်၍ ယင်းစာပါအတိုင်း ဆောင်ရွက်သည်။

မကြာမီ တတိယစာအိတ် ထပ်ဖောက်ရမည့် အခြေအနေ ဖြစ်လာသည်။ စာအိတ်ကို ဖောက်ကြည့်ရာ-

'အထက်တန်းရွှေနေနဲ့ တိုင်ပင်ပါ' ဟု ပါရှိသည်။ အထက်တန်း ရွှေနေအတွက် ပေးရမည့် အမှုတိုင်ပင်ခ လက်ကျန်ရှိသေးသည်ဖြစ်၍ ယင်းစာပါအတိုင်း ဆောင်ရွက်လိုက်သည်။

## မနေပါ

မော်စကိုမြို့၏ ရဲစခန်းတစ်ခုတွင်ဖြစ်သည်။ အခန်းထဲသို့ ဒုရဲအုပ် ဝင်လာသည်။ လူတစ်ယောက်ကို ရဲသားများ ရိုက်စစ်နေသည်ကို တွေ့သည်။

'ဒီလူ့ကို ဘာဖြစ်လို့ ရိုက်နေတာလဲ'

'သူ ဘယ်မှာနေသလဲဆိုတာကို ကျွန်တော်တို့မေးတယ်၊ သူက ဖြေတယ်။ သူပြောတဲ့ လိပ်စာအတိုင်း သွားကြည့်တယ်။ အဲဒီမှာ သူမနေတဲ့အကြောင်း ဘေးခန်းကလူကပြောတယ်၊ ဒါကြောင့် နောက်ကို မလိမ်ရဲအောင် ဆုံးမနေတာပါ'

ရဲသားများက ပြန်ဖြေသည်။

'အေး အေး၊ ဒီလိုဆိုရင် ဆက်ပြီး ဆုံးမလိုက်ကြ'

ဤသို့ပြောပြီး ဒုရဲအုပ်ထွက်သွားသည်။

မကြာမီ ရဲအုပ်တစ်ယောက် ထပ်ရောက်လာသည်။ စောစောက ဒုရဲအုပ်ကဲ့သို့ပင် မေးသည်။ ရဲသားများမှလည်း စောစောကအတိုင်း ဖြေသည်။

'အေး အေး၊ ဒီလိုဆိုရင် ဆက်ဆုံးမလိုက်ကြ' ဟုပြောပြီး ပြန်ထွက်သွားသည်။

မကြာမီ ရဲမှူးကြီးရောက်လာသည်။ ယခင်အတိုင်းမေး၍ ရဲသားများကလည်း ယခင်အတိုင်းဖြေသည်။

'ဒီလောက်ဆို တော်လောက်ပြီ၊ သူ့ကို ပြန်လွှတ်လိုက်၊ တော်တော်ကြာ အသက်ပါ ပါသွားနေဦးမယ်'

အရိုက်ခံရသည့်သူသည် ဒဏ်ရာဒဏ်ချက်များဖြင့် ၎င်းအိမ်သို့ ပြန်လာသည်။ အခန်းကို သော့ဖွင့်စဉ် ဘေးအခန်းမှလူ ထွက်လာပြီး ဤသို့ပြောသည်။

'ဟော့ကောင် နီလိုင်၊ မင်း ငါ့ကို အရက်ကောင်းကောင်း တိုက်ရမယ်။ ရဲသားတွေ လာမေးပြီး မင်းကိုလာရှာတိုင်း မင်း ဒီမှာမနေပါဘူးလို့ ငါပြောပေးနေရတယ်'

## တက္ကစီသမား၏ ရှုထောင့်

တက္ကစီကားကို အဝတ်အစား ဗလာကျင်းလျက်ရှိသော ကိုယ်လုံးတီး အမျိုးသမီးတစ်ဦးက တားစီးသည်။ ကားနောက်ခန်းပေါ် လိုက်ပါလာသော အဆိုပါအမျိုးသမီးအား တက္ကစီသမားက နောက်ခန်းသို့ တစ်ချိန်လုံး လှည့်လှည့်ကြည့်သည်။

'ရှင် ရှေ့ဘက်က ကားလမ်းကိုကြည့်ပြီးမောင်းပါ။ ကျွန်မ အဝတ်အစား မပါတာကို ရှင်ကောင်းကောင်းကြည့်ချင်နေတယ်ပေါ့လေ'

'မဟုတ်ရပါဘူးဗျာ၊ တက္ကစီဖိုးကို ခင်ဗျား ဘယ်ကနေဘယ်လို ထုတ်ပေးမယ်ဆိုတာကို သိချင်နေလို့ပါ'

သေလို့မဖြစ်သေးဘူး

ဟိုတယ်တစ်ခု၏ အပေါ်ဆုံးထပ်ပြတင်းပေါက်မှ လူတစ်ယောက် အောက်သို့ခုန်ချ၍ မိမိကိုယ်ကို အဆုံးစီရင်ရန် ပြုလုပ်နေစဉ် ရဲတပ်ဖွဲ့ဝင်များ ၎င်း၏ဇနီးကို ရှာဖွေ၍ ထိုသူရှိရာသို့ အမြန်ဆုံး ခေါ်ဆောင်သွားကြသည်။

ထိုနေရာသို့ ဇနီး ရောက်သွားသောအခါ ဇနီးသည်က ဖျောင်းဖျောင်းဖျဖျ တောင်းတောင်းပန်ပန် ပြောဆိုသည်။

'ရှင် အသက်ရှင်နေဖို့ ကျွန်မအတွက် အများကြီး လိုအပ်နေပါသေးတယ်။ ကျွန်မတို့ ကားဖိုးလဲ မပေးရသေးဘူး၊ တီဗွီအတွက်လဲ မပေးရသေးဘူး၊ ပြီးတော့ ရေခဲသေတ္တာအတွက်လဲ ပေးစရာက ရှိနေသေးတယ်လေ'

သက်သေ

လူတစ်ဦး မိတ်ဆွေရှေ့နေထံ ရောက်ရှိလာပြီး အကူအညီ တောင်းသည်။

'ငါ ခရီးသွားစရာရှိလို့ မင်းဆီမှာ ကိုယ့်ရဲ့ ငွေ ၁၀၀၀၀ဝိ/- အပ်ထားခဲ့ချင်တယ်၊ အိမ်မှာထားရင် မိန်းမက အကုန်သုံးလိုက်မှာ စိုးလို့'

'ရပါတယ်၊ မင်း စိတ်အေးရအောင် သက်သေနှစ်ဦးရဲ့ရှေ့မှာ မီးခံသေတ္တာထဲ ထည့်လိုက်မယ်'

သက်သေနှစ်ယောက် ရောက်လာသည်။ ယင်း သက်သေများ ရှေ့တွင်ပင် ငွေ ၁၀၀၀၀ဝိ/-ကို မီးခံသေတ္တာထဲ ထည့်လိုက်သည်။

နောက်တစ်လကြာသောအခါ ခရီးသွားရာမှ ပြန်ရောက်လာ သူက သူငယ်ချင်းရှေ့နေ ရုံးခန်းရှိရာသို့ ရောက်လာသည်။

'သူငယ်ချင်း၊ ငါအပ်ထားတဲ့ငွေကို ပြန်ယူတော့မယ်'

'ဘာငွေလဲ၊ ဘာပိုက်ဆံလဲ၊ ဘယ်တုန်းက အပ်ထားလို့လဲ၊ မသိဘူး'

'မင်း မေ့သွားပြီလား၊ သက်သေနှစ်ဦးရှေ့မှာ ငါ့ရဲ့ငွေ ၁၀၀၀၀ဝိ/- ကို မီးခံသေတ္တာထဲ မင်းထည့်ခဲ့တယ်လေကွာ'

'မဟုတ်တာကွာ၊ ကဲ ကဲ၊ အဲဒီသက်သေနှစ်ဦးဆိုတာကို ငါခေါ် လိုက်မယ်'

သက်သေနှစ်ဦး ရောက်လာသည်။ ၎င်း သက်သေနှစ်ဦးက မည်သည့်ငွေ၊ မည်သည့်ပိုက်ဆံမှ မမြင်ခဲ့ရကြောင်း၊ မီးခံသေတ္တာထဲ ထည့်သည်ကိုလည်း မမြင်ခဲ့ရကြောင်း အခိုင်အမာ ပြောဆိုကြသည်။

သက်သေနှစ်ဦး ထွက်သွားသောအခါ ပိုက်ဆံအပ်ခဲ့သူက စိတ်ဆိုးစွာပြောသည်။

'ဒါဆိုပြီးရော၊ ငါ့ပိုက်ဆံကို ပြန်မပေးတဲ့နောက်တော့ မင်းကို သူငယ်ချင်းအဖြစ်က စွန့်လွှတ်ရုံပေါ့'

'စိတ်မဆိုးပါနဲ့ကွာ၊ ရော့ မင်းငွေ၊ ငါ လက်ဖျားနဲ့တောင် မတို့ဘူး၊ ရေတွက်ကြည့်ဦး'

'ဟော၊ ဒါဖြင့်ရင် စောစောက ဘာဖြစ်လို့ ငါ့ကို အကြောင်ရိုက်ရ တာလဲ'

'ဘယ်လိုသက်သေတွေနဲ့ ငါ အလုပ်လုပ်နေရတယ်ဆိုတာ မင်း သိစေချင်လို့ပါကွာ'

နောက်ကျသွားပြီ

လူရွယ်တစ်ဦး စာအုပ်ဆိုင်သို့ ရောက်ရှိလာပြီး ရာဇသတ်ကြီး ဥပဒေစာအုပ် လိုချင်ကြောင်း ပြောသည်။

အရောင်းစာရေးမက ထိုစာအုပ် ကုန်သွားပြီဖြစ်ကြောင်း၊ ရက်ပိုင်းအတွင်း ထပ်ရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ ရောက်ရောက်ချင်း အကြောင်းကြားမည်ဖြစ်ကြောင်း ပြောသည်။

နောက်တစ်ရက်အကြာတွင် ဆိုင်မှ စာရေးမက လူရွယ်အိမ်သို့ ဖုန်းဆက် အကြောင်းကြားသည်။ လူရွယ်၏ဇနီး တယ်လီဖုန်း လာကိုင်သည်။

'ကျွန်မ စာအုပ်ဆိုင်ကပါ။ ရာဇသတ်ကြီးစာအုပ် ဆိုင်မှာ ရောက်နေတဲ့အကြောင်း ပြောမလို့ပါ'

'ရှင် နောက်ကျသွားပြီ။ မနေ့မနက်ကပဲ သူ့ကို လာဖမ်းသွားကြပြီလေ'

အလေ့အကျင့်

သန်းကြွယ်သူဌေးနှစ်ဦး မြေအောက်ရထား အတူစီးလာကြသည်။ ရထားမှာ ခရီးသည်များနှင့် မြွတ်သိပ်၍နေသည်။

ခါးပိုက်နှိုက်တစ်ဦးသည် သန်းကြွယ်သူဌေးတစ်ဦး အနားသို့ ကပ်လာကာ သူဌေး၏အိတ်ထဲမှ ပိုးပဝါကို တဖြည်းဖြည်း ဆွဲထုတ်လျက်ရှိသည်။

ဤသည်ကို အတူပါလာသော အခြား သန်းကြွယ်သူဌေးက မြင်သဖြင့် အနားကပ်ကာ မိတ်ဆွေသူဌေးလေးကို တိုးတိုးလေး သတိပေးသည်။ ထိုအခါ အနှိုက်ခံနေရသော သန်းကြွယ်သူဌေးက သတိပေးသောသူဌေးကို ယခုကဲ့သို့ ပြောသည်။

'သူလုပ်နေတဲ့အလုပ်ကို သွားမနှောင့်ယှက်ပါနဲ့၊ တို့လဲ ဒီလို တန်ဖိုးနည်းတဲ့ ပစ္စည်းတွေကစပြီး အလေ့အကျင့် လုပ်ခဲ့ရတာပဲ မဟုတ်လား'

အမေကိုမှား အားကိုးရင်

ဖခင်ဖြစ်သူ နယ်သို့ ခရီးသွားနေခိုက်ဖြစ်သည်။ အမေဖြစ်သူ ညဉ့်နက်မှ အိမ်သို့ပြန်ရောက်လာသည်။ တစ်ကိုယ်လုံး အဝတ်အစား သစ်သစ်လွင်လွင်နှင့်ဖြစ်သည်။ ကလေးများက ဝမ်းသာကြည်နူးအားရ ဆီးကြိုပြောသည်။

'မေမေ ဒီနေ့ အရမ်းလှတာပဲ၊ အင်္ကျီအဝတ်အစားတွေကလည်း အပ်ျစား၊ နားကပ်ကလဲ အကောင်းစား၊ ဘာလဲ ဖေဖေ ဝယ်ပေးတာ လားဟင်'

ကိုယ်လုံးပေါ် မှန်ရှေ့တွင် မိမိကိုယ်ကို အရသာခံကြည့်နေရင်းက အမေက ပြန်ပြောသည်။

'မင်းတို့အဖေ ဝယ်ပေးတယ်၊ ဟုတ်လား။ အဟင်း၊ မင်းတို့အဖေ ကိုမှား အားကိုးရင် မင်းတို့တောင် လူ့ပြည်ထဲ ရောက်လာကြမှာ မဟုတ်ဘူး'

## တရားခံအစစ်

လင်မယားနှစ်ယောက်နှင့် ချောမောလှပသော အမျိုးသမီးငယ်တစ်ဦး ဓာတ်လှေကား အတူစီးလာကြသည်။ လှပသော အမျိုးသမီးငယ်ကို ယောက်ျားကြီးက ငေးလျက်ရှိနေရာ မမျှော်လင့်ဘဲ အမျိုးသမီးငယ်တုန်ခါသွားသည်။ ရုတ်ချည်းဆိုသလို အမျိုးသမီးငယ်သည် ရှေ့သို့ခြေတစ်လှမ်းတိုးကာ နောက်သို့ပြန်လှည့်ပြီး ယောက်ျားကြီး၏ပါးကို ရိုက်ချလိုက်သည်။

'သူများသားသမီးကို ဖင်ဆိတ်ချင်ဦး'

ထို့နောက် စတုတ္ထအထပ် အရောက်တွင် အမျိုးသမီးငယ်ထွက်သွားသည်။ ဓာတ်လှေကား ဆက်လက်၍ မောင်းတက်လာစဉ်ယောက်ျားကြီးက ၎င်းပါးကိုပွတ်ရင်း-

'ဒီလို ငါမလုပ်ရပါဘူးကွာ၊ မင်း ယုံပါ' ဟု ၎င်း၏ဇနီးကိုပြောသည်။ ထိုအခါ ၎င်း၏ဇနီးက ဤသို့ပြောသည်။

'ရှင် မဆိတ်ဘူးဆိုတာ ကျွန်မ အသိဆုံးပါတော်'

ရှေ့နေဆိုတာ

ငွေကြေးအမြောက်အမြား စုမိနေသော လူတစ်ဦးသည် မိမိ သေဆုံးချိန်တွင် အဆိုပါငွေများကို မိမိနှင့်အတူ တစ်ပါးတည်းယူသွား လိုသောဆန္ဒ ပြင်းပြလျက်ရှိရာ ရှေ့နေတစ်ဦးနှင့် တိုင်ပင်လေသည်။

အမျိုးသား။ ကျွန်တော် တိုင်ပင်စရာရှိတယ်။
ရှေ့နေ။ မိတ်ဆွေတွေပဲဗျာ၊ ပွင့်ပွင့်လင်းလင်းပြောပါ။
အမျိုးသား။ ကျွန်တော့်မှာ ငွေအတော်များများ စုမိထားတယ်။
ရှေ့နေ။ ကောင်းတာပေါ့ဗျာ။
အမျိုးသား။ ဒါပေမယ့် အဲဒီငွေတွေကို ကျွန်တော်ကွယ်လွန်တဲ့အခါ တစ်ပါတည်း ယူသွားချင်ပါတယ်။
ရှေ့နေ။ ဩော်၊ အဲဒီတော့ ကျွန်တော်က ဘာဆောင်ရွက်ပေးရ မလဲ။
အမျိုးသား။ အကြံဉာဏ်ပေးပါ၊ တစ်ခါတည်း ယူဆောင်သွားနိုင် အောင် ဘယ်လိုလုပ်သင့်သလဲလို့။
ရှေ့နေ။ အင်း၊ ဒီလိုလုပ်ဗျာ၊ ခင်ဗျားငွေတွေ ကျွန်တော့်ကို ပေးလိုက်၊ ကျွန်တော် ဘဏ်မှာသွားအပ်လိုက်မယ်။ ဘဏ်က လက်ခံဖြတ်ပိုင်း ခင်ဗျားကိုပေးလိုက်ရင် အဲဒီဖြတ်ပိုင်းကိုင်ပြီးသေရင် တစ်ခါတည်းပါသွားတာ ပေါ့။
အမျိုးသား။ ဗျာ။

ငြော် ... ရှေ့နေ

လန်ဒန်မြို့၌ လူနှစ်ဦးက မော်တော်ယာဉ်တစ်စီးကို သူပိုင်သည်၊ ငါပိုင်သည်ဟုဆိုကာ ရှေ့နေတစ်ဦးထံတွင် အဆုံးအဖြတ် ခံယူရန် ရောက်လာသည်။

ရှေ့နေ။ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောပါဦး။

ပထမလူ။ ဒီကားက ကျွန်တော့်ကားပါ။ အင်ဂျင်အသစ်လဲထားတာ ရက်ပိုင်းပဲရှိသေးတယ်။ အဲဒါ ဒီလူက သူ့ကားလို့ ပြောနေတယ်။

ရှေ့နေ။ ဟုတ်လား၊ ကဲ၊ ခင်ဗျားကား ဟုတ်ရဲ့လား။

ဒုတိယလူ။ ကျွန်တော့်ကားပါဗျာ၊ ဓာတ်ဆီဆိုင်မှာ ဆီအပြည့်ဖြည့်ပြီး ရပ်ထားတဲ့ကားပါ။ မယုံရင် ဆီတိုင်ကီကြည့်လိုက်ပါ။ ဆီအပြည့်ရှိနေပါတယ်။

ရှေ့နေ။ ကဲ၊ ဒါဆိုရင် ဒီလိုလုပ်ပါ။ ကျွန်တော် မန်ချက်စတာမြို့ကိုသွားပြီး အမှုလိုက်စရာရှိတယ်။ ဒီကားကို မောင်းသွားမယ်၊ ခင်ဗျားတို့ပြောသလို ဟုတ်မဟုတ် သိရအောင်လို့ပါ။

နှစ်ဦးစလုံး။ ရပါတယ်။

ထို့နောက် ကားမောင်းသွားလေသည်။ အမှုလိုက်ပြီး နောက်တစ်နေ့ ပြန်ရောက်လာခဲ့သည်။

ရှေ့နေ။ ခင်ဗျားတို့ပြောသလို အင်ဂျင်လည်းကောင်းတယ်၊ ဓာတ်ဆီလည်း အပြည့်ရှိတာမှန်တယ်။ ဒါကြောင့် ကျွန်တော် တရားသူကြီးဆီ တင်ပေးမယ်။

နှစ်ဦးစလုံး။ ဗျာ။

ဒါကြောင့်ကိုး …

အမှုဆိုင်နေရသော ရွာသားတစ်ဦး ရှေ့နေတစ်ဦးထံ ရောက်ရှိလာခဲ့သည်။

ရွာသား။ ကျွန်တော် အမှုအပ်ချင်လို့ပါ။
ရှေ့နေ။ ရပါတယ်၊ ဘာအမှုဖြစ်လို့လဲ။
ရွာသား။ အမွေကိစ္စနဲ့ ပတ်သက်ပြီးဖြစ်တဲ့ အမှုပါပဲ။
ရှေ့နေ။ ဪ ဟုတ်လား၊ အမှုဖြစ်တာ ကြာပြီလား။
ရွာသား။ သုံးလလောက် ရှိနေပါပြီ။
ရှေ့နေ။ ဒါထက် ကျွန်တော့်ကို ရှေ့နေငှားဖို့ ဘယ်သူက ညွှန်လိုက်တာလဲ။
ရွာသား။ ဒီမြို့ကလူတွေ အတော်များများပဲ။ ဒီကိုမလာခင် မြို့ထဲလိုက်ပြီး စုံစမ်းကြည့်တော့ လူတွေက ဆရာ့ဆီ ညွှန်းလိုက်လို့ပါ။
ရှေ့နေ။ သူတို့က ကျွန်တော်အမှုလိုက်တဲ့နေရာမှာ ကျွမ်းကျင်ကြောင်း ပြောလိုက်ပြီထင်တယ်။
ရွာသား။ သူတို့ကပြောတယ်၊ ခင်ဗျားအမှုက ရှုတ်ထွေးတယ်တဲ့၊ အဲဒီတော့ ခပ်ကြောင်ကြောင် ရှေ့နေနဲ့မှ ဖြစ်မှာမို့လို့ ပြောပြီး ဆရာ့ဆီ လွှတ်လိုက်တာပဲ။
ရှေ့နေ။ ခင်ဗျာ၊